# အခန်း(၅၀၇) - အိမ်မက် မက်နေတာ ရပ်လိုက်တော့။

စနေနေ့မနက်တွင် လင်းဟွမ်က ပထမဦးဆုံး သွားရောက်မည့်နေရာကို ဆုံးဖြတ်လိုက်သည်။

ဒါသည် တပ်မှူးအဆင့် မွန်းစတားဆယ်ကောင်သို့မဟုတ် အနည်းဆုံး အကြီးအကဲအဆင့် မွန်းစတားသုံးကောင်ထက်ပိုများသော အန္တရာယ်ဇုန် တစ်ခုပင် ။ ထိုမျှ အန္တရာယ်များသော နေရာကို ထိပ်တန်းအဆင့် လူများသာ ဝင်ရောက်ရဲကြသည်။

အဖွဲ့ခွဲ (၇) တွင် အန္တရာယ်ဇုန် စုစုပေါင်း (၂၈) ခု ရှိသည်။ ဤတစ်ကြိမ်တွင် လင်းဟွမ်၏ပစ်မှတ်မှာ အင်မော်တယ်အဆင့် မွန်းစတား တစ်ကောင်ဖြစ်ပြီး ထိုဇုန်ထဲတွင် ရှိနေသည်။

"ရှောင်ဖိန်၊ အဆင့်လေးခုကျော် သတ်ရင် ကံစမ်းမဲကတ် ဆယ်ကတ်ထက် ပိုရတယ် မဟုတ်လား"

သွားနေသော လမ်းခရီး၌ လင်းဟွမ်က ပြုံးပြီး မေးလိုက်ရာ

“အဆင့်ခြောက်ဆင့် ကျော်သတ်ရင် ကံစမ်းမဲကတ် (၁၅) ကတ်”

“အဆင့်ခုနစ်ဆင့် ကျော်သတ်ရင် ကံစမ်းမဲကတ် (၂၀) ကတ်”

“အဆင့်ရှစ်ဆင့် ကျော်သတ်ရင် ကံစမ်းမဲကတ် (၂၅) ကတ်”

“အဆင့်ကိုးဆင့် ကျော်သတ်ရင် ကံစမ်းမဲကတ် (၃၀) ကတ်”

"အဆင့်ဆယ်ဆင့် ကျော်သတ်ရင် ကံစမ်းမဲကတ် (၄၀) ကတ်"

"အဆင့်တစ်ခုစီတိုင်း မင်းက ကျော်ပြီး သတ်ဖြတ်ရင် ကံစမ်းမဲကတ် (၁၀) ကတ်ရမယ်"

"အခုလက်ရှိ ငါက အဖြူရောင်မီးလျှံအဆင့် ရောက်နေပြီ။ ယာယီ အသွင်ပြောင်းကတ် အသုံးပြုပြီး ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်မယ်ဆိုရင် အင်မော်တယ်အဆင့် (၂) အထိ ရောက်နိုင်တယ်။ ဒါဆိုရင် အင်မော်တယ်အဆင့် (၇)က မွန်းစတားတစ်ကောင်ကို သတ်ဖို့

မခက်ခဲဘူး။ ဒါက အင်မော်တယ်အဆင့် (၇) ဆိုတော့ အဆင့် (၁၁) ဆင့် ကျော်သတ်တယ်ဆိုရင် ငါက ကံစမ်းမဲ ကတ် (၅၀) ရမယ်။ နှစ်ဆကတ်ကို သုံးမယ်ဆို ကံစမ်းမဲကတ် တစ်ရာ။ ဆယ်ကြိမ်သတ်ရင် ကံစမ်းမဲကတ် တစ်ထောင်ပေါ့”

လင်းဟွမ်သည် မိုးကြိုး၏ နောက်ကျောပေါ်တွင် ထိုင်စီးရင်း အရူးတစ်ယောက်ကဲ့သို့ တပြုံးပြုံး လုပ်နေသည်။

“မင်း အတွေး လွန်နေပြီ။ အဆင့်ကျော်သတ်ဖြတ်မှုက အခုလက်ရှိ

မင်းရောက်နေတဲ့ တိုက်ခိုက်ရေး အဆင့်ပေါ်မှာ မူတည်တယ်။ မင်းက ယာယီတိုက်ခိုက်ရေး အဆင့်မြင့်ကတ်ကို အသုံးပြုရင် တွက်ချက်မှုကလည်း မင်း အဆင့်မြင့်ထားတဲ့ တိုက်ခိုက်ရေး အဆင့်ကနေပဲ စတင်ပြီး တွက်ချက်မယ်။ ဒါက အဖြူရောင် မီးလျှံအဆင့်ကနေ အင်မော်တယ်အဆင့် (၁) ကို သတ်တာနဲ့ မတူဘူး။ အဆင့်ကျော် သတ်ဖြတ်မှုတွေ ပိုရနိုင်ဖို့အတွက် မင်းရဲ့ တိုက်ခိုက်ရေးအစွမ်းကို ဘယ်လို မြှင့်တင်ရမလဲဆိုတာပဲ စဉ်းစား”

“ဒါပဲလား။ စိတ်ပျက်စရာ ကောင်းလိုက်တာ”

လင်းဟွမ်သည် များပြားသော ကတ်များကို ရရှိရန် စိတ်ကူးယဥ်နေသော်လည်း အိမ်မက်မှာ ပျက်ဆီးသွားခဲ့ပြီ။

"အိမ်မက် မက်နေတာ ရပ်လိုက်တော့။ ကျေးဇူးတင်တယ်"

"ဒီလိုဆိုရင် အင်မော်တယ်အဆင့် (၂) ကို သတ်ဖို့အတွက် ငါက မိစ္ဆာတွေကို အကူအညီ တောင်းရမယ်။ ကံဆိုးတာပဲ မိစ္ဆာတွေရဲ့ စွမ်းရည်တွေကလည်း အကန့်အသတ် ရှိနေတယ်။ ငါက အင်ပေါ်တယ်အဆင့် (၃) မွန်းစတားနဲ့

တိုက်ခိုက်မယ်ဆိုရင် သူတို့က အများကြီး မလုပ်နိုင်တော့ဘူး။ ကံစမ်းပြီး အဲ့ဒီမွန်းစတားတွေကို သတ်နိုင်မလားဆိုတာ ကြိုးစား ကြည့်ရတော့မှာပဲ”

“ဒါဆိုလည်း နောက်တစ်ကြိမ် ပြန်တွက်မယ်ကွာ။ အင်မော်တယ် အဆင့် (၃) မွန်းစတားကို သတ်မယ်ဆိုရင် အဆင့်ခြောက်ဆင့် ကျော်သတ်တယ်လို့ ယူဆလို့ရတယ်။ ကံစမ်းမဲကတ် (၁၅) ကတ်ရမယ်။ နှစ်ဆကတ်သုံးရင် ကတ် (၃၀) ရမယ်။ ဆယ်ကောင်သတ်မယ်ဆို ကတ် (၃၀၀)

ရမယ်။ ဒါက အဆင့်လေးဆင့် ကျော်ပြီး သတ်ဖြတ်တာထက် ကတ် (၁၀၀) ပိုများတယ်”

လင်းဟွမ်သည် ကတ်ရနိုင်မည့် နောက်ထပ် နည်းလမ်းတစ်မျိုးကို တွက်ချက် နေပြန်သည်။ မွန်းစတား စွမ်းရည်အသစ်ကို မရယူခင်ကပင် အင်ပေါ်တယ်အဆင့် (၁) မွန်းစတား တစ်ကောင်ကို အဆင့်ကျော်ပြီး သတ်ဖြတ်နိုင်နေပြီ ဖြစ်သည်။ ယခုတွင်မူ အဆင့်မြင့် စွမ်းရည်ရှိသည့် မွန်းစတား စွမ်းရည် ငါးခု ထပ်ရထားသဖြင့် မိစ္ဆာသုံးကောင်၏ အကူအညီနှင့် ဆိုပါက အင်ပေါ်တယ်အဆင့် (၂)

မွန်းစတားတစ်ကောင်ကို သတ်ဖြတ်ရန် ခက်ခဲလိမ့်မည် မဟုတ်ဟု ထင်နေသည်။

သို့သော်လည်း လင်းဟွမ်သည် အမဲလိုက်မှု မစတင်ခင် ပြင်းထန်အဆင့် အန္တရာယ်ဇုန်ကို စူးစမ်းလေ့လာ ချင်သည်။ အကြီးအကဲအဆင့် မွန်းစတား တစ်ကောင်ချင်းစီ၏ တည်နေရာ အတိအကျနှင့် စွမ်းရည်များကို အတိအကျ သိချင်နေသည်။

မှောင်ခိုဈေးထဲတွင် ပမာဏ အချက်အလက် များစွာ ရှိသော်လည်း ထိုအချက်အလက်များမှာ

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖြစ်နေသည်။ အချို့အချက်အလက်များကမူ နှစ်ပေါင်း (၂၀) ကျော်ကြာမြင့်ခဲ့ပြီး အချို့ကမူ မနှစ် တစ်နှစ်ကမှ ပြန်လည် ဆန်းသစ်ထားခြင်းပင် ။ သို့သော်လည်း ပြင်းထန်အဆင့် အန္တရာယ်ဖုံ (၂၈) ခု ရှိနေပြီး နှစ်စဉ်နှစ်တိုင်း လူတိုင်း မဝင်ရောက်နိုင်ပေ။

နှစ် (၂၀) ကျော် ကြာပြီးနောက် မွန်းစတားများသည် အဆင့်တက်ခြင်း၊ အသတ်ခံရခြင်း သို့မဟုတ် နေရာရွှေ့ပြောင်းသွားခြင်း ဖြစ်နိုင်သည်။ ထိုအချက်အလက်များကို အတည်

ပြုချင်သောကြောင့် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို နောက်ထပ် နေရာတစ်ခုနှင့် ချိတ်ဆက်လိုက်သည်။

တစ်နာရီခွဲခန့် ကြာပြီးသောအခါ မိုးကြိုးသည် လင်းပွှမ်ကို ပထမဦးဆုံး ဦးတည်ရာဖြစ်သော နတ်ဆိုးကြီးကျွန်းသို့ ခေါ်ဆောင် လာသည်။ လွန်ခဲ့သော တစ်နှစ်က မုဆိုးအကဲဖြတ်မှု ပြုလုပ်ခဲ့သော နတ်ဆိုးလေးကျွန်းနှင့် နာမည်ချင်း ဆင်တူသည်။ ကျွန်းတစ်ကျွန်းက အဖွဲ့ခွဲ (၇) ၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး

နောက်တစ်ကျွန်းကမူ အရှေ့တောင်ဘက်တွင် တည်ရှိသောကြောင့် ပတ်သက်မှု မရှိပေ။

ကျွန်းနှစ်ကျွန်းလုံးသည် နတ်ဆိုးတစ်ကောင်၏ မျက်နှာပုံစံ ရှိနေကြသောကြောင့် နာမည်ချင်း ဆင်တူနေကြခြင်းပင်။ ပိုကြီးသည့်ကျွန်းကို နတ်ဆိုးကြီးကျွန်းဟု နာမည်ပေးထားပြီး သေးငယ်သည့် ကျွန်းကိုမူ နတ်ဆိုးလေးကျွန်းဟု နာမည် ပေးထားခြင်းသာ ... ။

သို့သော်လည်း ကျွန်းနှစ်ကျွန်းလုံးပေါ်တွင် နတ်ဆိုးများ၊ မသေနိုင်သော သက်ရှိများ

ဝိညာဉ်အမျိုးအစား မွန်းစတားများ တည်ရှိကြပြီး တူညီသော ဂေဟာစနစ် ရှိသည်။

နတ်ဆိုးကျွန်းကြီးသည် အဆင့်လေး တောရိုင်းဇုန်သာ ဖြစ်သော နတ်ဆိုးလေးကျွန်း မယှဉ်နိုင်သည့် ပြင်းထန်အဆင့် အန္တရာယ်ဇုန် တစ်ခုဖြစ်သည်။

လင်းဟွမ် ရရှိထားသော အချက်အလက်များအရ အကြီးအမှူးအဆင့် မွန်းစတား ခြောက်ကောင်၊ အင်မော်တယ်အဆင့် (၂) မွန်းစတား နှစ်ကောင်၊ အင်မော်တယ် အဆင့် (၄) မွန်းစတား တစ်ကောင်၊

အင်မော်တယ်အဆင့် (၅) မွန်းစတား နှစ်ကောင်နှင့် အင်မော်တယ်အဆင့် (၇) မွန်းစတား တစ်ကောင် ရှိသည်။ ကျွန်းပေါ်တွင် ရာနှင့်ချီသော တပ်မှူးအဆင့် မွန်းစတားများလည်း ရှိသည်။ သို့သော်လည်း ထိုအချက်အလက်များသည် လွန်ခဲ့သော (၁၁) နှစ်က အချက်အလက်များပင် ။

အစပိုင်းတွင် လင်းဟွမ်သည် အင်မော်တယ်အဆင့် (၇) မွန်းစတားကို ပစ်မှတ် ထားခဲ့သော်လည်း ရှောင်ဖိန်ထံမှ ရရှိနိုင်သည့် အဆင့်ကျော် သတ်ဖြတ်ခြင်း ဆုများအကြောင်းကို ကြားပြီးနောက်

ပစ်မှတ်ကို အင်မော်တယ်အဆင့် (၂) မွန်းစတားများကို ပြောင်းလဲလိုက်သည်။

မနက်ကိုးနာရီ မတိုင်ခင် မိုးကြိုးသိမ်းဌက်သည် ကျွန်းအစပ်ရှိ ကမ်းခြေတစ်ခုတွင် ဆင်းသက် လိုက်သည်။

မိုးကြိုး၏ ကျောပေါ်တွင် ထိုင်နေသော လင်းဟွမ်က သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်ပြီး

"သွေးရဲရဲလေး ဒီကျွန်းပေါ်မှာ ရှိတဲ့ အကြီးအမှူးအဆင့် မွန်းစတားတွေက ဘယ်နေရာမှာ

ရှိနေလဲ။ တိုက်ခိုက်ရေးအဆင့်က ဘယ်လောက်လဲ ဆိုတာ စစ်ဆေးပေးပါဦး”

လင်းဟွမ်က သွေးရဲရဲလေးကို ပြောလိုက်သည်။

ခရမ်းရောင် အမှုန်အမွှားများသည် နေရာအနှံ့ ပျံ့လွင့်သွားသည်။ မိနစ် (၂၀) ခန့်ကြာသောအခါ သွေးရဲရဲလေး အသံက လင်းဟွမ်နားထဲ ရောက်လာသည်။

“အကြီးအမှူးအဆင့် မွန်းစတား သုံးကောင် တွေ့တယ်၊ အင်မော်တယ် အဆင့် (၂) တစ်ကောင်၊ အင်မော်တယ် အဆင့် (၃) တစ်ကောင်နှင့်

အင်မော်တယ် အဆင့် (၄) တစ်ကောင်ပဲ ရှိတယ်။ သူတို့အားလုံးက ပြန့်ကျဲနေတယ်”

သွေးရဲရဲလေးက လင်းဟွမ်၏ မြေပုံပေါ်တွင် အမှတ်အသားများ ပြုလုပ်ပေးရင်း ပြောလိုက်သည်။ အင်မော်တယ် အဆင့် (၂) က အနီရောင်ဖြစ်ပြီး ကျန်သည့်နှစ်ခုက အဖြူရောင်ပင်။

“သုံးကောင်ပဲ ရှိတာလား။ လွန်ခဲ့တဲ့ (၁၁) နှစ်က အချက်အလက်တွေက စိတ်မချရဘူး”

လင်းဟွမ် သက်ပြင်းချရင်း ပြောလိုက်သည်။

“ငါက မျှော့မျိုးစေ့ကို အပြာရောင်မီးလျှံအဆင့် မွန်းစတား တစ်ကောင်ပေါ်မှာ ကပ်ပါး ကူးစပ်ခဲ့တယ်။ သူ့ရဲ့မှတ်ဉာဏ်အရ လွန်ခဲ့တဲ့ (၃) နှစ်မှာ လူတစ်ယောက်က ဒီကျွန်းပေါ်မှာ ရှိတဲ့ အုပ်ချုပ်သူအဆင့် မွန်းစတားတွေကို တိုက်ခိုက်ခဲ့ပြီး အဲ့ဒီလူက အစွမ်းအထက်ဆုံး မွန်းစတား သုံးကောင်ကို သတ်ဖြတ်ခဲ့တယ်”

သွေးရဲရဲလေးက ရှင်းပြလိုက်သည်။

“အဲ့ဒီလိုလား”

လင်းဟွမ်က ခေါင်းညိတ်ပြီး မိုးကြိုး၏ နောက်ကျောကို ပုတ်လိုက်သည်။

"မိုးကြိုး အနီရောင်အမှတ်အသား လုပ်ထားတဲ့ နေရာကို သွားရအောင်"

နာရီဝက် ကြာသောအခါ လင်းဟွမ်သည် အင်မော်တယ်အဆင့် (၂) မွန်းစတား တည်ရှိရာ နေရာနှင့် ကီလိုမီတာ (၅၀) အကွာတွင် ပေါ်လာသည်။ အင်မော်တယ်အဆင့် မွန်းစတားများတွင် သန္ဓေရှင်း မီးလျှံအဆင့် မွန်းစတားများထက် ပိုအားကောင်းသော

အာရုံခံနိုင်စွမ်း ရှိကြသည်။ ကီလိုမီတာ ဆယ်နှင့်ချီ ဝေးကွာသော ရန်သူကိုပင် အာရုံခံနိုင်စွမ်း ရှိ၏။

လင်းဟွမ်သည် ကီလိုမီတာ (၅၀) အတွင်း ဝင်သွားပါက သိသွားနိုင်ခြေ ရှိနေသည်။ အကယ်၍ သူသာ အနည်းငယ် နီးသွားခဲ့လျှင် မွန်းစတားက တိုက်ခိုက်လာနိုင်သည်။

ယခုလက်ရှိ လင်းဟွမ်၏ စိတ်ကူးမှာ တိုက်ခိုက်ရန်မဟုတ်ဘဲ မွန်းစတားများ၏ ကိုသြဒိနိတ်များကို မှတ်သားထားရန်ပင် ။

နှစ်ဆကတ်ကို အသုံးပြုသည့် နေရာတွင် ကန့်သတ်ချက် ရှိသည်။ ကတ်တစ်ကတ်ကို အသုံးပြုတိုင်း အချိန်တစ်နာရီသာ ကြာမြင့်သည်။ တစ်ခုတည်းသော နည်းလမ်းမှာ ဆုနှစ်ဆကတ်ကို အသုံးပြုပြီးသည့်နှင့် အဆင့်ကျော် သတ်ဖြတ်မှု ဆယ်ခုကို တစ်နာရီအတွင်း ပြီးဆုံးအောင် လုပ်ရမည်။

ထို့ကြောင့် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းထဲတွင် ကိုသြဒိနိတ်များကို အရင်ဆုံး မှတ်သားထားရခြင်း ဖြစ်သည်။

လင်းဟွမ်က ပထမဦးဆုံး ပစ်မှတ်ဖြစ်သည့် မွန်းစတားရှိရာ ဘက်သို့ လှည့်ကြည့်ပြီး ပြုံးလိုက်သည်။

“တည်နေရာ အကုန်မှတ်ပြီးမှ မင်းတို့အားလုံးကို သတ်မယ်”

## အခန်း(၅၀၈) - အနက်ရောင် မြွေနဂါး။

အဖွဲ့ခွဲ (၇) တွင် ပြင်းထန်အဆင့် အန္တရာယ်ဇုန်ပေါင်း (၂၈) ခု ရှိသည်။

လင်းဟွမ်သည် ထိုနေရာများထဲမှ နေရာ (၂၃) ခုကို (၃) ရက်အတွင်း သွားရောက်ခဲ့ပြီး အင်မော်တယ်အဆင့် (၂) မွန်းစတား (၁၀) ကောင်၏တည်နေရာကို နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းနှင့် ချိတ်ဆက်ထားခဲ့သည်။ မနှစ်က ပြန်လည်မွမ်းမံ ထားသော အချက်အလက်များနှင့်

လွန်ခဲ့သော (၃)နှစ်က သတင်းအချက်အလက်များသည် တစ်ခုမျှ မတိကျကြောင်း ညွှန်ပြနေသည်။ ထို့ကြောင့် နှစ် (၂၀) ရှိ သက်တမ်းရှိသော အချက်အလက်များသည် လုံး၀ သုံးစားမရ ဖြစ်နေသဖြင့် လင်းဟွမ်သည် မှောင်ခိုဈေးကွက်ထဲတွင် ဈေးနှုန်းမြင့်မားစွာ ပေးခဲ့မိသည့်အတွက် နောင်တ ရနေသည်။

"တောက်စ်….."

စာရွက်ပေါ်တွင် ထင်ရှားစွာ ရေးထားသော နေ့စွဲများအရ လိမ်ညာခဲ့ခြင်း မဟုတ်သော်လည်း မကျေမနပ် ဖြစ်နေဆဲပင်။

"ကျန်နေတဲ့ ကျွန်းတွေကို လက်စသတ်ပြီး အဆင့်ကျော်သတ်ဖြတ်မှု လုပ်ပြီးရင် ဒီသတင်း အချက်အလက်တွေကို ပြန်ရောင်းစားမယ်"

ပြည်ထောင်စု အစိုးရနှင့် မုဆိုး အဖွဲ့အစည်းတို့သည် ပြင်းထန် အဆင့် အန္တရာယ်ဇုန်များကို (၃) နှစ် တစ်ကြိမ် ကွင်းဆင်းစစ်ဆေး ကြသည်။ သို့သော်လည်း

ရလဒ်များကို အများပြည်သူအား ထုတ်ပြန်ကြေညာခြင်း မရှိပေ။ လျှို့ဝှက်ထားပြီး သူတို့နှင့် တရားဝင် ပူးပေါင်းထားသည့် အဖွဲ့များကိုသာ အချက်အလက် သီးသန့် ဖြန့်ဝေပေး၏။

လင်းဟွမ်သည် သန့်ရှင်းမီးလျှံအဆင့် ရောက်လာသည့် အချိန်မှစ၍ အဖွဲ့အစည်းတစ်ခုထဲတွင် ပါဝင်ရခြင်း၏ အရေးကြီးပုံကို သိရှိလာခဲ့သည်။ သူ့ထံတွင် လုံလောက်သော အရည်အချင်း ရှိနေသရွေ့ အရင်းအမြစ်များက လိုသလောက် ရနိုင်ပြီး

အရေးမပါတော့ချေ။ အရေးအကြီးဆုံး အချက်မှာ သတင်းရယူပိုင်ခွင့်ပင်။ ဤကမ္ဘာပေါ်တွင် သတင်းအချက်အလက် အများစုကို အဖွဲ့အစည်းများက ထိန်းချုပ်ထားသည်။

မည်သည့် အဖွဲ့အစည်းနှင့်မှ လက်တွဲပူးပေါင်းထားခြင်း မရှိသော လူများသည် သူတို့၏ငွေများကို မှောင်ခိုဈေးကွက်ထဲတွင် သုံးစွဲကြသော်လည်း အဖွဲ့အစည်းမှ လူများလောက် သတင်းအချက်အလက်များကို အလွယ်တကူ ရရှိနိုင်လိမ့်မည် မဟုတ်ပေ။ ထို့အပြင် သတင်း

အချက်အလက် အချို့သည် ရောင်းဝယ်ဖောက်ကားရန် မသင့်တော်ချေ။

အကယ်၍ လင်းဟွမ်သာ မုဆိုးအဖွဲ့အစည်း၏ အမှုဆောင် အရာရှိများထဲမှတစ်ယောက် ဖြစ်ခဲ့လျှင် ငွေကုန်ကြေးကျမှု မရှိဘဲ ပြင်းထန်အဆင့် အန္တရာယ်ဇုန်၏ သတင်း အချက်အလက်များကို အလွယ်တကူ ရယူနိုင်ပေလိမ့်မည်။

လင်းဟွမ်သည် ပြည်ထောင်စုအစိုးရ နှင့် သူတော်စင်အဖွဲ့တို့ကြားက တိုက်ပွဲ ဖြစ်စဉ်ကို တိတိကျကျ မသိသေးသော်လည်း

မုဆိုးအဖွဲ့အစည်း၏ အမှုဆောင်အရာရှိတစ်ဦး ဖြစ်သည့် ချင်းထိုက်ရှင်းကမူ သတင်း အချက်အလက်များကို အခမဲ့ ရရှိနေခဲ့သည်။

"ဒီကိစ္စကို ကိုင်တွယ်ပြီးမှပဲ သတင်း အချက်အလက်တွေ ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆိုတာ စဉ်းစားတော့မယ်"

လင်းဟွမ်က ခေါင်းခါပြီး အတွေးရှင်းလိုက်သည်။ ထို့နောက် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ပြီး မိစ္ဆာကြီးကျွန်းကို နောက်တစ်ကြိမ် ပြန်သွားလိုက်သည်။

လင်းပွှမ်သည် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို သိမ်းပြီးနောက် ကျွန်းပေါ်တွင် ပျံ့သန်းကာ (၁၀)ကီလိုမီတာ အကွာတွင်ရှိနေသော သူ၏ ပထမဦးဆုံးပစ်မှတ်ကို စိုက်ကြည့်လိုက်သည်။

ဒါသည် သန္ဓေနှစ်ကြိမ်ပြောင်း ဧရာမ မြွေနဂါးကြီးတစ်ကောင်ပင်။ နေရောင်အောက်တွင် အနက်ရောင်ကြေးခွံများ တလက်လက် တောက်ပနေပြီး မီတာ (၂,၀၀၀) ရှည်သော မြွေနဂါးကြီး ဖြစ်သည်။ ရေကန်ကြီး တစ်ခု၏

ဘေးနားတွင် ကြီးမားသော တောင်တန်းကြီး တစ်ခုကဲ့သို့ ရစ်ခွေနေသည်။

လင်းဟွမ်က မြွေနဂါးကြီးကို စိုက်ကြည့်နေစဥ် မြွေနဂါးကြီးက သူ့ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလို ခံစားမိပြီး လင်းဟွမ်ကို သွေးရောင် မျက်လုံး လေးစုံနှင့် လှမ်းကြည့်လိုက်သည်။

“ငါ့ကို မြင်သွားတာလား။ အကဲဆတ်လွန်းတဲ့ အာရုံခံနိုင်စွမ်းပဲ”

လင်းဟွမ်သည် သူ၏ စောင့်ကြည့်မှုက ပေါက်ကြားသွားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သို့သော်လည်း ထိုကိစ္စကို စိတ်ထဲမထားပေ။

"ငါ့ကို တွေ့ပြီ ဆိုမှတော့လည်း သတ်ပစ်ရတော့မှာပေါ့"

လင်းဟွမ်က ရယ်မောလိုက်ပြီး မိစ္ဆာ (၃) ကောင်ကိုဆင့်ခေါ်ကာ ဆုလဒ် နှစ်ဆကတ်ကို အသက်သွင်းလိုက်သည်။

လင်းဟွမ်သည် အရှိန်ကို နှစ်ဆမြှင့်တင်ပြီး မြေနဂါးကြီးထံ ပျံသန်းသွားသည်။ လေထဲတွင်

အဖြူရောင် အလင်းတန်းတစ်ခု ဖျတ်ခနဲ လက်သွားပြီး မကြာခင် မိစ္ဆာကြီးကျွန်း၏ ကောင်းကင်ယံတွင် ပေါက်ကွဲသံ တစ်ခု ကြားလိုက်ရသည်။

တစ်မိနစ်မပြည့်ခင်မှာပင် လင်းဟွမ်သည် ကီလိုမီတာ (၅၀) အကွာအဝေးကို ဖြတ်သန်းပြီး အနက်ရောင် မြွေနဂါးရှေ့သို့ ဖျတ်ခနဲ ရောက်ရှိလာသည်။

လင်းဟွမ်က ရန်လိုသည့် အမူအရာ ရှိနေသဖြင့် မြွေနဂါးကြီးက နှစ်ခါပြန်မစဉ်းစားဘဲ တန်းပြီး

တိုက်ခိုက်လိုက်သည်။ ပါးစပ်ကို အကျယ်ကြီး ဖွင့်ကာ နဂါးမီးတောက်များကဲ့သို့ အနက်ရောင် မီးလျှံများကို မှုတ်ထုတ်လိုက်သည်။

"ဒါက မီးတောက်နက်ပဲ။ ရေနဲ့မီး ဂုဏ်သတ္တိနှစ်မျိုးလုံးပါတဲ့ အဆိပ်ပြင်း တိုက်ခိုက်မှု တစ်ခုပဲ။ အဆိပ်သင့်သွားရင် အင်မော်တယ်အဆင့် လူတစ်ယောက်တောင် အရေခွံကျွတ်ကျပြီး သေသွားနိုင်တယ်"

လင်းဟွမ်၏ အင်္ကျီလက်စအောက်တွင် ပုန်းနေသော သွေးရဲရဲလေးက သတိပေးလိုက်သည်။

"အခု ချက်ချင်း သတ်ပစ်မှရမယ်။ အဆိပ်မီးတောက်တွေ အများကြီး မှုတ်ပြီးသွားရင် ရေအိုင်တစ်ခုလို စုပုံသွားပြီး ရေအိုင်ကြီးနဲ့ တိုက်ခိုက်တဲ့ အဆုံးစွန်ဆုံး အကွက်ကို အသုံးပြုလိမ့်မယ်။ အဆိပ်ရှိတဲ့ မရေမတွက်နိုင်တဲ့ လက်တံတွေ ထွက်လာပြီး ချောင်းမြောင်း တိုက်ခိုက်လာရင် ငါတို့ရဲ့ တိုက်ခိုက်နိုင်တဲ့ အခွင့်အရေး ဆုံးရှုံးသွားလိမ့်မယ်"

လင်းဟွမ်သည် မီးတောက်များကိုလှည့်ပတ် ရှောင်တိမ်းခဲ့သည်။

တိုက်ခိုက်မှုများသည် လင်းဟွမ်ကို မထိမှန်သောအခါ မြေပြင်ပေါ် မိုးရွာသကဲ့သို့ တဖြုတ်ဖြုတ် ပြုတ်ကျပြီး အနက်ရောင် မြစ်တစ်စင်း ဖြစ်ပေါ်လာသည်။

လင်းဟွမ်သည် ထိုဖြစ်စဥ်ကို ကြည့်မြင်လိုက်ပြီးနောက် သွေးရဲရဲလေး၏ ထင်မြင်ချက်က မှန်ကန်ကြောင်း ဝန်ခံလိုက်သည်။

"ကြည့်ရတာတော့ ခက်ပြီ"

လင်းဟွမ်သည် အထွတ်အထိပ် ဓါတ်ကြွင်းကို လက်ထဲ ဆုပ်ကိုင်ထားပြီး ကံကြမ္မာစွမ်းအား

ထည့်သွင်းလိုက်သည်။ ထိုအခါ ခါးဖျားတွင် မှိန်ဖျော့ဖျော့ အဖြူရောင်အလင်း တောက်ပလာသည်။

"ငါကမင်းကို အစွမ်းထက်တဲ့ လူတစ်ယောက်လို့ တွေးထားတာ၊ ဒါပေမယ့် မင်းက အဖြူရောင်မီးလျှံအဆင့်ပဲ ရှိသေးတဲ့ ငချွတ်လေးပဲ"

မြွေနဂါးကြီး၏ မျက်လုံးလေးလုံးက လင်းဟွမ်ကို စိုက်ကြည့်နေရင်း အဖြူရောင် မီးလျှံအဆင့်သာ ရှိသေးကြောင်း သိလိုက်သည်။

"ဟိတ်၊ ငါ့ကိုလျှော့မတွက်နဲ့ မင်း နောင်တရသွားလိမ့်မယ်"

လင်းဟွမ်က စပ်ဖြဲဖြဲ အမူအရာနှင့် ပြုံးပြလိုက်ပြီးသည်နှင့် တပြိုင်နက် သူ့ဘေးနားတွင် မိစ္ဆာသုံးကောင် ပေါ်လာသည်။

"ဒါဆို မင်းကထိန်းချုပ်သူပေါ့။ ငါ့ကို စိန်ခေါ်ဖို့ သတ္တိရှိနေတာ မဆန်းတော့ဘူး"

အနက်ရောင် မြွေနဂါးကြီးက မိစ္ဆာသုံးကောင်ကို ချက်ချင်း သတိထားလိုက်မိသည်။

"ဟွန့် သူတို့က အင်မော်တယ်အဆင့်ဆိုရင် ငါကကြောက်အုံးမယ်။ ရွှေရောင်မီးလျှံအဆင့်လေးတွေလား။ ငါ့အတွက်တော့ စားစရာလေးတွေပဲ"

ထို့နောက် အနက်ရောင်မြွေနဂါးကြီးသည် လင်းဟွမ်တို့ လေးယောက်ထံ မီးမှုတ်ထုတ်လိုက်သဖြင့် မီးတောက်ကြီးများသည် ကြီးမားသော သမုဒ္ဒရာ လှိုင်းလုံးကြီးများအလား လင်းဟွမ်တို့ကို ဖုံးလွှမ်းသွားသည်။

"ဘာဖြစ်တာလဲ။ ဒီလူသားက အားနည်းလိုက်တာ"

မြွေနဂါးကြီးသည် မီးများ မှုတ်ထုတ်နေခြင်းကို ရပ်တန့် လိုက်သည်။ မီးတောက်များ မှိန်ဖျော့သွားသောအခါ လေထဲတွင် အနက်ရောင် အလုံးကြီးတစ်လုံး လွင့်မျောနေသည်။

"ဟော့၊ မင်းမှာ တခြားနည်းစနစ်တွေ မရှိတော့ဘူးလား"

အနက်ရောင်အလုံးကြီး မှိန်ဖျော့၍ ပျောက်ကွယ်သွားသည်နှင့် အန္တရာယ်ကင်း၊

ဘေးရှင်းနေသော လင်းဟွမ်နှင့် မိစ္ဆာသုံးကောင် ပေါ်လာသည်။

“မင်းက ငါ့ကို ဒီထက် အစွမ်းထက်တဲ့ နည်းလမ်းနဲ့တိုက်ခိုက်မယ်လို့ ထင်နေတာ။ ဒီနည်းလမ်း တစ်ခုတည်းပဲဆို ပျင်းစရာကောင်းလိုက်တာ”

လင်းဟွမ်က နားရွက်ကိုပွတ်သပ်၍ တစ်ချက်သမ်းဝေပြီး အလွန်ပျင်းနေသော ဟန်အမူအရာနှင့် ပြောဆိုလိုက်သည်။

“ငါ့ရဲ့ တခြားနည်းစနစ်တွေနဲ့ ထိုက်တန်လား၊ မထိုက်တန်ဘူးလား ဆိုတာ မင်းအပေါ်မှာပဲ မူတည်တယ်။ မင်းက ငါ့ကို စိတ်ဓါတ်စစ်ဆင်ရေး လာလုပ်နေတာလား။ ကလေး အကွက်တွေနဲ့ အရှုးလုပ်လို့ မရဘူးကွ”

အနက်ရောင် မြွေနဂါးကြီးက လူတစ်ယောက်ကဲ့သို့ ခနဲ့တဲ့တဲ့ လေသံနှင့် ပြောဆိုလိုက်သည်။

"ဒါက စိတ်ပိုင်းဆိုင်ရာ ကစားပွဲလို့ မင်းက ထင်နေတာလား။ မင်း အတွေးလွန်နေပြီ။ မင်းထွေးတဲ့ တံတွေးတွေက ရွံစရာ ကောင်းနေလို့ ပြောနေတာကွ"

လင်းဟွမ်က

"အားတဲ့အချိန် မင်း ဘာတွေလုပ်နေတာလဲ။ တစ်ကိုယ်ရေ သန့်ရှင့်မှုလည်း မရှိဘူး။ သွားလည်းမတိုက်ဘူး"

"မင်း ဘယ်လို ပြောရဲတာလဲ……"

အနက်ရောင် နဂါးကြီးသည် မီးတောက်များကို ဒေါသတကြီး မှုတ်ထုတ်လိုက်ရာ

လင်းဟွမ်တို့ လေးယောက်သည် လူခွဲပြီး ထိုတိုက်ခိုက်မှုကို ရှောင်လိုက်ကြသည်။

"ဟေး လူတွေကို တံတွေးနဲ့လိုက်ထွေးတာ သိက္ခာကျတယ်။ မင်းအမေ မင်းကို မသင်ပေး ထားဘူးလား"

မြေပြင်သည် မီးတောက်များသည် မြေကြီးနှင့် ထိတွေ့သွားသောအခါ တိုက်စားသွားသည်။

ယခုအခါ ပတ်ဝန်းကျင်ရှိ အရာအားလုံးသည် ခရမ်းနက်ရောင် ဖြစ်နေသည်။

"ငရဲသွားစမ်း"

အနက်ရောင် မြွေနဂါးကြီးက မီးတောက်များကို ဒေါသတကြီး မှုတ်ထုတ်ပြန်သည်။

"ဟိတ်ရောင် မြွေနဂါးကြီး၊ ဒီလိုထပ်လုပ်ရင် ငါ ဒေါသ ပေါက်ကွဲတော့မယ်နော်"

လင်းဟွမ်၏ အော်ရာသည် မြင့်တက်လာကာ

"သေစမ်း...."

အနက်ရောင် မြွေနဂါးကြီးက မီးတောက်များ မှုတ်ထုတ်ရန် ပါးစပ်ကို အကျယ်ကြီးဟလိုက်သည်။ ထိုစဉ် မြွေနဂါးကြီး၏ပါးစပ်အောက်မှ အရိပ်တစ်ခု ရုတ်တရက် ပေါ်လာသည်။ ထိုလက်သီးချက်သည် မြွေနဂါးကြီး၏ မေးစေ့အောက်ကို ဖျတ်ခနဲ ရောက်သွားပြီး မေးရိုးကို ထိမှန်သွားရာ ပါးစပ်ပိတ်သွားသည်။

ထိုစဉ် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိသော အနက်ရောင်ချိန်းကြိုးများ ပေါ်လာပြီး မီးမှုတ်ထုတ်နေသော ပါးစပ် အပါအဝင်

ခေါင်းတစ်ခုလုံးကို ဖုံးလွှမ်း သွားသည်။ တချိန်တည်းမှာပင် မြေပေါ်တွင်ရှိနေသော လက်ကျန် မီးတောက်များသည် ကြီးမားသော သေနတ်ကြီး လေးလက် ဖြစ်လာပြီး အနက်ရောင်မြွေနဂါးကြီး၏ မျက်လုံး လေးလုံးထံ ပစ်လွှတ်လိုက်သည်။

လင်းဟွမ်က တောက်ပစွာ ပြုံးလိုက်ပြီး မြွေနဂါးကြီး၏ နှလုံးကို လျှပ်စီးကြောင်း လက်သွားသည့်အလား လျှင်မြန်စွာ ထိုးဖောက်လိုက်သည်။

အနက်ရောင် မြွေနဂါးကြီး၏ ဒေါသတကြီး အော်ဟာစ်သံသည် တိခနဲ ရပ်တန့်သွားပြီး သွေးများက လင်းဟွမ်၏ ဓါးမှတစ်ဆင့် မြေပေါ်သို့ စီးကျလာသည်။

“မော်ကွန်းအဆင့် မွန်းစတား ကတ် (အနက်ရောင်မြွေနဂါးကြီး) ကတ်နှစ်ကတ် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“အဆင့် သုံးဆင့်ကျော် သတ်ဖြတ်မှု အောင်မြင်သွားလို့ ဆုကြေး ကံစမ်းမဲကတ် (၃ဂ) ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

"မင်းကြောင့် ငါ့ရဲ့ တိုက်ခိုက်ရေးပုံစံကို ပြောင်းလဲဖို့ လုပ်နေတယ်လို့ တကယ် ထင်နေတာလား။ မင်းကို အာရုံပြောင်းဖို့အတွက်ပဲ သူတို့သုံးယောက်ကို ဆင့်ခေါ်လိုက်ခဲ့တာကွ"

လင်းဟွမ်သည် မြေပေါ်သို့ ဆင်းသက်လာပြီးနောက် တောင်ကုန်းတစ်ခုကဲ့သို့ ဖြစ်နေသော အနက်ရောင် မြွေနဂါးကြီး၏ခေါင်းကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

## အခန်း(၅၀၉) - မင်းကိုချစ်လို့ မင်းကိုစားမယ်။

လင်းဟွမ်သည် အနက်ရောင် မြွေနဂါးကြီးနှင့် တိုက်ပွဲကို ကြာရှည်အောင် တိုက်ခိုက်ချင်သော်လည်း ဆုလဒ် နှစ်ဆကတ်၏ အကျိုးသက်ရောက်မှုမှာ အချိန်တစ်နာရီသာ ကြာမြင့်သောကြောင့် ထပ်မနေနိုင်တော့ချေ။

တစ်နာရီအတွင်းတွင် သတ်ဖြတ်မှု ဆယ်ခုကို ပြီးစီးအောင် လုပ်ဆောင်ရန် လိုအပ်ပြီး ပျမ်းမျှအားဖြင့် ခြောက်မိနစ်လျှင် မွန်းစတားတစ်ကောင်နှုန်း

သတ်ဖြတ်ရန် လိုအပ်သည်။ ထို့ကြောင့် အနက်ရောင် မြွေနဂါးကြီးကို ချက်ချင်း သတ်ပစ်ခဲ့ခြင်းပင် ။

အနက်ရောင်မြွေနဂါးကြီး၏ အာရုံကို လှည့်စားရန်အတွက် မိစ္ဆာသုံးကောင်းကို ဆင့်ခေါ်၍ ပူးပေါင်း တိုက်ခိုက်သလို ဟန်ဆောင်ကာ အာရုံ ပြောင်းခဲ့သည်။ အစောပိုင်းကတည်းက တမန်တော်မိစ္ဆာသည် အနက်ရောင် မြွေမိစ္ဆာကြီး၏ တိုက်ခိုက်မှုကို ပိတ်လှောင်ထားခဲ့ပြီး စုန်းမက ၎င်း၏ပါးစပ်ကို ခေတ္တပိတ်လှောင်ရန် စုန်းအတတ်ကို အသုံးပြုခဲ့သလို ယုတ်ညံ့မှင်စာမိစ္ဆာက ရိုးရိုးရှင်းရှင်း

အာရုံလွှဲခဲ့သည်။ အမှန်တကယ်၌ နောက်ဆုံး ပွဲသိမ်း သတ်ဖြတ်မှုမှာ လင်းဟွမ်၏ ကြယ်တာယာလိပ်ခုံး ဓါးကျင့်စဥ် ဖြစ်သည်။

ကြယ်တာယာလိပ်ခုံး ဓါးကျင့်စဥ်သည် ဓါးကျင့်စဥ်ပေါင်းများစွာနှင့် ပေါင်းစပ်ပြီးနောက် ဂန္ထဝင်အဆင့် မကတော့ချေ။ ဓါးကျင့်စဥ် ပေါင်းစပ်မှု ပိုများလာသည် နှင့်အမျှ ဓါးကျင့်စဥ်၏ စွမ်းအားက ပိုမို ပြင်းထန်၍ အားကောင်းလာခဲ့သည်။ ကြယ်တာယာလိပ်ခုံး ဓါးကျင့်စဥ်သည်

ဒဏ္ဍာရီအဆင့်နှင့် အလှမ်း ဝေးနေသေးသော်လည်း ဂန္ဓဝင် အဆင့်ထက်များစွာ ပိုမို အားကောင်းနေခဲ့ပြီ။

ထို့အပြင် လင်းဟွမ်ကလည်း ဓါးတာအို နယ်ပယ်အဆင့် (၄) နှင့် အလှမ်း ဝေးနေသော်လည်း သူ့ဓါးစွမ်းရည်က တိုးတက် သန်မာ၍ အားကောင်းလာသောကြောင့် အဆင့် (၃) ဓါးနယ်ပယ်ရောက်ခါစ အချိန်ထက် ပိုမို အစွမ်းထက်နေခဲ့သည်။

ထို့အပြင် လင်းဟွမ်တိုက်ခိုက်ရန် ရွေးချယ်ခဲ့သော နေရာမှာ မြွေနဂါးကြီး၏ အားအနည်းဆုံး

နေရာဖြစ်သည့် နှလုံး ဖြစ်သည်။ ထိုနည်းဖြင့် ကြောက်စရာကောင်းသော ဓါးချက် တစ်ချက် ထုတ်သုံးကာ နှလုံးကို ထိုးဖောက်နိုင်ခဲ့သည်။

အကယ်၍ အခြားနေရာကို တိုက်ခိုက်ခဲ့မည်ဆိုပါက မြွေနဂါးကြီးအတွက် အရေးမပါ အရာမရောက်သော ဒါဏ်ရာများသာ ဖြစ်ပေါ်စေပြီး ၎င်းခန္ဓာကိုယ်အတွင်းသို့ စင်တီမီတာ နှစ်ဆယ်မျှသာ ထိုးဖောက်နိုင်လိမ့်မည်။

သို့သော်လည်း မြွေနဂါးကြီးသည် မည်မျှ အစွမ်းထက်ကြောင်း ပြသရန် အခွင့်အရေး

မရလိုက်ဘဲ အသတ်ခံလိုက်ရသည်။ ထိုဖြစ်စဉ် တစ်ခုလုံးသည် နှစ်မိနစ်အတွင်းသာ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။

"အရမ်းကောင်းတဲ့ အဖွဲ့လိုက် လုပ်ဆောင်မှုပဲ"

လင်းဟွမ်က မိစ္ဆာသုံးကောင်ကို လက်မ ထောင်ပြလိုက်သည်။

မြွေနဂါး အလောင်းကို သိမ်းပြီးနောက် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ကာ မိစ္ဆာသုံးကောင်နှင့်အတူ လမ်းလျှောက်ဝင်သွားသည်။ သူ ရွေးချယ်ထားသော ဒုတိယနေရာမှာ ဆန်းကြယ်

အရောင်အသွေး သဲကန္တာရ ဟုခေါ်သော ပြင်းထန်အဆင့် အန္တရာယ်ဇုန် တစ်ခုပင် ။

ရာသီဥတု ပြောင်းလဲ လာသည်နှင့်အမျှ သဲကန္တာရထဲတွင် တမူထူးခြားသော အရောင်များ ဖြစ်ပေါ်လာတတ်သည်။ မနက်မှညအထိ အရောင် အမျိုးအစားပေါင်း (၃၀) ကျော်ခန့် ဖြာထွက်နေတတ်သည်။ ရာသီဥတုနှင့် အပူချိန် ကွဲပြားမှုအပေါ် မူတည်၍ မတူညီသောနေရာတွင် မတူညီသော အရောင်များ ပြောင်းလဲနေတတ်သည်။

ကြည့်ရသည်မှာ အင်မတန် လှပလွန်း၏။ သို့သော်လည်း အင်မတန် လှပသည့် ဤမြေပြင်သည် အန္တရာယ်ကြီးမားသော နေရာတစ်ခု ဖြစ်နေခြင်းသာ။

သွေးရဲရဲလေး၏ စုံစမ်း ထောက်လှမ်းမှုအရ ဘေးပတ်ပတ်လည်တွင် အကြီးအကဲအဆင့် မွန်းစတားရှစ်ကောင် ရှိကြောင်း တွေ့ရှိခဲ့သည်။ အစွမ်းအထက်ဆုံး မွန်းစတားမှာ အင်မော်တယ် အဆင့် (၉) ဖြစ်သည်။

လင်းဟွမ်၏ ပစ်မှတ်မှာ အင်မော်တယ် အဆင့် (၂)ပင့်ကူမှော်ဆရာ တစ်ကောင်သာ ဖြစ်သည်။

ထိုပင့်ကူမှော်ဆရာသည် အပေါ်ပိုင်းက လူခန္ဓာကိုယ်၊ အောက်ပိုင်းက ပင့်ကူခြေထောက်များပါရှိသည့် မွန်းစတား ဖြစ်သည်။ ၎င်း၏ ခန္ဓာကိုယ် အပေါ်ပိုင်းနှင့် အောက်ပိုင်းကို ပိုင်းခြားထားသော ခါးပတ်တစ်ခုပါရှိပြီး ဒါသည် ကမ္ဘာမြေပေါ်တွင် ရှိစဥ်က လင်းဟွမ်ဖတ်ခဲ့ဖူးသော ရုပ်ပြကာတွန်းထဲမှ မွန်းစတား ကောင်မလေးနှင့် ဆင်တူသည်။ သို့သော်လည်း ဤပင့်ကူမှော်ဆရာသည် ရုပ်ပြကာတွန်းများ ထဲကလို ချစ်စရာ မကောင်းပေ။

ပင့်ကူမှော်ဆရာသည် သုံးမီတာကျော် မြင့်ပြီး အောက်ခြေတစ်ဝက်ကတင် နှစ်မီတာ ကျော် ရှည်သည်။ အေးစက်လွန်းသော အော်ရာကို စိမ့်လွှတ်သည့် ဝမ်းဗိုက်နှင့် ခြေထောက်ရှစ်ချောင်းတို့မှာ ကြောက်စရာကောင်းသော အတွင်းအပြင်ရှိကာ ၎င်း၏ ရင်ဘတ်နှင့်ရင်သားမှာ အဝတ်အစားများ ကင်းမဲ့နေပြီး ရင်သား အရွယ်အစားမှာ အနည်းဆုံး E – cup (မှတ်ချက် - အမျိုးသမီး ဘောလီဆိုဒ်ကို တိုင်းတာသော အသုံးအနှုန်း) အရွယ်အစားခန့် ရှိသည်။

အမှန်တကယ်ဆို ပင့်ကူမှော်ဆရာ အစ်မများသာမက ချောမောသော အထီးများလည်း ရှိသည်။ ပင့်ကူမှော်ဆရာ အထီးများသည် အရွယ်ရောက်ပြီးသော လူသားများကဲ့သို့ ချောမောပြီး ဆွဲဆောင်အား ကောင်းကြသည်။ တစ်ခါ မိတ်လိုက်ပါက သုံးရက်ကျော် ကြာမြင့်တတ်ပြီး တစ်ခါတစ်လေ ဆယ်ရက်ကျော် ကြာအောင် မိတ်လိုက်တတ်ကြသည်။ မိတ်လိုက်နေစဥ်အတွင်း အနားယူခြင်း၊ စားသောက်ခြင်း မလုပ်ကြပေ။

အထီးများက မိတ်လိုက်ပြီး၍ အားနည်းနေသာအချိန်၌ အမများသည် ထိုအခွင့်အရေးကို ဆုပ်ကိုင်ကာ အထီး၏ ဦးခေါင်းကိုရိုက်ချိုး၍ ဖြည်းဖြည်းချင်း စားသုံးတတ်သည်။ ပင့်ကူ မော်ဆရာများ၏ အချစ်သည် ရိုးရှင်းလှ၏။

(ငါ မင်းကိုချစ်လို့ မင်းကိုစားမယ်)

လူသားများ လေ့လာထားသော စာရင်းဇယားများအရ ပင့်ကူမော်ဆရာ အမတစ်ကောင်သည် သူမ၏

သက်တမ်းတစ်လျှောက်တွင် ပျမ်းမျှအားဖြင့် အထီး ဆယ်ကောင်အထိ စားသုံးနိုင်သည်။ စားသုံးသည့် အရေအတွက် များလာသည်နှင့်အမျှ အစွမ်း ထက်လာကြသည်။ တစ်ခါတစ်ရံ ၎င်းတို့သည် ပင့်ကူမှော်ဆရာ အထီးများကို စားသုံးရုံဖြင့် အင်ပါယာအဆင့်ထိ ရောက်ရှိနိုင်ကြသည်။

ယခုလက်ရှိ လင်းဟွမ်၏ ပစ်မှတ်မှာ အင်မော်တယ် အဆင့် (၂) ဖြစ်သည်။ ၎င်း၏ တိုက်ခိုက်ရေး အဆင့်အရ အနည်းဆုံး

ပင့်ကူမှော်ဆရာ အထီး နှစ်ကောင်၊ သုံးကောင်ခန့် စားဖွယ်လိမ့်မည်။

နေရာကူးပြောင်းခြင်း ခါတ်ကြွင်းထဲမှ ထွက်လာပြီးနောက် လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် ဆန်းကြယ်အရောင် သဲကန္တာရထဲတွင် ပေါ်လာသည်။ ဤနေရာသည် လင်းဟွမ်အတွက် ပထမဦးဆုံးအကြိမ် မဟုတ်သော်လည်း သူနင်းလိုက်မိသော ရောင်စုံသဲများကို စွဲလမ်းနေမိဆဲပင် ။ မည်သည့်

ရှုထောင့်မှ ဓါတ်ပုံရိုက်ပါစေ ထိုဓါတ်ပုံကို ပို့စ်တင်၍ အင်မတန် လှသည်။

"အချိန်ရရင် ရှင်အာကိုခေါ်ပြီး ဒီနေရာကို ပျော်ပွဲစားထွက်ရမယ်။ သူ ဒီမြင်ကွင်းကို သေချာပေါက် သဘောကျလိမ့်မယ်"

လင်းဟွမ်သည် ထိုနေရာတွင် ခဏရပ်ပြီး ပင့်ကူမှော်ဆရာ ရှိသည့်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ထို့နောက် ထွက်ခွာသွားလျှင် မိစ္ဆာသုံးကောင်လည်း သူ့နောက်မှ လျှင်မြန်စွာ လိုက်ပါသွားကြသည်။

တစ်မိနစ် မပြည့်ခင် အချိန်လေးအတွင်းမှာပင် လင်းဟွမ်သည် ဆယ်ကီလိုမီတာအထိ ခရီးနှင်ခဲ့ပြီး ပင့်ကူမှော်ဆရာ ပုန်းအောင်းနေသည့် အိုအေစစ်ထဲတွင် ပေါ်လာကြသည်။

ပင့်ကူမှော်ဆရာ အမက ၎င်း၏ ပင့်ကူ အိမ်ပေါ်တွင် အိပ်နေသည်။ အိုအေစစ်ထဲသို့ လင်းဟွမ်တို့ ကျူးကျော် ဝင်ရောက်လာသောအခါ မျက်လုံး ဖွင့်ကြည့်လိုက်သည်။

"သားကောင်..."

"သွေးရဲရဲလေး၊ အဲ့ဒီမွန်းစတားက ဘယ်မှာလဲ"

လင်းဟွမ်က တိုးတိုးလေး မေးလိုက်သည်။ လွန်ခဲ့သော သုံးရက်က သွေးရဲရဲလေး မှတ်သားပေးခဲ့သော တည်နေရာတွင် မတ်တပ် ရပ်နေသော်လည်း ပင့်ကူမှော်ဆရာ အမကို ရှာမတွေ့ပေ။

“ငါတို့တွေ ရှာစရာ မလိုဘူး။ ငါတို့တွေ ရောက်ပြီဆိုတာ သူမ သိနေပြီ။ မကြာခင် ရောက်လာလိမ့်မယ်”

သွေးရဲရဲလေးသည် ပင့်ကူမှော်ဆရာများ၏ အမဲလိုက်မှု အလေ့အထနှင့် အကျင့်စရိုက်ကို

ရင်းနှီးနေသောကြောင့် ယခုတစ်ကြိမ်တွင် မျှော့မျိုးစေ့များကို မထုတ်ခဲ့ပေ။

"ငါတို့က ဒီနယ်မြေထဲကို ဝင်လိုက်တာနဲ့ သူမရဲ့ပင့်ကူအိမ်တွေက အလိုလို တုန်ခါလာပြီး ငါတို့ရဲ့ တည်နေရာကို အမှတ်အသား လုပ်ပေးလိုက်တဲ့အတွက် မကြာခင် ရောက်လာလိမ့်မယ်"

လင်းဟွမ်သည် သွေးရဲရဲလေး စကားကို ကြားပြီးနောက် စိတ်ရှည်စွာ စောင့်ဆိုင်း နေလိုက်သည်။ လင်းဟွမ်၏ နယ်မြေပိုင်နက်

အသိထဲတွင် အဖြူရောင်အလင်းများ ရုတ်တရုတ် တောက်ပလာပြီး နောက်ကျော ဘက်မှနေ၍ ဦးနှောက်ထဲသို့ တဟုန်ထိုး တိုးဝင်လာသည်။

လင်းဟွမ်သည် ဘေးခုန်ပြီး ရှောင်လိုက်သဖြင့် အဖြူရောင် အလင်းတန်းများသည် လင်းဟွမ်ကို ကျော်ထွက်သွားပြီး ဆယ်နှင့်ချီသော သစ်ပင်များကို ထိုးဖောက် ဖြတ်သန်းသွားသည်။

လင်းဟွမ်သည် တိုက်ခိုက်လာသည့် ဘက်ကို လှည့်ကြည့်လိုက်ရာ သူ့ကို စိတ်ဝင်တစား

ခေါင်းစောင်း၍ ငေးကြည့်နေသော ပင့်ကူ မှော်ဆရာ အမကို တွေ့လိုက်ရသည်။

သူမ၏ ခန္ဓာကိုယ် အပေါ်ပိုင်းတစ်ဝက်က ဝလစ်စလစ် ဖြစ်နေသည်။ ဆွဲဆောင်မှုရှိသော ခန္ဓာကိုယ်က ယောကျ်ားတိုင်းကို မက်မောစေပြီး နှာခေါင်းသွေးလျှံစေမှာ သေချာသည်။ ရှည်လျား၍ နက်မှောင်သော ဆံပင်များက ရင်သားကို မဖုံးတဖုံး ဖြစ်နေပြီး ထိုအရာက ပို၍ပင် ဆွဲဆောင်မှု ရှိနေသည်။ ပြီးပြည့်စုံသော မျက်နှာလေးကိုလည်း ပိုင်ဆိုင်ထားသည်။

လူသားတစ်ယောက်၏ အလှအပ ရှုထောင့်မှ ကြည့်ပါက အလှ နတ်ဘုရားမလေး တစ်ပါးပင်။ သူမကို နတ်ဘုရားမဟု ခေါ်ဆိုခြင်းမှာ ချဲ့ကားပြောဆိုခြင်း မဟုတ်ပေ။

သို့သော်လည်း သူမ၏ ထူထပ်သောအဆူးများ ပြည့်နက်နေသည့် ဝမ်းဗိုက်တွင် အညိုရောင်နှင့် အဝါရောင် အစက်အပြောက်များ ရှိနေသည်။ ထိုအောက်ပိုင်းတွင် ခြေထောက်ပုံစံ လူသတ် လက်နက်ကြီး ရှစ်ခုလည်း ရှိနေသေးသည်။

"အို လူသားပဲ။ ငါ လူသား မစားရတာတောင် တော်တော်လေး ကြာနေပြီ"

ပင့်ကူမှော်ဆရာ အမသည် နီရဲနေသော နှုတ်ခမ်းများကို ဆွဲဆောင်မှုရှိစွာ လျှာနှင့် သပ်လိုက်သည်။

## အခန်း(၅၁၀) - ပင့်ကူ မှော်ဆရာ။

"ဘာဖြစ်လို့ မွန်းစတားတွေ အားလုံးက လူ အသား စားရတာ ကြိုက်ကြတာလဲ"

လင်းဟွမ်သည် မွန်းစတားများက လူအသားကို စားချင်သည့်အကြောင်း၊ ကြိုက်သည့်အကြောင်းကို ပထမဦးဆုံးအကြိမ် ကြားဖူးခြင်း မဟုတ်သောကြောင့် သူ့ကိုယ်သူ တိုးတိုးလေး ရေရွတ်လိုက်သည်။ သို့သော်လည်း စဉ်းစားပြီးနောက် လူသားများက ဝက်သားရဲ့များကို စားသည့် သဘောတရားနှင့်

တူသည်ဟု ယူဆလိုက်သည်။ ဒါသည် အစားသောက်ကြိုက်သော ကိစ္စလေး တစ်ခုမျှသာ....။

နောက်ကျောဘက်မှ ပေါက်ကွဲသံကို ကြား၍ လှည့်ကြည့်လိုက်သည်။ ဆယ်နှင့်ချီသော သစ်ပင်များကြားတွင် အဖြူရောင် အလင်းတန်းများ ပေါက်ကွဲနေပြီး နေရာတိုင်း၌ ပင့်ကူမျှင်များ ဖြာထွက်နေသည်။

လင်းဟွမ် မျက်မှောင်ကြုတ်သွားပြီး

"ပင့်ကူမျှင်အလုံးက ပေါက်ကွဲသွားတာနဲ့ ပင့်ကူမျှင်တွေ ထွက်လာပြီး မီတာရာနဲ့ချီ ဖုံးလွှမ်း

သွားတာပဲ၊ ပင့်ကူအိမ်တစ်ခုစီကလည်း ဓါတ်ကြွင်းတစ်ခုလို အစွမ်းထက်တယ်။ အရမ်းစေးကပ်လို့ မင်းရဲ့လှုပ်ရှားမှုကို တော်တော်လေး ထိခိုက်လိမ့်မယ်။ သူမက ပင့်ကူ အမျှင်အလုံး ပိုပစ်လေလေ စစ်မြေပြင်အတွက် ပိုဆိုးလေလေပဲ။ ဒါကလည်း သူတို့ရဲ့ အားသာချက်တစ်ခုပဲ”

သွေးရဲရဲလေးက သတိပေးလိုက်သည်။

“နောက်ပြီးတော့ ပင့်ကူအိမ်တွေက အချိန်တိုင်း ပိုအားကောင်းလာလိမ့်မယ်။ ပင့်ကူအိမ်တွေက

နေရာတစ်ခုလုံး ဖုံးလွှမ်းသွားရင် အဲ့ဒါက သူမရဲ့ အစွမ်း ပေါက်ကွဲထွက်နိုင်တဲ့ နယ်မြေ ဖြစ်လာလိမ့်မယ်”

“လူသား၊ မင်းကိုကြည့်ရတာ တကယ် အရသာရှိမယ့်ပုံပဲ။ မင်းနဲ့ အပျော်လေးတွေ မျှဝေဦးမယ်”

ပင့်ကူမှော်ဆရာ အမသည် ခပ်မိုက်မိုက်စကားကို ပြောပြီးနောက် လင်းဟွမ်ကို နောက်တစ်ကြိမ် တိုက်ခိုက်လိုက်သဖြင့် ၎င်း၏ ဝမ်းဗိုက်မှ အဖြူရောင်အလင်းများ ထွက်ပေါ်လာသည်။

ထိုတိုက်ခိုက်မှုက လင်းဟွမ်ကို ပစ်မှတ်ထားခြင်း မဟုတ်ဘဲ နေရာတိုင်း ပျံ့နှံ့သွားသည်။

"အို၊ ငါ လွဲသွားပြီ"

ပင့်ကူမှော်ဆရာ အမက ရည်ရွယ်ချက်ရှိရှိ ရေရွတ်လိုက်သည်။

ဤတစ်ကြိမ်တွင် လင်းဟွမ်ကလည်း သူမ၏ တိုက်ခိုက်မှုကို မရှောင်ခဲ့ပေ။

"မိုးကြိုးဆူး"

လင်းဟွမ်က အောက်လိုက်လျှင် သူ့ခန္ဓာကိုယ်မှ အဖြူရောင်လျှပ်စီးများ လက်လာပြီး ကိုင်ထားသောဓါးကလည်း အဖြူရောင် လျှပ်စီးကြောင်းများ ဖုံးအုပ်သွားသည်။ ဓါးက လေထဲတွင် လျှပ်စီး ကြောင်းတစ်ခုအလား လျှင်မြန်စွာ ဖြတ်သန်းသွားပြီး ပင့်ကူမအိမ်တိုင်းကို ချိုးဖျက်နေသည်။။

ပင့်ကူမှော်ဆရာ အမသည် လင်းဟွမ်၏ လုပ်ဆောင်ချက်ကို မြင်လျှင် တုန်လှုပ်သွားသည်။

"မင်း ဘာလုပ်နေတယ်ဆိုတာ ငါ မသိဘူးလို့ တကယ် ထင်နေတာလား"

လင်းဟွမ်က လေထဲခုန်ပြီး ပင့်ကူမှော်ဆရာထံ ပျံသန်းသွားသည်။

"ဟွန့်"

ပင့်ကူမှော်ဆရာ အမက နှာခေါင်းရှုံ့ပြီး လင်းဟွမ်ထံ အဖြူရောင်အခိုးအငွေ့များ မှုတ်ထုတ်လိုက်သည်။ ထိုအခိုးအငွေ့များသည် အန္တရာယ်ကင်းသည့် ပုံစံ ဖြစ်နေသော်လည်း

လင်းဟွမ်ထံ ကြောက်စရာကောင်းသော အရှိန်အဟုန်နှင့် ဦးတည်၍ တိုးဝင်လာသည်။

"သတိထား။ အဲ့ဒီ အဆိပ်ခိုးငွေ့တွေက သက်ရှိအများစုရဲ့ အရေပြားထဲကို ထိုးဖောက်ဝင်ရောက်သွားတာနဲ့ အမြင်အာရုံကို ထင်ယောင်ထင်မှား ဖြစ်စေနိုင်တယ်"

သွေးရဲရဲလေးက ပြောလိုက်သည်။

"ပြီးခဲ့တဲ့ရက်ပိုင်းကဆို ဒါက ခက်ချင် ခက်လိမ့်မယ်.. ဒါပေမယ့် အခုတော့"

လင်းပွမ်က ဘယ်ဘက်လက်ကို ဝှေ့ယမ်းရင်း ပြုံးလိုက်သည်။ လေပြင်းများ တိုက်ခတ်လာပြီး မြူခိုးများလည်း လွင့်ထွက်သွားကာ ပင့်ကူမှော်ဆရာ အမ တစ်ကိုယ်လုံးကို ဖုံးအုပ်သွားသည်။

“ စိတ်စွမ်းအား…”

ပင့်ကူမှော်ဆရာ အမက ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ် လိုက်သည်။ အခိုးအငွေ့များသည် ပင့်ကူမှော်ဆရာ အမကို မထိခိုက်နိုင်သော်လည်း သူမပတ်ပတ်လည်မှ မြင်ကွင်းများကို ဖုံးအုပ်သွားသည်။

လင်းဟွမ်သည် အခိုးအငွေ့များထဲမှ ရုတ်တရက် ထွက်ပေါ်လာပြီး ပင့်ကူမှော်ဆရာ အမ၏ခါးကို ခါးနှင့်ခုတ်လိုက်သည်။ သူမက ပျာယာ ခတ်သွားသော်လည်း လင်းဟွမ်က ဂရုဏာထားမည့် အစီအစဉ် လုံးဝမရှိချေ။

ပင့်ကူမှော်ဆရာ အမသည် လင်းဟွမ်၏ တိုက်ခိုက်မှုကို မရှောင်ရှားနိုင်တော့သဖြင့် သူမ၏ ချစ်စရာကောင်းသော ပါးစပ်လေးကို ဖွင့်ဟလိုက်ပြီး ပိုးမျှင်တစ်ချောင်း မှုတ်ထုတ်လိုက်သည်။ မကြာခင်

ထိုပိုးမျှင်သည် လင်းဟွမ်ကို ဖုံးအုပ်မည့် ကြီးမားသော ပင့်ကူအိမ်ကြီး ဖြစ်လာသည်။

"ကလေး အကွက်တွေ"

လင်းဟွမ်က အော်ဟစ်ပြီး ဓါးကိုပင့်၍ ပင့်ကူအိမ်ကို ထိုးဖောက်လိုက်ရာ ပင့်ကူအိမ် တစ်ဝက်သည် ချက်ချင်း ပြတ်တောက်သွားသည်။ ပင့်ကူအိမ်ထဲမှ ရုန်းထွက်ပြီးနောက် ပင့်ကူမှော်ဆရာ အမကို နောက်တစ်ကြိမ် ထပ်ခုတ်လိုက်သည်။

ဓါးပေါ်တွင် အဖြူရောင်လျှပ်စီးများက တလက်လက် တောက်ပနေပြီး ဓါးဖြတ်သန်းသွားရာ

တလျှောက်၌ လေဟာနယ်များ စုတ်ပြတ်သွားသည်။ ပင့်ကူမှော်ဆရာ အမသည် ပင့်ကူအိမ်ကို မှုတ်ထုတ်လိုက်သောကြောင့် လှုပ်ရှားရန် အချိန်ရခဲ့ပြီး ခြေထောက်နှစ်ချောင်းကို မြှောက်ကာ လင်းဟွမ်၏ခါးကို ကန်ထုတ်လိုက်သည်။

ဖုန်း..

အဖြူရောင် ခါးထိပ်ဖျားနှင့် ပင့်ကူမှော်ဆရာ အမ၏ ခြေထောက်နှစ်ချောင်း ထိမိပြီး ကျယ်လောင်သော အသံ ထွက်ပေါ်လာသည်။ ထိုသက်ရောက်မှုသည် မီတာရာပေါင်းများစွာ

ဝေးသည်အထိ ပျံ့နှံ့သွားသည်။ ထိုနေရာတွင် ပြင်းထန်သော မီးတောင်ကြီးတစ်ခု ပေါက်ကွဲသွားသကဲ့သို့ အပင်များအားလုံး ပျက်စီးသွားသည်။

မိစ္ဆာသုံးကောင်ပင် ရှောင်ရှားရန် ရွေးချယ်ခဲ့ပြီး အနားမကပ်ရဲကြတော့ချေ။

တိုက်ခိုက်မှုများက ခဏတာမျှ ရပ်တန့်သွားပြီး အရိပ်တစ်ခု လွင့်ထွက်သွားသည်။ မြေပြင်ပေါ်တွင် မီတာသောင်းနှင့်ချီသော စွတ်ကြောင်းကြီး တစ်ခု ဖြစ်ပေါ်သွား၏။

ဤတိုက်ခိုက်မှု တစ်ခုတည်းကပင် လင်းပွမ်၏ တိုက်ခိုက်ရေး အစွမ်းသည် အင်မော်တယ်အဆင့် စံနှုန်းသို့ ရောက်ရှိနေခဲ့ပြီ။

ဝပ်ကျင်းစခန်းထဲတွင် တိုက်ခိုက်ခဲ့ပါက ကြီးမားသော ပျက်စီး ဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်သည်။

ဤကဲ့သို့ ကြီးမားသော ထိခိုက်မှုပမာဏကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ပြည်ထောင်စု အစိုးရက အင်မော်တယ်အဆင့်နှင့် အထက်အဆင့်များကို

(အေ) နှင့် (ဘီ) အဆင့် ဝပ်ကျင်းများထဲတွင် မတိုက်ခိုက်ရန် ထိန်းချုပ်ထားရခြင်းပင် ။

လင်းဟွမ်သည် ပင့်ကူမှော်ဆရာ အမကာ မီတာထောင်ပေါင်းများစွာ လွင့်ထွက်သွားသော်လည်း ဤတိုက်ခိုက်မှုက သူမကို အမှန်တကယ် မထိခိုက်ခဲ့ကြောင်း ကောင်းကောင်း သိနေသည်။

ဓါးက သူမ၏ခြေထောက်ကို ထိမှန်သွားသော်လည်း အရေပြားပွန်းပဲ့ရုံ ဒဏ်ရာ အနည်းငယ်မျှသာ ရရှိခဲ့သည်။

ဤပြင့်ကူ မော့်ဆရာ အမသည် လွန်ခဲ့သော မိနစ်အနည်းငယ်က သတ်ခဲ့သော အနက်ရောင် မြွေနဂါးလောက် အစွမ်းထက်ခြင်းမရှိပေ။ သူမ၏ ခွန်အားဖြစ်စေ၊ ခုခံမှုဖြစ်စေ၊ ခန္ဓာကိုယ်ဖွဲ့စည်းပုံ ဖြစ်စေ ဘက်ပေါင်းစုံမှ အားနည်းနေသည်။ လင်းဟွမ်၏ တိုက်ခိုက်မှုများကို ထိပ်တိုက် ရင်ဆိုင်ရုံသာ လုပ်နိုင်ခဲ့သည်။

လင်းဟွမ်က တစ်ချက်ခုန်ပြီး ပင့်ကူမော့်ဆရာ အမရှေ့သို့ ဖျတ်ခနဲ ရောက်ရှိသွားသည်။

မိုးကြိုးဆူး ဓါးကွက်ကြောင့် ထွက်ပေါ်လာသော လျှပ်စီးကြောင်းများက သူမ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့သွားပြီး ထုံကျင်မှုကို ဖြစ်ပေါ်စေခဲ့သည်။

လင်းဟွမ်သည် စက္ကန့်မဆိုင်းတော့ဘဲ ဓါးကို ခပ်မြင့်မြင့်မြှောက်ပြီး ကံကြမ္မာစွမ်းအား ထည့်သွင်းလိုက်ရာ ဓါးက ပေဝက်ခန့် ပိုရှည်လာသည်။ ထို့နောက် ပင့်ကူမှော်ဆရာ အမကို အသတ်ခံရမည့် ဝက်တစ်ကောင်ကဲ့သို့ စိုက်ကြည့်လိုက်ကာ

“ကြယ်တာယာ လိပ်ခုံး”

လင်းဟွမ်သည် တိုးတိုးလေးရေရွတ်၍ ဓါးကို အပေါ်မှအောက်သို့ ခုတ်ချ လိုက်သည်။ ပတ်ဝန်းကျင်ရှိ လေထုများပင် အနည်းငယ် ပုံပျက်သွား၏။ ဓါး ပတ်ပတ်လည်တွင် အနက်ရောင် လျှပ်စီးကြောင်းများ တဖျတ်ဖျတ် လက်နေသည်။

ပင့်ကူမှော်ဆရာ အမသည် ဓါးပေါ်မှ သေခြင်းတရား အငွေ့အသက်ကို ရလိုက်သည်။ သူမ၏ခန္ဓာကိုယ်က ထုံကျင် နေသော်လည်း သေခြင်းတရား ခြိမ်းခြောက်မှုကို ခုံခံကာကွယ်ရန်အတွက် သူမ၏ ဗီဇအရ

မရေမတွက်နိုင်သော ပင့်ကူမျှင်များ မှုတ်ထုတ်လိုက်သေးသည်။

သို့သော်လည်း ပင့်ကူမျှင်များက လင်းဟွမ်၏ ဓါးကို ရပ်တန့်ရန် မစွမ်းဆောင် နိုင်ခဲ့ပေ။ ဓါးထိပ်ဖျားက သူတို့ကို ထိလိုက်သည်နှင့် ပျောက်ကွယ်သွားသည်။ ဓါးသည် သူ့လမ်းကြောင်းတွင် ပိတ်ဆို့နေသော အရာအားလုံးကို ဖျက်ဆီးပစ်ခဲ့သည်။

ပင့်ကူမှော်ဆရာ အမ၏ ရှုန်းကန်မှုသည် မလိုလားအပ်သော ရုန်းကန်မှုသာဖြစ်ခဲ့ပြီး ခါးကို နှေးကွေးအောင်ပင် မစွမ်းဆောင်နိုင်ခဲ့ချေ။

"မဟုတ်ဘူး....."

သနားစရာကောင်းသော အော်သံလေး ထွက်ပေါ်လာပြီးနောက် ကျယ်လောင်စွာ ပွဲတင်သံ ထွက်ပေါ်လာသည်။

ခါးသည် ပင့်ကူမှော်ဆရာ အမကို ခါးမှ ထက်ပိုင်းဖြတ်သွားပြီး အနောက်ဘက်တွင်

ကီလိုမီတာ (၃၀) ဝေးသည့်အထိ စွတ်ကြောင်းကြီး တစ်ခု ဖြစ်ပေါ်သွားခဲ့သည်။

လင်းဟွမ်သည် သူ လုပ်ဆောင်ခဲ့သော အရာကြောင့် အံ့အားသင့်သွားကာ

"ငါက ဒီလောက်တောင် အစွမ်းထက်နေပြီလား"

လင်းဟွမ်သည် လက်ထဲမှဓါးကို မယုံကြည်နိုင်စွာ ငုံ့ကြည့်လိုက်သည်။

ကံကြမ္မာစွမ်းအားများ မှိန်ဖျော့သွားသည်နှင့် ငွေရောင်တစ်ဝက်၊ အနက်ရောင်တစ်ဝက် ဓါး

ပေါ်ထွက်လာသည်။ ခါးထိပ်ဖျားတွင် ခရမ်းရောင်သွေးများ စီးကျနေသည်။

"အင်း။ ဒါပေမယ့် အခုချိန်ထိ ငါ့ဘာသာငါ တစ်ယောက်တည်း အင်မော်တင်အဆင့် (၂) ကို သတ်ဖြတ်ဖို့အတွက် ခက်ခဲနေသေးတယ်.."

## အခန်း(၅၁၁) - ရှောင်ဖိန်၏ စွမ်းရည်။

"အဆင့် သုံးဆင့်ကျော် သတ်ဖြတ်မှု အောင်မြင်သွားတဲ့အတွက် ဆုကြေး ကံစမ်းမဲကတ် (၃၀) ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ အကြောင်းကြားချက်ကို ထွက်ပေါ်လာသည့်အချိန်၌ နာရီကို ကြည့်နေသည်။

"ငါးမိနစ်လောက် ကြာတယ်။ အခုလက်ရှိ အခြေအနေကိုကြည့်ရတာ အချိန်က လုံလောက်ရုံပဲ ရှိတယ်။ ကြည့်ရတာတော့ အကူအညီ လိုနေပြီ"

လင်းဟွမ် မျက်မှောင်ကြုတ်လိုက်သည်။ တိုက်ပွဲနှစ်ခု ပြီးဆုံးခဲ့သည်။ ထိုတိုက်ပွဲ နှစ်ခုလုံးတွင် မိစ္ဆာသုံးကောင်က ကူညီနိုင်မည့် နည်းလမ်း ရှာမတွေ့သဖြင့် တိုက်ပွဲများက အချိန်ပိုယူခဲ့ရသည်။

အကယ်၍ လင်းဟွမ်သာ ပင့်ကူမှော်ဆရာ အမ အပေါ်တွင် မိုးကြိုးဆူး ဓါးအကွက်ကို

အသုံးမပြုခဲ့ပါက တိုက်ပွဲသည် အလွယ်တကူ ပြီးဆုံးခဲ့မည် မဟုတ်ချေ။

လင်းဟွမ်သည် မတ်တပ်ရပ်နေရင်း တိုက်ပွဲ အတွေ့အကြုံကို တိတ်တဆိတ် ပြန်သုံးသပ်နေသည်။ ထို့နောက် ဓါးနှင့်ပင့်ကူမှော်ဆရာ အမ အလောင်းကို သိမ်းလိုက်ပြီး နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို နောက်တစ်ကြိမ် ဆင့်ခေါ်လိုက်သည်။

"သွားရအောင်"

လင်းဟွမ်သည် မိစ္ဆာသုံးကောင်ကို လက်ပြလိုက်ပြီး နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းထဲ

ဝင်သွားသည်။ သတ်ဖြတ်မှုနှစ်ခု ပြုလုပ်ပြီးနောက် အခြေခံအားဖြင့် အင်မော်တယ်အဆင့် (၂) မွန်းစတားများ၏ အကြောင်းကို နားလည်လာသည်။

ထို့အပြင် မွန်းစတား တစ်ကောင်ချင်းစီ၏ အားနည်းချက်များနှင့် အားသာချက်များကို သွေးရဲရဲလေး၏ အကူအညီနှင့် သိရှိခဲ့ပြီး မွန်းစတားခုနစ်ကောင်ကို နာရီဝက်အတွင်း သတ်ဖြတ်နိုင်ခဲ့သည်။

"(၂၃) မိနစ် ကျန်သေးတယ်။ အားလုံးကို ကုန်အောင် သတ်နိုင်ရမယ်.."

လင်းဟွမ်သည် တိုက်ပွဲ တစ်ပွဲပြီးတစ်ပွဲ အနိုင်ရလာသဖြင့် စိတ်လှုပ်ရှား နေသည်။ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းထဲ ဝင်သွားပြီးနောက် ကျွန်းတစ်ကျွန်းပေါ်တွင် ပြန်ပေါ်လာသည်။

ဒါသည် ထူးခြားပြီး အမျိုးအမည် မသိသော မွန်းစတားများစွာရှိသည့် ပဟော၌ကျွန်းပင် ။ ဤနေရာတွင် မွန်းစတား စွယ်စုံကျမ်းထဲ၌ ရှာမတွေ့နိုင်သော မွန်းစတား အမျိုးအစားအသစ်များစွာလည်း ရှိသည်။ ၎င်းတို့အထဲမှ အချို့သည်

ရှိပြီးသားဖြစ်ပြီး အချို့ကမူ အသွင်ပြောင်းလာခြင်း ဖြစ်သည်။

လင်းဟွမ်၏ပစ်မှတ်မှာ ကျွန်းပေါ်ရှိ အမျိုးအမည် မသိ မျောက်ဝံတစ်ကောင် ဖြစ်သည်။

လင်းဟွမ်သည် မွန်းစတား အမျိုးအစားကို မခွဲခြားနိုင်သော်လည်း အင်မော်တယ်အဆင့် (၂) ဖြစ်သောကြောင့် ပစ်မှတ်အဖြစ် ရွေးချယ်ခဲ့သည်။ ထို့အပြင် ရှောင်ဖိန်ကလည်း ဒီကျွန်းကို သူတို့၏ နောက်ဆုံးဦးတည်ရာ အဖြစ် သတ်မှတ်ရန် အကြံပြုခဲ့သည်။

အကြောင်းမှု ထူးဆန်းသော မွန်းစတားများစွာ ရှိနေပြီး သုတေသနလုပ်ရန်အတွက် မွန်းစတားအား သတ်ပစ်စေချင်သောကြောင့်ပင် ။

လင်းဟွမ်ကလည်း အဆင့်ကျော် သတ်ဖြတ်မှု ဆုလာဘ်များ ရရှိအောင် သတ်ဖြတ်ပြီးနောက် သူ၏ကံကြမ္မာမီးလျှံ တိုးမြင့်လာစေရန် ကံကြမ္မာစွမ်းအားများ ပိုမိုရရှိစေရန် မွန်းစတားများကို သတ်ဖြတ်ရန် လိုအပ်သောကြောင့် ပြီးပြည့်စုံသော အချိန်ကောင်း ဖြစ်နေသည်။

"ဒီမျောက်ဝံက ရှေးခေတ် ဆန်းကြယ်မျောက်ဝံနဲ့ ခပ်ဆင်ဆင် တူတယ်။ ဆန်းကြယ်မျောက်ဝံက သန္ဓေသုံးကြိမ်ပြောင်း ရှေးဟောင်း သားရဲတစ်ကောင် ဖြစ်ပြီးတော့ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားထဲမှာလည်း ထိပ်ဆုံးကပဲ ရပ်တည်နေတယ်။ ခွန်အားအရ ပြောမယ်ဆိုရင် အဆင့်တူမွန်းစတား တော်တော်များများက သူ့ပြိုင်ဘက် မဟုတ်ဘူး။ မွန်းစတားစွယ်စုံ ကျမ်းထဲမှာ ဆန်းကြယ်မျောက်ဝံရဲ့ သားစဉ်မြေးဆက် သုံးကောင်ရှိပေမယ့် အဲ့ဒီထဲက တစ်ကောင်မှ ဒီကောင်ပုံမျိုး မဟုတ်ဘူး"

သွေးရဲရဲလေးက ပြောလိုက်သည်။

"ပြောရင်ကောင်းမလား၊ မပြောရင် ကောင်းမလားတော့ မသိဘူး။ သေတော့ မသေချာဘူး"

သွေးရဲရဲလေး တုံ့ဆိုင်းနေသဖြင့်

"ပြောစရာရှိတာ ပြောပါ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"ဒီမျောက်ဝံက ငါ့ကို မဖော်ပြနိုင်တဲ့ ထူးဆန်းတဲ့ ခံစားချက်တွေ ပေးနေတယ်။ တကယ်တော့

ပြီးခဲ့တဲ့ရက်ပိုင်းကတည်းက ဒီမျောက်ဝံအပြင် ဒီကျွန်းပေါ်မှာ ရှိနေတဲ့ မွန်းစတားအားလုံးက ငါ့ကို မသက်မသာဖြစ်စေတဲ့ ခံစားချက်ကို ပေးနေတယ်လို့ ခံစားရတယ်”

သွေးရဲရဲလေးက ကျယ်လောင်စွာ ပြောလိုက်သည်။

“တကယ်လား”

လင်းဟွမ်သည် ထိုစကားကို ကြားလျှင် ထူးဆန်းသွားသည်။

"ငါလည်း ဒီကျွန်းကို နည်းနည်းလေး ရင်းနှီးနေတယ်။ အရင်ကတည်းက ရောက်ဖူး နေသလိုပဲ"

လင်းဟွမ် ဘေးတွင် ရပ်နေသော ယုတ်ညံ့မှင်စာမိစ္ဆာက ဘေး ပတ်ပတ်လည်ကို ကြည့်ပြီးနောက် ပြောလိုက်သည်။

"ငါလည်း အဲ့ဒီလိုပဲ ခံစားရတယ်။ အရင်က ရောက်ဖူးသလိုလို ဖြစ်နေတယ်"

လင်းဟွမ်သည် ယုတ်ညံ့မှင်စာ မိစ္ဆာ၏ စကားကြောင့် အံ့အားသင့်နေစဉ် စုန်းမကလည်း ခေါင်းညိတ်ပြီး အတည်ပြုလိုက်သည်။

"ငါရောပဲ"

တမန်တော်မိစ္ဆာကလည်း ခေါင်းညိတ်ပြီး ထောက်ခံလိုက်ပြန်သည်။

"မင်းတို့တွေ ငါ့ရဲ့ဆင့်ခေါ်မွန်းစတား မဖြစ်ခင်က ဒီနေရာမှာ နေခဲ့တာလား"

လင်းဟွမ်သည် မိစ္ဆာသုံးကောင်လုံးက ခံစားချက်တူနေသည်ဟု ပြောလာသဖြင့် တိုက်ဆိုင်မှုတစ်ခုဟု မထင်တော့ချေ။

"ငါလည်း အဲ့ဒီလို ထင်နေတယ်။ ဒါပေမယ့် မှတ်ဉာဏ်က မရှင်းမလင်း ဖြစ်နေတယ်။ ပတ်ဝန်းကျင်ကို ကြည့်ပြီးတော့ ရင်းနှီးသလို ခံစားရတယ်"

ယုတ်ညံ့မှင်စာ မိစ္ဆာက ပြန်ဖြေလိုက်သည်။

"ရှောင်ဖိန်၊ မွန်းစတားကတ်တွေက သူတို့မသေခင် မှတ်ဉာဏ်တွေကို သိမ်းထားတာလား"

လင်းဟွမ်က ရှောင်ဖိန်နှင့် စိတ်ချင်း ဆက်သွယ်လိုက်သည်။

“ဒါက မွန်းစတားကတ်ရဲ့ ဖွဲ့စည်းပုံနဲ့ သက်ဆိုင်နေတယ်။ အခုလက်ရှိ မင်းရဲ့လုပ်ပိုင်ခွင့် အာဏာက ဒီအကြောင်းကို သိရဖို့ အခွင့်အာဏာ ရှိနေပြီ။ ဒါပေမယ့် မင်းက ဒီအကြောင်း ကြားချင်တာ သေချာလား”

“သေချာတယ်”

“တကယ်တော့ မွန်းစတားကတ်ရဲ့ ဖွဲ့စည်းပုံအရ မွန်းစတား အသေကောင်တွေရဲ့ အသွေးအသားနဲ့

ဝိညာဉ်တွေကို အမှုန်အမွှားအဖြစ် ပြောင်းပြီး ကတ်ပုံစံ ပြောင်းလဲလိုက်တာပဲ။ ကမ္ဘာသုံး ဘာသာစကားနဲ့ ရိုးရှင်းအောင် ရှင်းပြရမယ်ဆိုရင် ကွန်ပျူတာ ကမ္ဘာထဲမှာ အချက်အလက်တွေ ထည့်ထားတဲ့ သုံးဘက်မြင် သတ္တဝါနဲ့ အတူတူပဲ”

“ပို ရိုးရှင်းအောင် ပြောရမယ်ဆိုရင် မင်းက သုံးဘက်မြင်လူသား ဖြစ်ပြီး မင်းရဲ့ မွန်းစတားကတ်တွေက ကွန်ပျူတာထဲက အချက်အလက်တွေပဲ။ ငါကတော့ မင်း အသုံးပြုနေတဲ့ ကွန်ပျူတာပေါ့”

"ဒီလိုဆိုရင် မွန်းစတားကတ်ရဲ့ ခန္ဓာကိုယ်နဲ့ အသွေးအသားက ကမ္ဘာပေါ်မှာ ဘယ်လို ပေါ်လာတာလဲ။ ဒီကမ္ဘာကြီးကို ကွန်ပျူတာထဲက အချက်အလက်တွေ ဖြစ်တဲ့ သုံးဘက်မြင် သက်ရှိတွေအဖြစ် ပြောင်းလဲလို့ မရဘူး မဟုတ်လား"

လင်းဟွမ်သည် ရှောင်ဖိန်၏ စကားကို နားလည်သလိုလို ရှိသော်လည်း မေးခွန်းများသာ ပိုများ လာခဲ့သည်။

"ဒါက ငါ့ရဲ့ ဖြစ်တည်မှုကြောင့်၊ အချက်အလက်တွေကို တကယ့် အစစ်မှန်လောကထဲ ကြားဖြတ် ထည့်သွင်းလိုက်တာ"

"အချက်အလက်တွေက တကယ့်လောကကို ကြားဝင်နှောင့်ယှက်ခွင့် ပေးတာလား.."

လင်းဟွမ်သည် ခေါင်းညိတ် ပြပြီးနောက် တိတ်ဆိတ်သွားသည်။

"အခု နားလည်ပြီ။ ပြောချင်တာက မွန်းစတားကတ်တွေက သူတို့ မသေဆုံးခင် မှတ်ဉာဏ်တွေကို သိမ်းဆည်းထားတယ်ပေါ့"

"သူတို့တွေ ပြိုကွဲသွားရင်တောင် သူတို့ဗီဇကနေ အမွေဆက်ခံထားတဲ့ အချက်အလက်တွေနဲ့ သူတို့ ခေါင်းထဲမှာရှိတဲ့ အချက်အလက်တွေ အားလုံးကို ကူးယူထားတယ်။ ဒါပေမယ့် အလုပ် မရှုပ်စေဖို့ သူတို့မှတ်ဉာဏ်တွေကို အမျိုးအစား ခွဲခြားပြီး တချို့ကို ချိတ်ပိတ်ထားပေမယ့် သူတို့ရဲ့ မှတ်ဉာဏ် အများစုကတော့ ကျန်နေခဲ့တယ်။ သူတို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေး၊ စရိုက်လက္ခဏာတွေကို ထိန်းသိမ်းထားနိုင်ဖို့အတွက် လိုအပ်တဲ့အမှတ်တရ မှတ်ဉာဏ်တွေကိုတော့ လုံးဝ ချိတ်မပိတ်ထားဘူး။

ရင်းနှီးတဲ့ ပတ်ဝန်းကျင်နဲ့ အဖြစ်အပျက်တွေကို တွေ့ကြုံရတိုင်း ရင်းနှီးနေသလို ခံစားနေရတာ”

“ဒါဆိုရင် အစောပိုင်းက ကတ်ပုံစံကနေ လွတ်မြောက်လာတဲ့ အဓိပတိအရှင်သခင်က ဘယ်လို ဖြစ်တာလဲ”

လင်းဟွမ်က မေးလိုက်သည်။

“မင်းမှာ လုံလောက်တဲ့ အခွင့်အာဏာ မရှိလို့ မင်းက သက်ရှိမွန်းစတား တစ်ကောင်ကို ကတ်တစ်စိတ်တစ်ပိုင်း အနေနဲ့ပဲ ချိတ်ပိတ်လိုက်နိုင်တယ်။ ကတ်ရဲ့ တိုက်ခိုက်ရေးအဆင့်က မင်းရဲ့

လုပ်ပိုင်ခွင့် အခွင့်အာဏာထက် ကျော်လွန်နေလို့ ငါလည်း မဖိနှိပ်နိုင်တော့ဘဲ အဲ့ဒီမွန်းစတားက ဒီကမ္ဘာကြီးထဲ ပြန်ပြေးလာတာပဲ”

“မင်းက ငါ့ရဲ့စွမ်းအား အရင်းအမြစ်ပဲ။ မင်းရဲ့လုပ်ပိုင်ခွင့် အခွင့်အာဏာက ပိုမြင့်လာတာနဲ့အမျှ ငါက ပိုပြီး အစွမ်းထက်လာမှာပဲ။ မင်း အဖြူရောင်မီးလျှံအဆင့် မရောက်ခင်က ငါ့ရဲ့ အစွမ်းကို မင်းက ကန့်သတ်ထားလို့ ဂန္တဝင်အဆင့်ကတ်တွေကို ငါ မကိုင်တွယ်နိုင်ဘူး။ ဒါကြောင့် မင်းရဲ့ မွန်းစတားကတ်တွေ ဂန္တဝင်အဆင့်

တက်လှမ်းသွားတဲ့ အချိန်မှာ ငါက ချိတ်ပိတ် ထားရတာပဲ။ အဓိပတိ အရှင်သခင်က ကတ်ပုံစံ ရှိတယ်ဆိုပေမယ့် သူ့ရဲ့စွမ်းအား တစိတ်တပိုင်းကိုပဲ ချိတ်ပိတ်နိုင်ခဲ့တယ်။ သူရဲ့ အဓိက အစိတ်အပိုင်းတွေ မဟုတ်ဘူး။ ဒါကြောင့်လည်း သူက ပြန်ပြီး လွတ်မြောက်သွားတာ။"

"တကယ်လို့ မင်းသာ ငါ့ကို လုံလောက်တဲ့ စွမ်းအားတွေ ထောက်ပံ့ပေးမယ်၊ လုံလောက်တဲ့ လုပ်ပိုင်ခွင့် အခွင့်အာဏာ ရှိမယ်ဆိုရင် ငါက ဒီကမ္ဘာပေါ်မှာရှိတဲ့ မွန်းစတားအားလုံးကို ကတ်ပုံစံ

ပြောင်းနိုင်တယ်။ ဒါတင်မဟုတ်သေးဘူး ဒီကမ္ဘာကြီး တစ်ခုလုံးကိုတောင် ကတ်တစ်ခု ဖြစ်အောင် လုပ်နိုင်သေးတယ်”

လင်းဟွမ်သည် ရှောင်ဖိန်၏ စကားကြောင့် ပဟေဠိ ဖြစ်သွားသည်။

(သူ့ဆီမှာ လုံလောက်တဲ့ စွမ်းအားရှိတာနဲ့ ကမ္ဘာကြီးတစ်ခုလုံးကိုတောင် ကတ်ပုံစံ ပြောင်းလဲ နိုင်တာလား)

## အခန်း(၅၁၂) - အမျိုးအမည် မသိ မျောက်ဝံ။

လင်းဟွမ်သည် ရှောင်ဖိန်နှင့် ဆက်သွယ်ပြီးနောက် ရွှေလက်ချောင်းစနစ်က မည်ကဲ့သို့ အလုပ်လုပ်ဆောင်လဲ ဆိုသည်ကို ယခင်ကထက် ပို၍ နားလည်လာခဲ့သည်။ ရှောင်ဖိန်က ကမ္ဘာတစ်ခုလုံးကို ထိန်းချုပ် နိုင်လောက်အောင် အစွမ်းထက်သည့် အကြောင်းကို ယခင်က မသိခဲ့ပေ။ ခဏကြာမျှ စိတ်လွတ် သွားခဲ့ပြီးနောက် မေးချင်သည့် အကြောင်းအရာကို ပြန်သတိရလာသည်။

"ဒါဆိုရင် ဒီမိစ္ဆာသုံးယောက်က ဒီနေရာနဲ့ ရင်းနှီးပြီးသားလို့ ပြောချင်တာလား"

"ဟုတ်တယ်။ ဒီထက်ပိုပြီး ကျိုးကြောင်းဆီလျော်တဲ့ တခြားအကြောင်းပြချက် မရှိဘူး။ မိစ္ဆာတစ်ကောင်က ရင်းနှီးသလိုလို ခံစားရတာက တိုက်ဆိုင်မှု ဖြစ်နိုင်ပေမယ့် သုံးကောင်လုံးက တစ်ပုံစံတည်း ဖြစ်ပျက်နေတယ် ဆိုတော့ တိုက်ဆိုင်မှုတစ်ခု မဟုတ်တာ သေချာတယ်"

"သူတို့ရဲ့ မှတ်ဉာဏ် အပိုင်းအစကို အရင်က မမြင်ဖူးဘူးလား"

လင်းဟွမ်သည် ရှောင်ဖိန်၏ ဖြေရှင်းချက်က ထူးဆန်းသည်ဟု တွေးလိုက်မိသည်။

“သူတို့ကို ကတ်ပုံစံ ပြန်ဖွဲ့စည်းတဲ့အချိန်မှာ သူတို့ခန္ဓာကိုယ်ထဲက အချက်အလက်တွေက ရှုပ်ယှက်ခတ်နေတာကို ငါ တွေ့လိုက်တယ်။ အဲ့ဒါနဲ့ ငါမှတ်ဉာဏ် အချို့ကို ဖျက်ခဲ့တယ်။ သူတို့ရဲ့ မှတ်ဉာဏ်တွေကို ပြန်စီတဲ့အချိန်မှာ ဒီနေရာနဲ့ ပတ်သက်တဲ့အရာ ဘာတစ်ခုမှ မတွေ့ဘူး။ ဖျက်ခဲ့တဲ့မှတ်ဉာဏ်က ဘာလဲဆိုတာ ငါလည်း မမှတ်မိဘူး”

"သူတို့ကို လျှို့ဝှက်ဆန်းကြယ် လေလံပွဲမှာ ပထမဦးဆုံး တွေ့ခဲ့ပြီး ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းက ခေါ်လာခဲ့တယ်။ သူတို့ကလည်း အရင်က ဒီနေရာကို ရောက်ဖူးတယ်ဆိုတော့ ဒီနေရာက ရမ်းရောင်ကျီးကန်း အဖွဲ့အစည်းရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေတဲ့ ဝပ်ကျင်းစခန်း နယ်မြေတစ်ခုလား..."

လင်းဟွမ်သည် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းနှင့် တွေ့ဆုံသည့် အခါတိုင်း

ကောင်းမွန်သည့် အဖြစ်အပျက်များ မရှိသောကြောင့် မျက်မှောင်ကြုတ်သွားသည်။

"အဲ့ဒါ ဖြစ်နိုင်တယ်။ ဒီမိစ္ဆာကောင် သုံးကောင်ကို လူသားတွေ မွမ်းမံထားတာ ဖြစ်နိုင်တယ်လို့ အရင်က ငါပြောဖူးတာ မှတ်မိလား။"

"ငါ မှတ်မိတယ်။ သူတို့သုံးကောင်က လေလံပွဲထဲမှာ ပိုတောင် ကြောက်စရာကောင်းသေးတယ်။ အရင်က ဘာတွေ ဖြစ်ခဲ့သေးလဲ ဆိုတာ သူတို့ကိုတောင် မေးခဲ့သေးတယ်"

"ဒီကျွန်းပေါ်မှာရှိတဲ့ မွန်းစတားတွေဆီက ထွက်လာတဲ့ အော်ရာကလည်း မိစ္ဆာသုံးကောင်နဲ့ အတူတူပဲဆိုတာ သွေးရဲရဲလေးရဲ့ မျှော့မျိုးစေ့ စောင့်ကြည့်မှုကနေ တစ်ဆင့် ငါသိလိုက်ရတယ်။ မိစ္ဆာတွေကို ကတ်ပုံစံ မပြောင်းသေးခင်က ထွက်လာတဲ့ အော်ရာနဲ့ အတူတူပဲ။ ဒီကျွန်းပေါ်မှာပဲ ပြုပြင် မွန်းမံထားတာလားလို့ ငါတော့ သံသယ ဖြစ်မိတယ်။"

"ဒီကျွန်းတစ်ခုလုံးက ခေတ်ခွဲခန်း ဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ ဒါပေမယ့် သဘာဝတရားက

ဖန်ဆင်းထားတာလား ဒါမှမဟုတ် လူသားက လုပ်ထားတာလား ဆိုတာတော့ အခု လောလောဆယ်တော့ အတည် မပြုနိုင်သေးဘူး။ ဒါကြောင့် ဒီနေရာကို နောက်ဆုံးနေရာ အနေနဲ့ ရွေးခိုင်းခဲ့တာပဲ။ မင်းက ဒီကျွန်းပေါ်က မွန်းစတားတွေကို တတ်နိုင်သမျှ များများသတ်ပေး။ အဲ့ဒါမှ ငါက မွန်းစတားတွေကို ခွဲခြမ်းစိတ်ဖြာပြီး လေ့လာနိုင်မှာ”

“ငါ နားလည်ပြီ”

လင်းဟွမ် ခေါင်းညိတ်လိုက်သည်။

အကယ်၍ ဤနေရာက ခရမ်းရောင်ကျီးကန်းအဖွဲ့အစည်းနှင့် အမှန်တကယ် သက်ဆိုင်ပါက ဒီနေရာတစ်ခုလုံး ပျက်စီးသွားလျှင်ပင် သူ့စိတ်ထဲ ဘာမှမဖြစ်ချေ။ ထိုကဲ့သို့ မဟုတ်လျှင်ပင် သူ၏ကံကြမ္မာ မီးလျှံ ကြီးထွားလာစေရန် မွန်းစတားများကို သတ်ဖြတ်ဖို့အတွက် သင့်တော်သော နေရာတစ်ခုပင် ။

“ကဲ... သွားကြစို့...”

လင်းဟွမ်က မိစ္ဆာသုံးကောင်ကို လက်ပြလိုက်သည်။

"အခု လောလောဆယ်တော့ ဘာမှမလုပ်ဘူး… အရင်ဆုံး သတ်ဖို့ ကြိုးစားလိုက်ရအောင်"

လင်းဟွမ်သည် ပြောပြီးနောက် နှစ်ဆတိုး အရှိန်ကို အသက်သွင်းကာ မျောက်ဝံရှိရာထံ ပြေးသွားသည်။ သူ၏ဦးတည်ရာသို့ ရောက်ရှိရန် အချိန် ခဏလေးမျှသာ ကြာမြင့်ခဲ့သည်။

ဤမျောက်ဝံသည် မီတာနှစ်ရာ မြင့်သည်။ သူ ကြုံတွေ့ခဲ့ရသော မြွေနဂါးကြီးနှင့် ယှဉ်ပါက နှိုင်းယှဉ်၍ မရလောက်အောင် အော်ရာက အစွမ်း ထက်လွန်းသည်။

မျောက်ဝံတွင် ခေါင်းသုံးလုံးပါရှိပြီး အစိမ်းရောင် အမွေးများ ရှိသည်။ ခေါင်းတစ်ခုချင်းစီတွင် အဖြူရောင် မျက်လုံး ခြောက်ခုစီပါရှိပြီး သွားများက သားရဲတစ်ကောင်ကဲ့သို့ ချွန်ထက်နေသည်။ သွားများသည် အလွန်ကြီးမားသောကြောင့် ပါးစပ် ပိတ်၍ မရချေ။

လက်ခြောက်ခုသည် ဗလများ တောင့်တင်းပြီး တစ်ခုချင်းစီက ၎င်း၏ပေါင်ထက် အဆ အနည်းငယ် ပိုကြီးမားသည်။ ၎င်း၏ခန္ဓာကိုယ် အပေါ်ပိုင်းမှာ ကြောက်စရာ ကောင်းလောက်အောင် ကြံ့ခိုင်လွန်း၏။

၎င်း၏ လက်ဖဝါးမှာ အလွန်ကြီးမားပြီး သူ့မျက်နှာထက် သေးငယ်ခြင်း မရှိပေ။

အရှေ့ဘက်တွင် လည်ပင်းမှ ပေါင်အထိ ကြေးခွံများက အသေးစိတ် ဖုံးလွှမ်းနေသည်။ အနောက်ဘက်တွင် လည်ပင်းမှ အောက်ဖက်အထိ ရွှေရောင် သတ္တုပုံစံ ချပ်ဝတ်တန်ဆာ တစ်ခုရှိပြီး အမြီးအဆုံးမှာ ရွှေရောင် သတ္တုအပ်တစ်ချောင်းနှင့် တူနေသည်။

၎င်း၏ ခြေထောက်များသည် လက်များထက် သေးသွယ်သော်လည်း သာမန် မျောက်ဝံများနှင့် နှိုင်းယှဉ်ပါက ကြွက်သားပိုများပြီး သန်စွမ်းသည်။

အနက်ရောင် ခြေဖဝါးများက မြေပေါ်တွင် လမ်းလျှောက်သည့်အခါ သံကြိုးနှင့် ထုလိုက်သကဲ့သို့ တဒုန်းဒုန်း အသံများ ထွက်ပေါ်နေသည်။ ကျောက်စရစ်ခဲများ ကွဲကြေပြီး မြေပေါ်တွင် နက်ရှိုင်းသော ခြေရာများ ထင်ကျန်ခဲ့သည်။

"ခုခံအား ကောင်းလွန်းတဲ့ မွန်းစတား တစ်ကောင်ပဲ"

လင်းဟွမ်သည် စစ်ဆေး အကဲခတ်ပြီးနောက် မွန်းစတား အမျိုးအစား ခွဲခြားသတ်မှတ်လိုက်သည်။

"တစ်ခုတည်းသော အားနည်းချက်က သူ့ခန္ဓာကိုယ် ဘေးနှစ်ဖက်ပဲ။ ဒါပေမယ့် ခေါင်းမှာ နှစ်လုံးနဲ့ လက်ကလေးဖက် အပို ရှိနေသေးတယ်။ ခက်တယ်ကွာ"

လင်းဟွမ်က မျောက်ဝံကို အကဲခတ်နေစဉ် မျောက်ဝံက လင်းဟွမ်ရောက်ရှိနေကြောင်း သတိထားမိသွားသည်။ လင်းဟွမ်သည် အန္တရာယ်ကင်းပုံ ပေါက်နေသဖြင့် ၎င်း၏ အဖြူရောင်မျက်လုံး

(၁၈)လုံးနှင့် လင်းဟွမ်ကို စိုက်ကြည့်နေသည်။ ကံကောင်းထောက်မစွာဖြင့် သူ့ထံတွင် အဖုအပိမ့်ကြောက်သည့် ရောဂါ မရှိပေ။ ထိုသို့မဟုတ်ပါက ကြက်သီးမွေးညင်းများ ထ၍ အော်ဂလီ ဆန်နေလိမ့်မည်။

မျောက်ဝံသည် လင်းဟွမ်ကို အသေစိုက်ကြည့်နေပြီး ရန်သူလား၊ မိတ်ဆွေလား ဆိုသည့် အချက်ကို စိတ်အနှောင့်အယှက် ဖြစ်ပုံမရှိချေ။ ထို့နောက် တိုက်ရိုက် ပြေးဝင်လာသည်။

"ဟာ... တစ်ခါတည်း တန်းတိုက်တာလား။ ကြည့်ရတာ တိုက်ပွဲဗီဇပဲ ရှိတဲ့ပုံပဲ"

သွေးရဲရဲလေးက တိုးတိုးလေး ပြောလိုက်သည်။

"ပြီးပြည့်စုံတယ်..."

လင်းဟွမ်က အော်ဟစ်ပြီး လက်ထဲတွင် တိုက်ပွဲဝင် ဓါးတစ်ချောင်း ဆွဲကိုင်လိုက်သည်။ ထို့နောက် တမန်တော်အရှိန်နှင့် မိုးကြိုးခြေလှမ်းကို အသက်သွင်းပြီး မျောက်ဝံထံ ပြေးဝင်သွားသည်။

"မိုးကြိုးဆူး..."

ခါးသွားပေါ်တွင် အဖြူရောင် လျှပ်စီးများ တဖျတ်ဖျတ် တောက်ပလာကာ လေထုကို ဖြတ်သန်းသွားသည်။ တမန်တော်အရှိန်၊ မိုးကြိုးခြေလှမ်း၊ မိုးကြိုးဆူးတို့၏ ပေါင်းစပ်မှုကြောင့် အလွန် လျင်မြန်နေသဖြင့် လင်းဟွမ်က အဖြူရောင် လျှပ်စီးကြောင်း တစ်ခုအဖြစ် ပြောင်းလဲသွားသလို ထင်ရသည်။ လေထဲတွင် လခြမ်းပုံစံ အဖြူရောင်အလင်းတစ်ခု ဖျတ်ခနဲ လက်သွားပြီး လင်းဟွမ်ထံ ပြေးဝင်လာသော မျောက်ဝံကြီးထံ တိုးဝင်သွားသည်။

မျောက်ဝံကြီးသည် ၎င်း၏ ကြွက်သား ကြီးမားသော လက်နှစ်ဖက်ကို ဖွေ့ယမ်းလိုက်ရာ ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ လေပြင်းတစ်ချက် တိုက်ခတ်ပြီးနောက် လေထဲတွင် လှိုင်းဂယက်ကြီးတစ်ခု ပေါက်ကွဲသွား၏။

အဖြူရောင် အလင်းတန်းသည် ကြီးမားသော လက်သီးကြီးနှင့် ထိမိသွားရာ

ဘုန်း...

ထိပ်တိုက် ထိခိုက်မှုက မိုးကြိုးပစ်သလို မဟုတ်ပေ။ ထိုအစား ချူကလီးယားဗုံး တစ်ခု ပေါက်ကွဲသွားသည်နှင့် ဆင်တူသည်။ သက်ရောက်မှုကြောင့် ထိုနေရာကို ဗဟိုပြုပြီး အစိမ်းရောင်နှင့် အဖြူရောင် လှိုင်းဂယ်ကြီးက ကောင်းကင်ယံပေါ်တွင် ဖြာထွက်လာသည်။ စွမ်းအင်လှိုင်းဂယက်များက လေထဲတွင် လှိုင်းထန်ကာ တစ်ဟုန်ထိုး ပျံ့နှံ့သွားသည်။ ထိုနေရာ အနီးတစ်ဝိုက်ရှိ (၇၂၈.၅) ကီလိုမီတာ အတွင်းရှိ အရာရာတိုင်းမှာ လုံးဝ ပျက်စီးသွားသည်။

ထို့နောက် အရိပ်နှစ်ခု ဆန့်ကျင့်ဘက် အရပ်သို့ လွင့်ထွက်သွားသည်။ တစ်ခုမှာ ဧရာမ မျောက်ဝံကြီးပင် ။

“ဒီလောက် အစွမ်းထက်တဲ့ ခွန်အား...”

လင်းဟွမ်က အော်ဟစ်လိုက်သည်။

မျောက်ဝံကြီးသည် အင်မော်တယ် အဆင့်(၂)သာ ရှိသေးသော်လည်း ၎င်း၏အစွမ်းမှာ အင်မော်တယ် အဆင့် (၃) ထက် ကျော်လွန်ပြီး အင်မော်တယ် အဆင့်(၄)နှင့်ပင် တူညီလုနီးပါး ဖြစ်နေသည်။

လင်းဟွမ်သည် ပုံပျက်နေသော သူ့လက်ကို ကြည့်လိုက်ရာ မျောက်ဝံကြီးနှင့် ထိပ်တိုက် ရင်ဆိုင်မိပြီး ကျိုးကြေသွားကြောင်း သိလိုက်သည်။

ကံကောင်းထောက်မစွာဖြင့် သူ့တွင် နတ်ဆိုးဆန်သော ပြန်လည်ကုသရေး မွန်းစတား စွမ်းရည်ကြောင့် သူ့လက်ကို ချက်ချင်း ကုသ နိုင်ခဲ့သည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် ကျိုးနေသော အရိုးများအားလုံး လုံးဝ ပျောက်ကင်းသွားပြီး ဒဏ်ရာ ဖြစ်ခဲ့သည်မှာ ထင်ယောင်ထင်မှား ဖြစ်ခဲ့သလိုပင်။

“မိုးကြိုးဆူးကြောင့် ထိခိုက်တဲ့ပုံလည်း မရှိဘူး”

လင်းဟွမ်သည် မျောက်ဝံကြီးကို လေးနက်စွာ စိုက်ကြည့်လိုက်ပြီး

“တခြားဟာ စမ်းကြည့်ဖို့ လိုနေပြီ”

## အခန်း(၅၁၃) - ပါမောက္ခ ကျင်း။

လင်းဟွမ်သည် ထိုတိုက်ခိုက်မှု တစ်ခုတည်းမှနေ၍ ဒီမျောက်ဝံသည် သူ မျှော်လင့်ထားသည်ထက် အများကြီး ပိုအစွမ်းထက်ကြောင်း သေချာ သွားခဲ့သည်။ ကံကောင်း ထောက်မစွာဖြင့် ကြီးကြီးမားမား ဒဏ်ရာရ၍ ကျိုးခဲ့သော လက်သည် နတ်ဆိုးဆန်သော ကုသမှုစွမ်းရည်ကြောင့် ချက်ချင်း ပြန်လည် ကောင်းမွန်လာခဲ့သည်။

မျောက်ဝံကြီးက လင်းဟွမ်ထံ နောက်တစ်ကြိမ် ပြေးဝင်လာပြီး ကြီးမားသော ခြေလှမ်းကြီးများနှင့် လင်းဟွမ်ထံ ချက်ချင်း ရောက်လာသည်။

လင်းဟွမ်သည် မျောက်ဝံကြီး လုပ်ဆောင်နေသည်ကို စောင့်ကြည့်ရင်း တစ်ခုခု သဘောပေါက်လာသည်။

"ဒါဆို ဒီလိုပေါ့ ။ မျောက်ဝံအများစုက သွက်လက်ရုံတင်မကဘူး လျင်လဲ လျင်မြန်တယ်။ ဒါပေမယ့် ဒီကောင်ကတော့ ခွန်အားနဲ့ခုခံမှုမှာ

အားကောင်းပြီးတော့ သွက်လက်မှုနဲ့ လျှင်မြန်မှုမှာ သိသိသာသာ အားနည်းနေတာပဲ”

မျောက်ဝံသည် လင်းဟွမ်ရှေ့ ရောက်သည်နှင့် လက်သီးကိုလွှဲ၍ နောက်တစ်ကြိမ် ထိုးလိုက်သည်။

လင်းဟွမ်သည် မိုးကြိုးခြေလှမ်း အကူအညီဖြင့် နောက်ဆုတ်ကာ မျောက်ဝံနှင့် ခပ်ဝေးဝေး ရောက်သည့်အထိ ဆုတ်ခွာလိုက်သည်။ မျောက်ဝံ၏ လက်သီးသည် လွဲချော်သွားပြီး လေထဲတွင် လေသံတစ်ခု ထွက်ပေါ် လာသော်လည်း လင်းဟွမ်ကို ထိခိုက်ခြင်း လုံးဝ မရှိခဲ့ပေ။

ထို့အပြင် မျောက်ဝံကြီးသည် ၎င်း၏လက်သီးအား အန္တရာယ် မရှိစေဘဲ လုံး၀ ရှောင်လိုက်သည်ကို မြင်လျှင် ဒေါသတကြီး ဖြစ်လာသည်။ သို့သော်လည်း ဒီထက် ပို၍ မမြန်နိုင်တော့ချေ။

"ကြည့်ရတာ ဒါက အမြန်ဆုံးပဲ ထင်တယ်။ ကောင်းတယ် ပြည့်စုံတယ်"

လင်းဟွမ်က အကြံများစွာဖြင့် ပြုံးလိုက်သည်။

လေထဲ ခုန်တက်ပြီး မျောက်ဝံကြီးကို လှည့်ပတ်၍ ပြေးလိုက်သည်။ မျောက်ဝံကြီးက လက်သီးကို မြှောက်၍ ထပ်ထိုးလိုက်သော်လည်း လင်းဟွမ်က

ငါးရှဥ့်တစ်ကောင်ကဲ့သို့ ချောမွေ့စွာ ရှောင်ရှား လိုက်သည်။

လင်းဟွမ်လက်ထဲမှ ဓါးသည် အဖြူရောင် ကံကြမ္မာစွမ်းအားများ ဖုံးလွှမ်းလာပြီး မျောက်ဝံကြီးကို တိုက်ခိုက်လိုက်သည်။

မျောက်ဝံကြီး၏ ရွှေရောင် ကြေးခွံများကြားတွင် အဖြူရောင် အက်ကွဲကြောင်းများ ပေါ်လာသော်လည်း ထိုခုခံမှုကို မကျော်လွှား နိုင်ခဲ့ပေ။

လင်းဟွမ်သည် မျောက်ဝံကြီးက လက်သီးလွှဲပြီး နောက်တစ်ကြိမ် ပြန်မထိုးခင် နောက်ပြန်ဆုတ်လိုက်သည်။

"ငါ မချိုးဖျက်နိုင်ဘူး။ ဒီကြေးခွံတွေရဲ့ ခုခံမှုက အင်မော်တယ် အဆင့် (၃) ထက်တောင် ပိုပြီးတော့ မြင့်မားနေသေးတဲ့ပုံပဲ"

လင်းဟွမ်သည် မျောက်ဝံ၏ ဘေးနှစ်ဖက် နှစ်ချက်ကို အကဲခတ် လေ့လာနေသည်။

ဝေါင်း.....

ရုတ်တရက် မျောက်ဝံကြီးသည် ကောင်းကင်ပေါ် မော့ကြည့်ပြီး ဒေါသတကြီး ဟိန်းဟောက်လိုက်သည်။ လင်းယွှမ်၏ အဆက်မပျက် တိုက်ခိုက်မှုကြောင့် ရှုံးသွပ်သည့်အထိ ဒေါသပေါက်ကွဲလာသည်။ ၎င်း၏ခုခံမှုကို မချိုးဖျက်နိုင်ခဲ့သော်လည်း ဓါးခုတ်ချက်ကြောင့် နာကျင်ခဲ့ရသည်။ ထို့အပြင် အစကတည်းက ၎င်း၏ တိုက်ခိုက်မှုများသည် လင်းယွှမ်ကို တစ်ချက်မှ မထိခဲ့သောကြောင့် ဒေါသ ထွက်လာခဲ့သည်။

"ဒီကောင်က ဉာဏ်မကောင်းဘူး ထင်တယ်။ တိုက်ပွဲဗီဇကို အားကိုးရုံသက်သက်ပဲ"

လင်းဟွမ်သည် အင်ပါယာနှလုံးသား လက်စွပ်မှ နာရီကို တစ်ချက်ကြည့်လိုက်ကာ

"ငါ့မှာ (၁၈) မိနစ်ပဲ ကျန်တော့တယ်။ ဒီလိုမျိုး အချိန်ဖြုန်းနေရတာ အဓိပ္ပါယ်မရှိဘူး"

လင်းဟွမ်သည် အတွေးထဲမှ ရုန်းထွက်ပြီး ဓါးကို ဝှေ့ယမ်းကာ မျောက်ဝံကြီးထံ ပြေးဝင်သွားသည်။

...

"ဘာတွေ ဖြစ်နေတာလဲ။ ကျွန်းပေါ်မှာ ဘယ်သူတွေ တိုက်ခိုက်နေတာလဲ"

ပဟော်ဌီကျွန်း၊ ပင်လယ်အောက်ရှိ ရောမ ခါတ်ခွဲခန်းကြီးအထဲတွင်....

မှန်ထည် ပစ္စည်းများက တစ်ခုနှင့်တစ်ခု တိုက်မိနေကြသည်။

အဖြူရောင် ကုတ်အင်္ကျီဝတ်ဆင်ထားပြီး ငွေရောင်ဆံပင် ရှိသော ပိန်သေးသေး အဖိုးအိုတစ်ယောက်က လူလတ်ပိုင်း အမျိုးသားကို ဒေါသထွက်စွာ စိုက်ကြည့်လိုက်ရာ

“တောင်းပန်ပါတယ် ပါမောက္ခကျင်း။ လူငယ်တစ်ယောက်က ပဟေဠိကွန်းကို ကျူးကျော်ဝင်ရောက်လာပြီး ခေါင်းသုံးလုံး မျောက်ဝံနဲ့ တိုက်ခိုက်နေပါတယ်”

လူလတ်ပိုင်း အမျိုးသားက ရှင်းပြလိုက်သည်။

“လူငယ် တစ်ယောက်လား”

ပါမောက္ခကျင်း ဟုခေါ်သော အဖိုးအိုမှာ စိတ်ဝင်စားသွားပုံပင်

“ငါ့ကို ပြစမ်း”

လူလတ်ပိုင်း အမျိုးသားက ပါမောက္ခကျင်းကို စောင်ကြည့်ရေး အခန်းထဲ ခေါ်သွားသည်။ လူတော်တော်များများက အဖြစ်အပျက်ကို စောင့်ကြည့် နေခဲ့ကြသည်။ ပါမောက္ခကျင်း ပေါ်လာသည်နှင့် သူတို့အားလုံး ချက်ချင်း ထွက်သွားကြသည်။

ပါမောက္ခကျင်းက မျက်မှောင်ကြုတ်ပြီး စောင့်ကြည့်ရေး ကင်မရာကို စိုက်ကြည့် လိုက်သည်။ မြောက်ဝံကြီးနှင့် လင်းဟွမ်တို့၏ တိုက်ပွဲကို တိုက်ရိုက် ထုတ်လွှင့်ပြသထားသည်။

“တော်တော်လေး ငယ်သေးတာပဲ။ အသက် (၂၀)တောင် မပြည့်သေးဘူး”

လင်းဟွမ်ကို မြင်လိုက်လျှင် ပါမောက္ခကျင်းက အလန့်တကြား ရေရွတ်လိုက်သည်။

“သူ့ရဲ့ တိုက်ခိုက်ရေးအဆင့်က ဘယ်လောက်လဲ”

ပါမောက္ခကျင်းက သူ့ဘေးမှ လူလတ်ပိုင်း အမျိုးသားကို လှည့်ကြည့်ပြီး မေးလိုက်ရာ

"အဖြူရောင် မီးလျှံအဆင့်ပဲ။ ဒါပေမယ့် ဓါတ်ကြွင်းတစ်ခုခု သုံးပြီး တကယ့် တိုက်ခိုက်ရေး အဆင့်ကို ဖုန်းကွယ်ထားတယ်လို့ ထင်မိပါတယ်"

လူလတ်ပိုင်း အမျိုးသားက ထိုကဲ့သို့ ယူဆနေသည်။

"ပုံမှန်ဆိုရင်တော့ လူသားတွေက အဆင့်ကြီးတစ်ခုကို အဆင့်ကျော်ပြီး တိုက်ခိုက်ဖို့ မဖြစ်နိုင်ဘူး။ ဒဏ္ဍာရီလာ အထွတ်အထိပ် ပါရမီရှင်တွေပဲ လုပ်နိုင်တယ်။ နောက်ပြီးတော့ ခေါင်းသုံးလုံး မျောက်ဝံကြီးက သန္ဓေနှစ်ကြိမ်ပြောင်း

အင်မော်တယ်အဆင့် (၂) မွန်းစတားတစ်ကောင်၊ သူရဲ့ ခွန်အားနဲ့ကာကွယ်ရေးက အင်မော်တယ် အဆင့်(၃) ကိုတောင် ကျော်လွန်နေပြီ။ အင်မော်တယ်အဆင့် (၂) လူသား တစ်ယောက်ကတောင် ခက်ခက်ခဲခဲ တိုက်ခိုက် ရလိမ့်မယ်”

ပါမောက္ခကျင်းက ဆက်လက် စောင့်ကြည့် နေခဲ့သည်။

လင်းဟွမ်သည် ကြိုးစားပြီး တိုက်ခိုက်ခဲ့သော သူ၏ တိုက်ခိုက်မှုများ မအောင်မြင်ခဲ့ပြီးနောက်

နောက်တစ်ကြိမ် တိုက်ခိုက်ရန် အရှိန်မြှင့်ခဲ့သော်လည်း ယခုတစ်ကြိမ်တွင် ခေါင်းသုံးလုံး မျောက်ဝံကြီး၏ အားအနည်းဆုံး နေရာဖြစ်သည့် ဘေးနှစ်ဖက်သို့ ချိန်ရွယ်ထားသည်။ တစ်မိနစ်အတွင်းမှာပင် ခေါင်းသုံးလုံး မျောက်ဝံကြီး ဒဏ်ရာ အပြင်းအထန် ရသွားသည်။

စိတ်ဓါတ် ကျဆင်းနေသော ခေါင်းသုံးလုံး မျောက်ဝံကြီးသည် သွေးရူးသွေးတန်း အခြေအနေ ရောက်ရှိသွားပြီး ခန္ဓာကိုယ်က ပိုကြီးထွားလာသည်။

၎င်း၏ ခံနိုင်ရည်၊ ခုခံမှုအရှိန်နှင့် အမြန်နှုန်းက သိသိသာသာ တိုးတက်လာသည်။

လင်းဟွမ်သည် သစ်ကိုင်းများ ကြားထဲတွင် ပြေးလွှားနေသော မျောက်ပေါက်လေး တစ်ကောင်ကဲ့သို့ မျောက်ဝံကြီး၏ လက်များကို အေးအေးလူလူ ရှောင်တိမ်းနေခဲ့သည်။

ခေါင်းသုံးလုံး မျောက်ဝံကြီးက ၎င်း၏ ချို့ယွင်းချက်များကို ထပ်တလဲလဲ ပြသနေစဉ် လင်းဟွမ်က ခေါင်းသုံးလုံး မျောက်ဝံကြီး၏ မျက်လုံး(၁၈) လုံးကို ထိုးဖောက်နိုင်ခဲ့သည်။

ထို့နောက် မျောက်ဝံကြီး၏ ခန္ဓာကိုယ် ဘေးဘက်ခြမ်းမှနေ၍ နှလုံးကို ထိုးဖောက်ခဲ့သည်။ ထိုဖြစ်စဉ် တစ်ခုလုံးသည် ဆယ်မိနစ်ပင် မကြာခဲ့ချေ။

ပါမောက္ခကျင်းသည် မျက်တောင်တစ်ချက်မှ မခတ်ဘဲ ထိုမြင်ကွင်းကို စောင့်ကြည့်နေခဲ့ပြီး

“ကျွန်းကို ချက်ချင်း ပိတ်ချလိုက်”

ပါမောက္ခကျင်းသည် လင်းဟွမ်က ခေါင်းသုံးလုံး မျောက်ဝံကြီးကို သတ်ဖြတ်ပြီးသည်နှင့် ချက်ချင်း အော်ဟစ်လိုက်သည်။

"ဟုတ်ကဲ့"

လူလတ်ပိုင်း အမျိုးသားက အသံလွှင့်ခရုကို ထုတ်ကိုင်ကာ ဌာနတစ်ခုမှ လူတစ်ယောက်ကို ချက်ချင်း လှမ်းပြောလိုက်သည်။

"ပဟေဠိကျွန်းကို ချက်ချင်း ပိတ်ချ"

လူလတ်ပိုင်း အမျိုးသားသည် ညွှန်ကြားပြီးနောက် ပြန်လှည့်ကြည့်၍

"ပါမောက္ခ ငါတို့ သူ့ကို သတ်အုံးမှာလား"

"မင်း တော်ုံးလား။ သူ့ကို အရှင်ဖမ်း"

ပါမောက္ခကျင်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဟုတ်။ အခုပဲ စီစဉ်လိုက်ပါ့မယ်"

လူလတ်ပိုင်း အမျိုးသားက ယဉ်ယဉ်ကျေးကျေး ပြန်ပြောသည်။

"ခဏနေဦး၊ သူ့ရဲ့ အရည်အချင်းကို စမ်းသပ်ကြည့်ချင်သေးတယ်"

ပါမောက္ခကျင်းက လက်မြှောက်ပြီး တားလိုက်သည်။

"အင်မော်တယ်အဆင့် (၁) ငရဲမိစ္ဆာ ဆယ်ကောင်ကို လှောင်အိမ်ထဲက လွှတ်ပေးလိုက်။ အဲ့ဒီလူငယ်ကို ပစ်မှတ်ထားပါစေ"

"ဆယ်ကောင်လား၊ သူ့ကို သတ်မလို့လား"

လူလတ်ပိုင်း အမျိုးသား ကြောင်သွားသည်။

"သူ့ကို စောင့်ကြည့်ဖို့ပါ။ မသတ်ဘူး။ အသက်ရှင်ရက် လိုချင်တယ်"

"ဟုတ်၊ ချက်ချင်း စီစဉ်လိုက်ပါ့မယ်"

လူလတ်ပိုင်း အမျိုးသားက ခေါင်းငြိမ့်ပြီး ထွက်သွားသည်။

"ဒီကောင်လေးက ဒဏ္ဍာရီလာ အထွတ်အထိပ်ပါရမီရှင် ဖြစ်နိုင်တယ်။ ငါတို့ သူ့ကိုဖမ်းပြီး စမ်းသပ်မှု လုပ်လိုက်တာနဲ့ ပိုအစွမ်းထက်တဲ့ မွန်းစတားတစ်ကောင် ဖန်တီးနိုင်ဖို့ သေချာတယ်"

ပါမောက္ခကျင်းက လောဘစိတ် ပြင်းထန်နေသော မျက်လုံးများနှင့် စောင့်ကြည့်ရေး မျက်နှာပြင်ကို လှမ်းကြည့်လိုက်သည်။

...

“မော်ကွန်းအဆင့် မွန်းစတားကတ် - ခေါင်းသုံးလုံးမျောက်ဝံ (အမျိုးအမည်မသိ မွန်းစတားအမျိုးအစား) ကတ်နှစ်ခု ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“အဆင့် သုံးဆင့်ကျော်ပြီး သတ်ဖြတ်ခဲ့တဲ့ ဆုကြေးကံစမ်းမဲ ကတ် (၃၀) ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“မွန်းစတားကတ် အပြည့်အစုံ ရလိုက်တာလား”

လင်းဟွမ် မျက်ခုံးပင့်လိုက်သည်။ အဆင့်ကျော် သတ်ဖြတ်မှု ဆယ်ခုကို လုပ်ဆောင်ပြီး၍ ကံစမ်းမဲကတ် (၃၀၀) ရရှိခဲ့သည့်အပြင် အံ့သြစရာကောင်းအောင် မွန်းစတားကတ် အပြည့်အစုံ နှစ်ကတ် ရရှိခဲ့သည်။

“သုတေသနလုပ်ဖို့အတွက် မွန်းမံထားတဲ့ မွန်းစတား အလောင်းတွေ အများကြီး လိုတယ်လို့ ငါမင်းကို ပြောပြီးပြီ။ ဒီခေါင်းသုံးလုံး မျောက်ဝံကတ်က မင်းကို ကြိုပြီး ဆုပေးထားတာ။

ဒါပေမယ့် သတင်းဆိုးလည်း ရှိတယ်။ ဒီကျွန်းကြီးကို ပိတ်ချလိုက်ပြီ”

## အခန်း(၅၁၄) - ကစားပွဲလေး တစ်ခု။

”ကျွန်းပေါ်မှာ တစ်ယောက်ယောက် ရှိနေတာလား”

ရှောင်ဖိန်က ကျွန်းကို ပိတ်ချလိုက်ပြီးဟု ပြောလိုက်သည့် အချိန်တွင် လင်းဟွမ်စိတ်ထဲ၌ ပထမဦးဆုံး ပေါ်လာသော အတွေးမှာ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းပင်။ မိစ္ဆာသုံးကောင်ကို ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက လေလံပွဲသို့ ခေါ်လာခဲ့ခြင်းသာ ...

"ဒီရက်ပိုင်းအတွင်း ဒီကျွန်းကို စစ်ဆေးခဲ့သေးတယ်။ လူ လုပ်ထားတဲ့ အဆောက်အဦး မရှိဘူး။ ပိတ်ချမှု လုပ်လိုက်တယ်ဆိုတော့ ရန်သူက ကျွန်းအောက်မှာပဲ ဖြစ်ဖြစ်၊ ကျွန်းအပြင်ဘက် တစ်နေရာရာမှာပဲ ဖြစ်ဖြစ် ပုန်းနေမှာ သေချာတယ်။ ငါတို့ကိုလည်း စောင့်ကြည့်နေလိမ့်မယ်"

သွေးရဲရဲလေးက အခြေအနေကို ခွဲခြမ်းစိတ်ဖြာလိုက်သည်။

လင်းဟွမ်သည် အင်ပါယာ နှလုံးသား လက်စွပ်ပေါ်ရှိ ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်ရာ အချက်ပြလှိုင်းများနှင့် ကွန်ရက်ကို ဖြတ်တောက်ထားကြောင်း တွေ့လိုက်ရသည်။

"အချက်ပြမှုကတော့ ပျက်သွားပြီ။ သေချာတာကတော့ ငါ့ရဲ့ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းလဲ သုံးလို့မရနိုင်တော့ဘူး"

လင်းဟွမ်သည် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ပြီးနောက် မည်သည့် နေရာနှင့်မှ ချိတ်ဆက်၍ မရတော့ကြောင်း

သိလိုက်ရသည်။ ထို့နောက် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို ပြန်သိမ်းလိုက်ပြီး ကောင်းကင်ပေါ်ရှိ မိစ္ဆာသုံးကောင်ကို လက်ဝှေ့ယမ်းပြလိုက်သည်။

"ငါ့နောက်လိုက်ခဲ့"

ထိုကဲ့သို့ အမိန့်ပေးကာ ကောင်းကင်ပေါ်မှ တစ်ဖြောင့်တည်း ပျံသန်းသွားသည်။ စက္ကန်းပိုင်းလေး အတွင်းမှာပင် မီတာထောင်ပေါင်းများစွာ ဝေးကွာသော ကောင်းကင်ယံသို့ ရောက်ရှိသွားသည်။ မကြာခင် ထွင်းဖောက်မြင်ရသော အကာအရံများဖြင့် ပိတ်စို့ထားပြီး ရှေ့ဆက် မသွားနိုင်တော့ချေ။

လင်းဟွမ်လက်ထဲတွင် ခါးတစ်ချောင်း ကိုင်ထားပြီး အဖြူရောင်ကံကြမ္မာစွမ်းအားများ ထည့်သွင်းလိုက်သည်။

ထိုစဉ် စိတ်လှုပ်ရှားနေသော အသံတစ်ခု ရုတ်တရုတ် ထွက်ပေါ်လာကာ ထိုအသံသည် ကျွန်းပေါ်ရှိ နေရာတိုင်းကို ပဲ့တင်ထပ်သွားပြီး

“အသုံးမဝင်ဘူး ကောင်လေး။ အင်မော်တယ်အဆင့် အောက်မှာ ဘယ်သူမှ ငါတို့ကျွန်းရဲ့ ပိတ်လှောင်မှုကို မချိုးဖျက်နိုင်ဘူး။

ထွက်မပြေးနိုင်ဘူး။ ငါ့ရဲ့ ဂီလာနဝက် ဖြစ်ရမယ့် မင်းရဲ့ကံကြမ္မာကို လက်ခံလိုက်စမ်းပါ”

“ငါ့ကို တကယ် စောင့်ကြည့်နေတာပဲ”

လင်းပွှမ်း မျက်မှောင် ကြုတ်လိုက်သော်လည်း ကြိုးစားနေခြင်းကို မရပ်တန့်ခဲ့ပေ။ ထို့နောက် ကြယ်တာယာ လိပ်ခုံးကျင့်စဉ်ကို အသုံးပြုပြီး ဒိုင်းအား ခုတ်ချလိုက်သည်။ ဓါးက ပြင်းထန်စွာ ထိမှန်သွားပြီး ချက်ချင်းဆိုသလို ပြန်ကန်ထွက်လာကာ အမြောက် ပစ်လိုက်သကဲ့သို့ လေထဲတွင် လွင့်ထွက်သွားသည်။

မီတာရာနှင့်ချီ ရှည်လျားပြီး အနည်းဆုံး မီတာ(၂၀) ၊ (၃၀) ခန့်နက်သော စွတ်ကြောင်းကြီး တစ်ခု ဖြစ်သွားသည်။ မိစ္ဆာသုံးကောင်သည် အနောက်မှ ချက်ချင်း လိုက်လိုက်လာကာ စွတ်ကြောင်းထဲ ခုန်ဝင်သွားကြသည်။

"သခင်၊ မင်း အဆင်ပြေလား"

စုန်းမက ချက်ချင်း မေးလိုက်သည်။

"ငါ အဆင်ပြေတယ်"

လင်းဟွမ်သည် စွတ်ကြောင်းထဲမှ ဖြည်းဖြည်းချင်း ကုန်းထွက်ကာ ချောင်းဆိုးလိုက်သည်။ ကိုယ်ပေါ်ရှိ ဖုန်များကို ခါထုတ်လိုက်ကာ ကံကြမ္မာစွမ်းအား အသုံးပြုပြီး မြေပြင်ပေါ် ပျံတက်သွားသည်။

“ဒီဒိုင်းက ဒီကျွန်းတစ်ခုလုံးကို ဖုံးအုပ်ထားတယ်။ ဒါကို မချိုးဖျက်နိုင်ဘူးဆိုတော့ အင်မော်တယ်အဆင့် အောက်က မချိုးဖျက်နိုင်ဘူးလို့ ပြောတာအမှန်ပဲ။ လွတ်မြောက်ဖို့အတွက် တခြား နည်းလမ်း တစ်ခုခုတော့ စဉ်းစားရမယ့်ပုံပဲ”

လင်းဟွမ်သည် ကောင်းကင်ပေါ်သို့ မှုန်ကုတ်ကုတ် အမူအရာနှင့် မော့ကြည့်လိုက်သည်။

"ကြိုးစားမနေနဲ့။ မင်း ထွက်ပြေးနိုင်မယ့် နည်းလမ်း မရှိဘူး"

ထိုလူကြီးက နောက်တစ်ကြိမ် ပြောလိုက်ပြန်သည်။

"အို မင်းအတွက် ကစားပွဲလေးတစ်ခု ပြင်ပေးထားတယ်။ မင်း ပျော်မယ်လို့ မျှော်လင့်ပါတယ်"

"ကစားပွဲလေး ဟုတ်လား"

လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။ မကြာခင် သူ့ဆီကို ပစ်မှတ်ထားပြီး အရှိန်အဟုန် ပြင်းပြင်းဖြင့် ပြေးဝင်လာသော အရာကို တွေ့လိုက်ရ၍ ကစားပွဲဆိုသည့် အဓိပ္ပါယ်ကို ချက်ချင်း နားလည် သဘောပေါက်သွားသည်။ မိနစ်အပိုင်းလေးမှာပင် ရက်စက်ကြမ်းတမ်းသည့် ပုံစံဖြင့် ပြေးဝင်လာသော အရိပ်ဆယ်ခု ရောက်ရှိလာပြီး မိစ္ဆာသုံးကောင်ကို လျစ်လျူ ရှုထားသည်။

“အင်မော်တယ်အဆင့် (၁) ဆယ်ကောင်။ ဒီလိုထူးဆန်းတဲ့ အော်ရာ........ ဒီကောင်တွေက တစ်ကောင်ထက် တစ်ကောင်က ပိုတောင် ရုပ်ဆိုးသေးတယ်”

လင်းဟွမ်သည် ခါးကို သိမ်းပြီးနောက် လက်နှစ်ဖက်ကို ဘောင်းဘီ အိပ်ကပ်ထည်း ပြန်ထည့်ကာ မိစ္ဆာသုံးကောင်ကို ကြည့်ပြီး

“ဒီဆယ်ကောင်ကို မင်းတို့သုံးကောင် ကိုင်တွယ်လိုက်”

မိစ္ဆာသုံးကောင်သည် လင်းဟွမ်၏ ညွှန်ကြားချက်ကို ကြားလိုက်လျှင် စိတ်လှုပ်ရှား သွားကြသည်။

စုန်းမက လက်ကို ချက်ချင်း ဆန့်ထုတ်လိုက်သည်။ လင်းဟွမ်နှင့် ဆယ်မီတာပင် မဝေးသော နေရာတွင် မြေပြင်မှ ခရမ်းရောင်နွယ်ပင် ဆယ်ခု ပေါက်လာပြီး ပြေးဝင်လာသော မွန်းစတားများ၏ ခြေကျင်းဝတ်ကို ချုပ်နှောင် လိုက်သည်။ ခဏလေးအတွင်းမှာပင် နွယ်ပင်များက မွန်းစတားများ၏ ကိုယ်ပေါ်ကို တွယ်တက်

လာကြသည်။ မွန်းစတားများ၏ ခန္ဓာကိုယ်သည် အဆိပ်မိသွားသကဲ့သို့ ဇီးသီးရောင် ပြောင်းသွားသည်။ လင်းဟွမ်သည် ထိုအရာက အဆိပ်ကြောင့် မဟုတ်ကြောင်း သိထားသည်။

ဤနွယ်ပင်ကို ချိန်နွှယ်ဟုခေါ်ပြီး စုန်းအတတ်ဖန်တီးထားသော နွယ်ပင် အမျိုးအစားပင် ။ တစ်ယောက်ယောက်က နွယ်ပင်ထဲ နှစ်မြုပ်သွားသောအခါ ထိုလူ၏ခွန်အားနှင့် အမြန်နှုန်းသည် (၁၀) ရာခိုင်နှုန်းအထိ ကျဆင်းသွားပြီး အားနည်းသွားသည်။ နွယ်ပင်ပေါ်ရှိ အဆူးများတွင်

အဆိပ် မရှိသော်လည်း နာကျင်ပြီး ယားယံစေသည်။ သို့သော်လည်း ခုခံအား အစွမ်းထက်သည့် မွန်းစတားများနှင့် တွေ့ဆုံပါက အဆူးများက အသုံးမဝင်တော့ချေ။

စုန်းမက တိုက်ခိုက်လိုက်သည်နှင့် အခြားမိန်းကလေးနှစ်ကောင်ကလည်း စတင် တိုက်ခိုက်ကြတော့သည်။ သူတို့တွင် ကောင်းမွန်သော အသင်းအဖွဲ့ ပုံစံ ရှိသည်။ ယုတ်ညံ့မှင်စာမိန်းကလေးက သူ၏စိတ်စွမ်းအားကို အသက်သွင်းပြီး မွန်းစတားများထဲမှ လေးကောင်ကို စက်ဝိုင်းတစ်ခုနှင့် ဖုံးအုပ်လိုက်သည်။ ထိုစက်ဝိုင်းမှ

ပြင်းထန်သော လှိုင်းဂယက်ကြီး ထွက်ပေါ်လာပြီး အနား ချဉ်းကပ်လာသော မွန်းစတားဆယ်ကောင်ကို တားဆီးလိုက်သည်။

ထိုအချိန်တွင် တမန်တော်မိစ္ဆာက နှစ်ခါပြန် မတွေးတော့ဘဲ ဇီးသီးရောင် ပြောင်းသွားသော မွန်းစတားနှစ်ကောင်၏ ဗိုက်ကို လက်သီးနှင့် ထိုးလိုက်သည်။ ထို့နောက် မွန်းစတားနှစ်ကောင်ကို ထပ်မကြည့်တော့ဘဲ နောက်ထပ် မွန်းစတားနှစ်ကောင်ကို ထပ်ထိုးလိုက်သည်။

ထိုစဉ် ယုတ်ညံ့မှင်စာ မိစ္ဆာ၏ ခြေထောက်နှစ်ဖက်မှ အနက်ရောင် မီးတောက်များ ထွက်ပေါ်လာသည်။ ထို့နောက် နောက်ထပ် မွန်းစတားနှစ်ကောင်ကို ရက်စက်စွာ ရိုက်နှက်ပစ်လိုက်သည်။

စုန်းမက အရုပ်နှစ်ခု ဖန်တီးကာ တမန်တော် သတ်ခဲ့သော မွန်းစတားလောင်းများဆီ လှမ်းပစ်လိုက်သည်။ သေဆုံးသွားသော မွန်းစတားနှစ်ကောင်သည် ပြန်ရှင်လာကာ

လင်းဟွမ်နှင့် ကျန်သည့်လူများကို ဖြတ်ကျော်ပြီး ကျန်ရှိသည့် မွန်းစတားများထံ ပြေးဝင်သွားသည်။

တစ်မိနစ် မပြည့်ခင် အချိန်လေးမှာပင် အင်မော်တယ်အဆင့် (၁) မွန်းစတား ဆယ်ကောင်လုံးကို မိစ္ဆာသုံးကောင်က သတ်ပစ်လိုက်သည်။ အသတ်ခံရသော ထိုမွန်းစတား အားလုံးကို စုန်းမက သူမ၏ စုန်းအတတ်ပညာနှင့် ထိန်းချုပ် ထားသည်။ ထို့ကြောင့် ထိုမွန်းစတားများသည် ပြန်လည် ရှင်သန်လာကြသည်။

လင်းဟွမ်သည် မိစ္ဆာသုံးကောင်က ကံကြမ္မာစွမ်းအားများ လွှဲပြောင်းပေးနေသဖြင့် သူ့၏ကံကြမ္မာမီးလျှံထဲကို များပြား၍ သိပ်သည်းလှသော ကံကြမ္မာစွမ်းအားများ စီးဆင်းနေကြောင်း သိရှိလိုက်သည်။ ကံကြမ္မာမီးလျှံသည် ဓါတ်ဆီ လောင်းထည့်လိုက် သကဲ့သို့ ဟုန်းခနဲ တောက်လောင်လာသည်။

အင်မော်တယ်အဆင့် မွန်းစတားများ၏ ကံကြမ္မာစွမ်းအားသည် လင်းဟွမ်၏

ကံကြမ္မာမီးလျှံအတွက် အကောင်းမွန်ဆုံးဖြည့်စွက်အစာများပင်။

စင်တီမီတာ (၃၀) အောက်သာ ရှိခဲ့သော လင်းဟွမ်၏ ကံကြမ္မာမီးလျှံ ဆယ်ခုသည် ယခုအခါ၌ တစ်မီတာခွဲအထိ လောင်ကျွမ်း မြင့်တက်လာသည်။ မွန်းစတားတစ်ကောင်ကို သတ်ဖြတ်တိုင်း (၁၀) စင်တီမီတာ ပိုမို ကြီးထွားလာသည်။

လင်းဟွမ်၏ ကံကြမ္မာမီးလျှံ ပိုမိုအားကောင်းလာသည်နှင့်အမျှ သူ၏ ကံကြမ္မာစွမ်းအားလဲ ပိုမို အားကောင်းလာသလို

စွမ်းရည်များကလည်း ပိုမို အစွမ်းထက်လာသည်ဟု ခံစားရသည်။

"အင်မော်တယ်အဆင့် (၁) မွန်းစတား ဆယ်ကောင်ရဲ့ ကံကြမ္မာစွမ်းအားက ငါ့ရဲ့ ကံကြမ္မာမီးလျှံကို တစ်မီတာအထိ မြင့်တက်လာတာလားဟ"

လင်းဟွမ်သည် အင်မော်တယ်အဆင့် (၁) မွန်းစတား တစ်ကောင်ကို သတ်ဖြတ်လိုက်ရုံဖြင့် သူ၏ကံကြမ္မာမီးလျှံက တစ်မီတာအထိ မြင့်တက်လာလိမ့်မည်ဟု တွေးထားခဲ့သော်လည်း

လက်တွေ့တွင်မူ သူ့မျှော်လင့်ချက်၏ (၁၀) ရာခိုင်နှုန်းသာ ရှိခဲ့သည်။

"ကြည့်ရတာ ကံကြမ္မာမီးလျှံ ကြီးထွားလာဖို့ မလွယ်တဲ့ပုံပဲ"

လင်းဟွမ်က သူ့ ကံကြမ္မာစွမ်းအားကို စောင့်ကြည့် လေ့လာနေစဉ် အဘိုးအိုက နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

"အမ် ဒါဆို ဒီကစားပွဲက မခက်သေးဘူး ထင်တယ်။ ကဲ ပိုကြီးတဲ့ ကစားပွဲလေး လုပ်လိုက်ရအောင်။ မင်းက အဲ့ဒီဟာကို

ဘယ်လောက်ကြာကြာ တောင့်ခံနိုင်မလဲ ဆိုတာ ကြည့်ချင်ပါသေးတယ်”

## အခန်း(၅၁၅) - သောက် အဘိုးကြီး။

ပဟောဋ္ဌိကျွန်းအောက်ရှိ နက်ရှိုင်းသော ပင်လယ်ထဲမှ ဓါတ်ခွဲခန်းထဲတွင်........

ငွေရောင်ဆံပင်ရှိသော ပါမောက္ခကျင်းသည် ဖန်သားပြင်ပေါ်မှ မိစ္ဆာသုံးကောင်ကို စိုက်ကြည့်နေရင်း စိတ်လှုပ်ရှားသွားသည်။ သူ၏ လက်အောက်ငယ်သား မွန်းစတား ၁၀ ကောင် ရှုံးနိမ့်သွား၍ ဝမ်းနည်းနေသည့် ပုံစံမျိုးလည်း မရှိပေ။

"ဒီတစ်ခေါက် မွန်းစတား အကောင်ငါးဆယ် လွှတ်လိုက်။ ဒီကလေး နိုင်အောင် တိုက်ခိုက်နိုင်မယ်လို့ ငါ မယုံဘူး"

ပါမောက္ခကျင်းက ခေါင်းကိုပင် လှည့်မကြည့်ဘဲ ညွှန်ကြား လိုက်သည်။ စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်တွင် ရှိနေသော လင်းဟွမ်၏ ပုံရိပ်ကိုသာ အသေစိုက်ကြည့်နေသည်။

"ဟုတ်..."

အဖြူရောင်ကုတ်အင်္ကျီ ဝတ်ဆင်ထားသော လူလတ်ပိုင်းအမျိုးသားက ခေါင်းညိတ်ပြီး သူ၏

အသံလွှင့်ခရုကို အသုံးပြုကာ ထပ်ဆင့် ညွှန်ကြား လိုက်သည်။

အဘိုးအို ပြောပြီးသောအခါ လင်းဟွမ်သည် သူကနောက်တစ်ကြိမ် ပစ်မှတ်ထားခံနေရပြီ ဖြစ်ကြောင်း ခံစားလိုက်ရ၍

“ဒီတစ်ကြိမ် ပိုများလာမယ့်ပုံပဲ”

လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။

မိနစ်အနည်းငယ် ကြာသောအခါ ကောင်းကင်ပေါ်မှ မိုးများ ရွာချလာသကဲ့သို့

ပြုတ်ကျလာသော မွန်းစတားမျိုးစုံကို တွေ့လိုက်ရသည်။ သူတို့၏ အောင်ရာများ ထုတ်လွှင့်နေပြီး သွေးဆာလောင်နေသော သွေးစုပ်ဖုတ်ကောင်များကဲ့သို့ လင်းဟွမ်ထံ ပြေးလာကြသည်။

ယခင်က မွန်းစတား ဆယ်ကောင်ကဲ့သို့ပင် မိစ္ဆာ(၃) ကောင်၏ တည်ရှိမှုကို လုံး၀ လျစ်လျူရှုထားကြသည်။ ထိုမွန်းစတားများသည် ရုပ်ဆိုးလွန်းပြီး ဉာဏ်ကမ္ဘာ အစိတ်အပိုင်း မပဟုတ်ဘဲ ဂြိုဟ်သားများနှင့်ပင် တူနေသည်။

"ဒီကောင်တွေကို အမျိုးအစား မခွဲနိုင်ဘူး။ မွမ်းမံထားတဲ့ မွန်းစတားတွေပဲ ဖြစ်နိုင်တယ်၊ ဒီကောင်တွေရဲ့ စိတ်တွေကလည်း ရှုပ်ထွေးနေတယ်။ ပြုပြင်မွမ်းမံမှု လွန်ကဲသွားလို့ ဖြစ်သွားတာ ထင်တယ်။ ဒီကောင်တွေမှာ တိုက်ပွဲ ဗီဇပဲ ရှိပြီးတော့ သတ်မှတ်ထားတဲ့ ပစ်မှတ်ကိုပဲ တိုက်ခိုက်တတ်တဲ့ပုံပဲ"

သွေးရဲရဲလေးက လင်းဟွမ်ကို ပြောလိုက်သည်။

"သူတို့ကို အမြန်သတ်နိုင်မယ့် နည်းလမ်း မရှိဘူးလား"

လင်းဟွမ်က မေးလိုက်သည်။

"အခုလောလောဆယ်တော့ စဉ်းစားလို့မရသေးဘူး။ ငါ့ရဲ့တိုက်ခိုက်ရေး အဆင့်က ကန့်သတ်ချက် ရှိနေလို့ ငါ့ရဲ့ ကပ်ပါးစွမ်းရည်ကလည်း အများဆုံးမှ သန့်ရှင်း မီးလျှံအဆင့် အထိပဲ အလုပ်ဖြစ်တယ်။ အင်မော်တယ် အဆင့် (၁)မွန်းစတားတွေကို ထိန်းချုပ်နိုင်တယ် ဆိုပေမယ့် သက်ရောက်မှုက စုန်းမရဲ့ ကပ်ပါးကောင် သန်ကောင်နဲ့ အတူတူပဲ။ အခုလက်ရှိ မွန်းစတား အရေအတွက်က အရမ်းများနေတော့ ငါ

လုပ်နိုင်တာက မွန်းစတားတွေကို သတ်နိုင်သမျှ ခပ်များများ သတ်ပြီး သူတို့ရဲ့အလောင်းတွေကို ထိန်းချုပ်ဖို့ပဲ။ မွန်းစတား အသေကောင်များလေလေ ငါတို့အတွက် အားသာချက်များလေလေပဲ”

သွေးရဲရဲလေးတွင် ပိုမိုကောင်းမွန်သော အကြံပြုချက် မရှိသော်လည်း လင်းဟွမ်က သူ့အစီအစဉ်ကို စိတ်ထဲမှ ထောက်ခံလိုက်သည်။

“ကောင်းပြီလေ။ ဒါက ငါတို့လုပ်နိုင်တဲ့ တစ်ခုတည်းသော အခွင့်အရေးလို့ပဲ ထင်တယ်”

လင်းဟွမ်သည် ထိုအဆိုပြုချက်ကို လက်ခံလိုက်သည်။

စက္ကန့်ပိုင်းလေးအတွင်းမှာပင် မွန်းစတား အကောင်ငါးဆယ်က သူတို့ရှေ့ ရောက်လာသည်။

စုန်းမက သူမ၏ ကပ်ပါးကောင်များ ကူးစက်ထားသော မိစ္ဆာ (၁၀) ကောင်ကို ထိန်းချုပ်နေပြီး အခြားတစ်ဖက်တွင်မူ သူမ၏ ချိန်နှဲ့နွယ်ပင်ကို အသက်သွင်းကာ မွန်းစတားများအား တိုက်ခိုက်နေသည်။

တမန်တော်မိစ္ဆာက မွန်းစတားအုပ်ကြီးထံ ပြေးဝင်သွားကာ လက်သီးဖြင့် တဖုန်းဖုန်း ထိုးတော့သည်။ အသက်တစ်ချက် ရှူတိုင်း လက်သီးသံ တစ်ချက် ထွက်ပေါ်နေသည်။

ဤအတောအတွင်းတွင် ယုတ်ညံ့မှင်စာမိစ္ဆာက ၎င်း၏ တိုက်ခိုက်ရေး နည်းဗျူဟာကို ပြောင်းလဲလိုက်သည်။ စုန်းမကဲ့သို့ ထိန်းချုပ်ရမည့်အစား တမန်တော်မိစ္ဆာနှင့် အတူပူးပေါင်း၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်နေသည်။ ၎င်း၏ ချွန်ထက်သော ခြေသည်းများပေါ်တွင်

အသူရာမီးလျှံကို ထည့်ပေါင်းသောကြောင့် ၎င်း၏ သတ်ဖြတ်မှု အရှိန်သည် တမန်တော်မိစ္ဆာထက် နေးကွေးခြင်း မရှိပေ။

လင်းဟွမ်သည် တိုက်ခိုက်ရေးဓါးကို လက်ထဲ ဆွဲကိုင်၍ မွန်းစတားသုံးကောင်၏ ခံစစ်စည်းကို ကျော်ဖြတ်လာသော မိစ္ဆာများအား အလွယ်တကူ သတ်ပစ်ခဲ့သည်။

စုန်းမက မွန်းစတား အသေကောင်များကို ထိန်းချုပ်နေသဖြင့် သူမ ထိန်းချုပ်ထားသော

မွန်းစတားအလေ‌ောင်းများက များသထက် များလာသည်။

တိုက်ပွဲက နှစ်မိနစ်ပင် မကြာချေ။

လင်းဟွမ် ဘေးနားတွင် မွန်းစတား အရေအတွက်က များသထက် များလာသည်။ ထိုမွန်းစတားများက လင်းဟွမ်ကို အနိုင်ယူရန် အစွမ်းကုန် ကြိုးစားခဲ့သော်လည်း အင်မော်တယ် အဆင့် (၁) မွန်းစတား အကောင် (၅၀) သည် လေးမိနစ်သာ တောင့်ခံနိုင်ခဲ့သည်။

ဤ၂တစ်ကြိမ် တိုက်ပွဲထဲတွင် လင်းဟွမ်၏ ကံကြမ္မာမီးလျှံသည် ခြောက်မီတာအထိ မြင့်တက်လာခဲ့သည်။ သူကိုယ်တိုင် သတ်ခဲ့သော မွန်းစတားများထံမှ ကံကြမ္မာစွမ်းအားမရရှိခဲ့သော်လည်း သူ၏ မွန်းစတားများမှ သတ်ဖြတ်သော မွန်းစတားများထံမှ ရရှိသော ကံကြမ္မာ စွမ်းအားများက ကံကြမ္မာမီးလျှံကို တောက်လောင်စေခဲ့သည်။

"မီတာ ငါးဆယ်ထက် ပိုပြီး မြင့်တက်လာမလားဆိုတာ ကြည့်ရအောင်"

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲမှ ကံကြမ္မာမီးလျှံကို စောင့်ကြည့်ရင်း တိုးတိုးလေး ရေရွတ်လိုက်သည်။

သန္ဓေသုံးကြိမ်ပြောင်း မီးစာသည် မီတာငါးဆယ် အမြင့်အထိ လောင်ကျွမ်း နိုင်သော်လည်း သူ့ကိုယ်ထဲရှိ မီးစာမှာ သန္ဓေသုံးကြိမ်ပြောင်း သို့မဟုတ် သန္ဓေလေးကြိမ်ပြောင်းလား ဆိုသည်မှာ မသေချာပေ။

လင်းဟွမ် အတွေးထဲမှရုန်းထွက်ပြီး အနီးအနားရှိ မွန်းစတားစစ်တပ်ကို ကြည့်လိုက်သည်။

စုန်းမ၏ ကပ်ပါးပိုးကောင်များကြောင့် တိုက်ပွဲပြီးသောအခါ ထိန်းချုပ်ထားသည့် မွန်းစတား အကောင် ငါးဆယ် ထပ်မံရရှိခဲ့သည်။ ကပ်ပါးပိုးကောင်များက မွန်းစတား အလောင်းများကို ထိန်းချုပ်ထားသောကြောင့် သူတို့သည် ခေါင်းများ ကြေမွသွားသော်လည်း တိုက်ပွဲဝင်နိုင်ဆဲပင် ။

ကပ်ပါးပိုးကောင်များ အသက်ရှင်နေသမျှ ကာလပတ်လုံး ပင်ပန်းဆင်းရဲခြင်း မရှိဘဲ ထာဝရ တိုက်ပွဲဝင်နိုင်သည်။ ဒါသည် ကြီးမားသော အားသာချက်တစ်ခု ဖြစ်သည်။ ထို့အပြင် အဘိုးအို

လွှတ်လိုက်သော မွန်းစတားများတွင် ဉာဏ်ရည်ဉာဏ်သွေး မရှိသောကြောင့် ကပ်ပါးများ ထိန်းချုပ်သောအခါ မွန်းစတားများထံမှ မည်သည့် တုံ့ပြန်ခြင်းမျိုးမှ မရှိခဲ့ပေ။

ယခုအခါ၌ လင်းဟွမ်သည် သူ့ထံတွင် မွန်းစတားစစ်တပ် ရှိနေသော်လည်း ဤကိစ္စက အလွယ်တကူ ပြီးဆုံးမည် မဟုတ်ကြောင်း သိနေသဖြင့်

"စုန်းမ... မင်းရဲ့ ကပ်ပါးကောင်တွေက အင်မော်တယ်အဆင့် (၂) မွန်းစတား အလောင်းတွေကို ထိန်းချုပ်နိုင်မလား"

လင်းဟွမ်က စုန်းမကို စိတ်ချင်းဆက်သွယ်ပြီး မေးလိုက်သည်။

"မလုပ်နိုင်ဘူး... အင်မော်တယ်အဆင့် (၁) က အကန့်အသတ်ပဲ"

စုန်းမက ခေါင်းခါလိုက်သည်။

"ဒီလိုဆိုရင်တော့ လှည့်ကွက် သုံးရတော့မှာပဲ..."

စုန်းမက ဤကဲ့သို့ ပြန်ဖြေလာလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း အတည်ပြုချက်ကို ကြားသောအခါ ရင်ထဲတွင် အပူလုံးကြီး ဆို့သွားသည်။

လင်းဟွမ် တွေးတောနေစဉ် အဘိုးအိုက နောက်တစ်ကြိမ် ထပ်ပြောလာသည်။

"ကောင်လေး။ အဆင့်နှစ် စိန်ခေါ်မှုကို ဖြတ်ကျော်နိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းရဲ့ ခက်ခဲမှုအဆင့် တိုးလာတော့မယ်"

"ကဲ... အဆင့်သုံး သွားလိုက်ကြစို့။ ဒီတစ်ကြိမ်မှာ မင်းဆီကို အင်မော်တယ်အဆင့် (၂) မွန်းစတား အကောင် (၃၀) ပို့ပေးမယ်။ မင်း ကျော်ဖြတ်နိုင်မလားဆိုတာ စောင့်ကြည့် ရအောင်"

"ဒီသောက် အဘိုးကြီး"

လင်းဟွမ်က တိုးတိုးလေး ရေရွတ်သော်လည်း အာရုံစိုက်ထားခဲ့သည်။

အခက်အခဲက ပိုမို မြင့်မားလာမည်ဟု ခန့်မှန်း ထားခဲ့သော်လည်း အစောပိုင်းက အင်မော်တယ် အဆင့် (၁) မွန်းစတား အကောင် ၅၀ ကို

လွှတ်လိုက်လာသောအခါ ခက်ခဲမှု တိုးမြင့်လာခဲ့သည်။

"ငါ့ရဲ့ စုံစမ်းမှုအရ ဒီကျွန်းပေါ်မှာ အစွမ်းအထက်ဆုံးက အင်မော်တယ်အဆင့် (၈) ပဲ။ အခုလက်ရှိ အခြေအနေကို ကြည့်ရတာတော့ ဒီကျွန်းတစ်ခုလုံးက ဒီအဖိုးကြီးရဲ့ ပျော်စရာကောင်းတဲ့ ခေတ်ခွဲခန်းကြီးပဲ။ ပြောချင်တာက သူတို့မှာ အဆင့်တူ မွန်းစတား စစ်တပ်ကြီး ရှိနေတယ်"

“လက်ရှိအခြေအနေမှာ ငါတို့က အင်မော်တယ်အဆင့် (၂) မွန်းစတား စစ်တပ်ကို အနိုင်ရရင်တောင် ငါတို့ဆီကို အဆင့်သုံး၊ အဆင့်လေး၊ အဆင့်ငါး မွန်းစတား စစ်တပ်တွေ ရောက်လာဦးမှာပဲ။ အဘိုးကြီးက ငါ့ကို သတ်ဖို့အတွက် ပိုပြီး အစွမ်းထက်တဲ့ မွန်းစတားတွေကို လွှတ်မှာပဲ။ ဒီတိုင်းသာ ဆက်သွားနေရင်တော့ ငါတို့တွေ အနေးနဲ့အမြန် ရှုံးလိမ့်မယ်။ တတ်နိုင်သလောက် အမြန်ဆုံး ဖောက်ထွက်နိုင်မယ့် နည်းလမ်းကို တွေးမှ ဖြစ်တော့မယ်”

သွေးရဲရဲလေးက လင်းဟွမ်ကို အလောတကြီး ပြောလိုက်သည်။

"မွန်းစတားတွေကို ဒုတိယအကြိမ် လွှတ်လိုက်ကတည်းက ငါ သဘောပေါက်တယ်"

လင်းဟွမ်က

"ငါ့ရဲ့ ကံကြမ္မာမီးလျှံကို အထွတ်အထိပ် ရောက်တဲ့အထိ မြင့်တင်ပြီးရင် ဒီနေရာကနေ ထွက်သွားကြမယ်။ ဒီမှာဆက်နေလို့လည်း အဓိပ္ပါယ် မရှိတော့ဘူး။ ဒီနေရာက ခရမ်းရောင်ကျီးကန်း

အဖွဲ့အစည်းရဲ့ အခြေစိုက်စခန်း ဖြစ်နေရင်တောင် ငါ့ရဲ့လက်ရှိအစွမ်းနဲ့ ဘာမှမလုပ်နိုင်ဘူး”

“ဒါဆိုရင် လွတ်မြောက်အောင် ဘယ်လို ထွက်ပြေးကြမှာလဲ”

သွေးရဲရဲလေးက မေးလိုက်သဖြင့်

“ငါ့မှာ နည်းလမ်းရှိတယ်…”

အစကတည်းက လင်းဟွမ်တွင် အစီအစဉ် ရှိသည်။

"ငါတို့ မထွက်သွားခင် သူတို့စောင့်ကြည့်နေတဲ့ ပုံစံကို စစ်ဆေးဖို့ လိုတယ်။ သူတို့ရဲ့ ထောက်လှမ်းရေးကို အချိန်တော်တော်လေး ကြာအောင် ပိတ်ထားနိုင်ရင် အဆင်ပြေပြီ။ အဲ့ဒီလိုမလုပ်နိုင်ရင်လည်း သူတို့ရဲ့ ထောက်လှမ်းစစ်ဆေးမှုကို တစ်ခုခုနဲ့ ဖုံးကွယ်ထား ရမယ်"

"ဟုတ်ပြီ... ငါ အကောင်းဆုံး ကြိုးစားမယ်"

သွေးရဲရဲလေးက ပြန်ဖြေလိုက်သည်။

# အခန်း(၅၁၆) - မင်းနဲ့ ဆက်မကစားချင်တော့ဘူး။

လင်းဟွမ်သည် သွေးရဲရဲလေးနှင့် ဆွေးနွေးပြီးသောအခါ အစွမ်းထက်သော အော်ရာများ ထွက်ပေါ်လာသည်။ လင်းဟွမ်နှင့် ကျန်သည့် လူများထံ ပြေးဝင်လာကြသည်။

"သူတို့တွေ ဒီမှာ.."

လင်းဟွမ်သည် ကောင်းကင်ပေါ်မှ ဆင်းသက်လာသော အရိပ်များကို အဝေးမှပင် လှမ်းမြင်နေရသည်။ သူတို့၏ အော်ရာများသည် အစောပိုင်းက လွှတ်ခဲ့သော မွန်းစတား အကောင် (၆၀) ထက်ပင် ပိုအားကောင်းနေသည်။ သူတို့ကို ကြည့်ရသည်မှာ အိမ်မွေးခွေးများနှင့် ဆာလောင်မွတ်သိပ်နေသော ခြင်္သေ့များကို နှိုင်းယှဉ်နေရသလိုပင်။

လင်းဟွမ်သည် ခက်ခဲသော တိုက်ပွဲတစ်ခု ဖြစ်လာတော့မည်ကို ကြိုသိနေသည်။

အင်မော်တယ်အဆင့် (၂) မွန်းစတားအုပ်ကြီး၏ တိုက်ခိုက်ရေး အစွမ်းသည် မိစ္ဆာသုံးကောင်၏ တိုက်ခိုက်ရေး အစွမ်းနှင့် အတူတူပင်။ ထိုမွန်းစတားများ၏ တစ်ခုတည်းသော ချို့ယွင်းချက်မှာ သူတို့တွင် အသိဉာဏ် မရှိခြင်းပင်။

မွန်းစတားများ အနားရောက်လာသည့်အထိ မစောင့်တော့ဘဲ စုန်းမ ထိန်းချုပ်ထားသော မွန်းစတား အကောင် (၆၀) က မွန်းစတားအုပ်ကြီးထံ ချက်ချင်း ပြေးဝင်သွားသည်။ ထိုစဉ် စုန်းမက မြေပြင်မှ ချိန်နဲ့နွယ်ပင်များကို ထုတ်ပြီး

မွန်းစတားများ၏ လက်များကို ချက်ချင်း ချုပ်နှောင်လိုက်သည်။ ခရမ်းရောင် ချိန့်နွယ်ပင်များအပြင် အနက်ရောင် စေးကပ်နွယ်ပင်များ ပါရှိလာသည်။

စေးကပ် နွယ်ပင်များသည် သက်ရှိများ၏ ခန္ဓာကိုယ်ထဲသို့ အကြောသေ အဆိပ်များ ထိုးသွင်းနိုင်သည်။ အဆိပ်များသည် နွယ်ပင်ထဲမှ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် အနည်းငယ် ပိုမို ပြင်းထန်လာသည်။

နွယ်ပင်နှစ်မျိုးသည် မွန်းစတားများဘက်သို့ လျင်မြန်စွာ တွားသွား နေကြသည်။

အင်မော်တယ်အဆင့်(၂) မွန်းစတား အကောင် (၃၀) သည် အသိစိတ် ကင်းမဲ့နေပြီး လင်းဟွမ်ကိုသာ အသေ စိုက်ကြည့်နေကြသည်။ မွန်းစတားများသည် သူတို့ထံ ဝင်လာသော နွယ်ပင်များကို မရှောင်ကြသဖြင့် မကြာခင် နွယ်ပင်များနှင့် မွန်းစတားအကောင် (၆၀) သည် လုံးထွေးသွားပြီး အရှိန် လျော့ကျသွားသည်။

တမန်တော်မိစ္ဆာနှင့် ယုတ်ညံ့မှင်စာမိစ္ဆာတို့၏ ခန္ဓာကိုယ်သည် အလွန် ကြီးမားလာသည်။ တမန်တော်မိစ္ဆာသည် နှစ်မီတာမှ ငါးမီတာအထိ

ကြီးထွားလာပြီး ၎င်း၏ အစိမ်းရောင်ခန္ဓာကိုယ်သည် ယခုအခါ အပြာရောင် ဖြစ်လာသည်။ လက်မောင်းပေါ်ရှိ ကြေးခွံများသည် အပြာရင့်ရောင် အစက်အပျောက်များအဖြစ် ပြောင်းလဲသွားကာ အော်ရာကလည်း ယခင်ကထက် အဆအနည်းငယ် ပိုမို အားကောင်းလာ၏။

ထိုအချိန်တွင် သူ့ဘေးတွင် ရှိနေသော ယုတ်ညံ့မှင်စာ မိစ္ဆာ၏အရပ်မှာလည်း ငါးမီတာ မကတော့ချေ။ သူ့ခန္ဓာကိုယ်ပေါ်တွင် ကြက်သွေးရင့်ရောင် မီးလျှံများ လောင်ကျွမ်း

နေသည်။ မီးလျှံများသည် အပူချိန် မြင့်မား လွန်းသဖြင့် ပတ်ဝန်းကျင်ရှိ လေထုပင် အက်ကွဲနေပြီး အော်ရာကလည်း ယခင်ကထက်ပင် ပို၍ ကြောက်စရာ ကောင်းလာသည်။

သူတို့နှစ်ကောင်သည် အကောင် ကြီးထွားလာသည်နှင့် တစ်ပြိုင်နက် အရှိန်လျှော့ကျသွားသော မွန်းစတားများထံ ပြေးဝင်သွားသည်။ အင်မော်တယ်အဆင့် (၂) မွန်းစတား အကောင် (၃၀) ၏ လှုပ်ရှားမှုကို စုန်းမ၏နွယ်ပင်များက နှောင့်ယှက်နေဆဲပင်။

ထိုအချိန်တွင် တမန်တော်မိစ္ဆာနှင့် ယုတ်ညံ့မှင်စာ မိစ္ဆာတို့ကလည်း မွန်းစတားအုပ်ကြီးထံ ပြေးဝင်သွားသည်။ လင်းဟွမ်ကမူ တိုက်ပွဲထဲ မပါဝင်ခဲ့ပေ။ သွေးရဲရဲလေးက သူ့အင်္ကျီလက်စ အောက်တွင် ပုန်းကွယ်ပြီး ထွင်းဖောက်မြင်ရသော မျှော့မျိုးစေ့များကို ထုတ်လွှတ်နေသည်။ ထိုအရာသည် ထွက်ဖောက်မြင်ရခြင်း အပါအဝင် အရောင်ကြိုက်သလို ပြောင်းလဲ၍ရသော မျိုးစေ့များ ဖြစ်သည်။

မွန်းစတားအုပ်ထဲတွင် တမန်တော်မိစ္ဆာက သူ၏ ပထမဦးဆုံး ပြိုင်ဘက်ကို ရွေးချယ်လိုက်သည်။ ဒါသည် ပုံပျက်နေသော လူသားပုံစံ မွန်းစတားတစ်ကောင်ပင်။ အရပ်နှစ်မီတာကျော် မြင့်ပြီး ခြေထောက်နှစ်ချောင်းနှင့် လမ်းလျှောက်သော်လည်း ၎င်း၏ ဦးခေါင်းသည် သာမန်လူတစ်ယောက်ထက် နှစ်ဆ ပိုကြီးပြီး မျက်နှာအပါအဝင် တစ်ကိုယ်လုံးကို သလင်းကျောက် အကြေးခွံများဖြင့် ဖုံးအုပ်ထားသည်။

အင်မော်တယ် အဆင့် (၁) မွန်းစတားအလောင်းကောင် နှစ်ကောင်က မွန်းစတားများကို တိုက်ခိုက်နေပြီး နွယ်ပင်နှစ်ပင်ကလည်း မွန်းစတားများကို ဝန်းရံချုပ်နှောင်နေသည်။ သို့သော်လည်း ထိခိုက်ခြင်းမရှိပေ။ ထို့နောက် မွန်းစတားအုပ်ထဲမှ မွန်းစတားတစ်ကောင်၏ ခြေထောက်က မွန်းစတားအလောင်းကောင်၏ ရင်ဘက်ထဲ ထိုးဖောက်သွားပြီး ရင်ဘတ်ပေါ်တွင် ကြီးမားသော အပေါက်ကြီး တစ်ခု ကျန်ရစ်ခဲ့၏။

အကယ်၍ မွန်းစတားအလောင်းကောင်သာ အသက်ရှင်နေပါက ထိုတိုက်ခိုက်မှု တစ်ခုတည်းနှင့် သေဆုံးသွားမှာ အသေအချာပင်။ သို့သော်လည်း ကပ်ပါးကောင်များ၏ ထိန်းချုပ်မှုအောက်၌ မွန်းစတားအလောင်း ကောင်များသည် ဒဏ်ရာကြောင့် ဘာမှမဖြစ်ဘဲ သလင်းကျောက်ကြေးခွံများ ဖုံးအုပ်နေသော မွန်းစတားများကို ဆက်လက် တိုက်ခိုက်နေကြသည်။

ထို့နောက် တမန်တော်မိစ္ဆာသည် ကြေးခွံ ဖုံးအုပ်နေသော မွန်းစတားတစ်ကောင်ထံ

ဦးတည်သွားပြီး ၎င်း၏ရင်ဘတ်ကို ပြင်းပြင်းထန်ထန် ထိုးလိုက်သည်။ ကြေးခွံ ဖုံးအုပ်နေသော မွန်းစတားသည် အစကတည်းက ချိန်နဲ့နွယ်ပင်ကြောင့် ခရမ်းရောင် ပြောင်းနေပြီး ခုခံမှုစွမ်းရည်မှာ (၁၀) ရာခိုင်နှုန်းအထိ ကျဆင်းနေခဲ့သည်။ သို့သော်လည်း တမန်တော်မိစ္ဆာ၏ လက်သီးက ရင်ဘတ်ထဲ ဖောက်ဝင်သွားသော်လည်း နံရိုး အချို့ကိုသာ ချိုးနိုင်ခဲ့သည်။ သို့သော်လည်း မသေပေ။ တမန်တော်မိစ္ဆာသာ သူ၏ တိုက်ခိုက်မှုကြောင့် ပြန်ပြီး နာကျင်သွားသည်။

ထို့နောက် မွန်းစတားနှစ်ကောင်သည် သူတို့ချင်းချင်း ဘီလူးသဘက် စီးသလို ပြင်းထန်စွာ တိုက်ခိုက် နေကြသည်။ သို့သော်လည်း တွယ်ကပ်နေသော ချိန်နဲ့နွယ်ပင် များအပြင် အနီးတွင် ရှိနေသော မွန်းစတား အလောင်းကောင် နှစ်ကောင်ကြောင့် ကြေးခွံရှိနေသော မွန်းစတားသည် မကြာခင် အရှုံးဘက် ရောက်လာသည်။

မိနစ်ဝက် မပြည့်ခင် တမန်တော်မိစ္ဆာက ၎င်း၏ ဦးခေါင်းကို ရိုက်ခွဲခဲ့သဖြင့် ထိုမွန်းစတားမှာ သေဆုံးသွားသည်။ တိုက်ပွဲက တစ်မိနစ်ပင်

မကြာခဲ့သော်လည်း တမန်တော်မိစ္ဆာအတွက် ခက်ခဲစွာ ရုန်းကန်ခဲ့ရသည်။

ဤအတောအတွင်း ယုတ်ညံ့မှင်စာ မိစ္ဆာသည်လည်း အလားတူ အခြေအနေမျိုးနှင့် ကြုံတွေ့နေရသည်။ ၎င်းတွင် အသူရာမီးတောက် မရှိပါက ယုတ်ညံ့မှင်စာ မိစ္ဆာ၏ စွမ်းအားသည် တမန်တော်မိစ္ဆာထက် အားနည်းသည်။ အသူရာမီးတောက်၏ လောင်ကျွမ်းမှုနှင့်အတူ ပထမဦးဆုံး ပြိုင်ဘက်ကို သတ်ပစ်ရန် မိနစ်ဝက်ခန့် အချိန်ယူခဲ့ရသည်။

"ထိရောက်မှု သိပ် မရှိတော့ဘူး"

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲက ကံကြမ္မာမီးလျှံများ မြင့်တက်လာသည်ကို ခံစားမိသော်လည်း စိတ်အေးနိုင်ခြင်း မရှိတော့ပေ။ ဖြည်းဖြည်းချင်း အသတ်ခံနေရသော မွန်းစတားများကို ကြည့်ပြီးနောက် တိုက်ပွဲဝင်ဓါးကို ဆွဲကိုင်ကာ မွန်းစတားအုပ်ထဲ ပြေးဝင်သွားသည်။

ထိုနောက် မွန်းစတားအုပ်ထဲတွင် အဖြူရောင်အလင်းများက လျှပ်စီးလက်သကဲ့သို့ ဖြတ်ခနဲ လက်သွားသည်။

လင်းဟွမ်သည် သူ၏ လှုပ်ရှားမှုကို မရပ်တန့်ခဲ့ချေ။ ဓါးချက် တစ်ချက်စီတိုင်းသည် အလွန်လျင်မြန်လှပြီး တိုက်ခိုက်မှု တစ်ခုစီတိုင်းက အင်မော်တယ်အဆင့် (၂) မွန်းစတားများ၏ ကိုယ်ပေါ်တွင် နက်ရှိုင်းသော ပြတ်ရှရာများကို ချန်ထားခဲ့သည်။

သူ့ရည်ရွယ်ချက်မှာ မွန်းစတားများကို ဒဏ်ရာ ရအောင် လုပ်ရန်သာဖြစ်ပြီး သူကိုယ်တိုင် မသတ်ပစ်ချင်ပေ။ ထိုကဲ့သို့ ပြုလုပ်ပါက ကံကြမ္မာစွမ်းအားများ ရရှိတော့မည် မဟုတ်ပေ။

လင်းဟွမ်၏ ခုတ်ထစ် ဖြတ်တောက်ခြင်း ခံရသောအခါ မွန်းစတားများ၏ စွမ်းရည်သည် ယိုယွင်းလာကြသည်။ ထို့နောက် မိစ္ဆာနှစ်ကောင်က နာကျင်စွာ အော်ဟစ်နေသော မွန်းစတားများကို သတ်ပစ်ကြသည်။

လင်းဟွမ်ကြောင့် ဒဏ်ရာရသွားသော မွန်းစတားများသည် နှစ်စက္ကန့်၊ သုံးစက္ကန့်အတွင်း အသတ် ခံနေရသည်။ ဤကဲ့သို့ဖြင့် အင်မော်တယ်အဆင့် (၂) မွန်းစတားများသည် တစ်ကောင်ပြီးတစ်ကောင် အသတ်ခံလာရသည်။

ထိုမိနစ်ပိုင်းလေး အတွင်းမှာပင် လင်းဟွမ်၏ ကံကြမ္မာမီးလျှံမှာ မြင့်သထက် မြင့်တက်လာသည်။ မွန်းစတားအားလုံး သေသွားသောအခါ လင်းဟွမ်သည် သူ့ကိုယ်ထဲမှ ကံကြမ္မာမီးလျှံကို ကြည့်လိုက်သည်။

"အင်မော်တယ်အဆင့် (၂) မွန်းစတား တစ်ကောင်စီက (၁၀) မီတာအထိ မြင့်တက်လာပေမယ့် မီတာ (၃၀၀) လည်း ရောက်ရော ဆက် မမြင့်တော့ဘူး"

တိုက်ပွဲ မစတင်ခင်က လင်းဟွမ်၏ ကံကြမ္မာမီးလျှံသည် ခြောက်မီတာအထိ တောက်လောင်နေခဲ့သည်။ သူ၏ လေ့လာမှုအရ အင်မော်တယ်အဆင့် (၁) မွန်းစတား တစ်ကောင်စီက သူ၏ ကံကြမ္မာမီးလျှံကို (၁၀) မီတာအထိ မြှင့်တင်ပေးခဲ့သည်။ သဘောတရားအရ ပြောရမည်ဆိုလျှင် မွန်းစတား အကောင် (၃၀) လုံးကို သတ်ဖြတ်ပြီးပါက အနည်းဆုံး မီတာ (၃၃၀) အထိ မြှင့်တက်လာရမည်။

"ကြည့်ရတာတော့ ငါ့ရဲ့ ကံကြမ္မာမီးလျှံက မီတာ(၃၀၀) မှာ အကန့်အသတ်ပဲ ထင်တယ်"

လင်းဟွမ်သည် ထိုအချက်ကို အတည်ပြုပြီးနောက် သူ့ရည်ရွယ်ချက် ပြည့်စုံသွားပြီ ဖြစ်သောကြောင့် နောက်ထပ် ထပ်နေစရာ မလိုတော့ပေ။

"သွေးရဲရဲလေး.. သူတို့က ငါတို့ကို ဘယ်လို စောင့်ကြည့်သလဲဆိုတာ သိပြီလား.."

လင်းဟွမ်သည် မွန်းစတား အလောင်းများ ကောက်ယူနေစဉ် သွေးရဲရဲလေးနှင့် ကျိတ်ပြီး ဆက်သွယ်လိုက်သည်။

"ငါ့ရဲ့ မျှော့မျိုးစေ့တွေနဲ့ လှည့်ပတ် စုံစမ်းကြည့်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် အနီးအနားမှာ စောင့်ကြည့်နေတဲ့ အရာတွေ ဒါမှမဟုတ် စောင့်ကြည့်ရေး မွန်းစတားတွေ ရှာမတွေ့ခဲ့ဘူး"

သွေးရဲရဲလေးက ကူကယ်ရာမဲ့စွာ ပြန်ဖြေလိုက်သည်။

"သူတို့က ငါတို့ကို စောင့်ကြည့်ဖို့အတွက် ဖုံးအုပ်ထားတဲ့ ကာကွယ်ရေး ဒိုင်းကို အသုံးပြုနေတယ်လို့ သံသယ ဖြစ်မိတယ်။

ကာကွယ်ရေးဒိုင်းရဲ့ ဖုံးအုပ်ထားတဲ့ နေရာက သူတို့နိုင်တဲ့ နေရာပဲ ဖြစ်လိမ့်မယ်..”

လင်းဟွမ်က မိုးပေါ် မော့ကြည့်လိုက်သည်။

“ဒီလိုဆိုရင်တော့ အစောပိုင်းက ချမှတ်ထားတဲ့ အစီစဉ်အတိုင်း လုပ်လို့ မရတော့ဘူး”

လင်းဟွမ်က အလောင်းများ ကောက်ယူ၍ မပြီးဆုံးခင် အဘိုးအိုအသံက နောက်တစ်ကြိမ် ထွက်ပေါ်လာသည်။

"လူငယ်လေး။ မင်းရဲ့ ကပ်ပါးပိုးကောင်တွေက အင်မော်တယ်အဆင့် (၁) မွန်းစတားတွေကိုပဲ ထိန်းချုပ်နိုင်မယ့်ပုံပဲ။ အဆင့်(၄) အခက်အခဲကို တိုးမြှင့်လိုက်လို့ အင်မော်တယ် အဆင့် (၂) မွန်းစတားအကောင် (၁၀၀) ဆိုရင်တော့ မင်း ရှုံးတော့မှာပဲ။ ငါတော့ ဒီအဖြေကို တော်တော်လေး သိချင်နေပြီ.."

"စောက်ရူးအဖိုးကြီး.."

လင်းဟွမ်သည် ဤအဘိုးကြီးက သူ့ကို အရုပ်တစ်ခုကဲ့သို့ သဘော ထားနေသောကြောင့် ဒေါသပေါက်ကွဲပြီး အော်ဆဲလိုက်သည်။

"ရှောင်ဖိန် ငါက စတုတ္ထမြောက် လှိုင်းကို မကိုင်တွယ်နိုင်တော့ဘူး။ ဒီမွန်းစတား အလောင်း (၉၁) က မင်းရဲ့ သုတေသနအတွက် လုံလောက်ပြီလား။ ဒီလိုမှ မဟုတ်ရင်တော့ နောက်တစ်ခေါက် ပြန်လာရလိမ့်မယ်။ ဒီအရူး အဘိုးကြီးက ငါ့ကို သုတေသန လုပ်ဖို့အတွက် ဖမ်းသွားနိုင်တယ်။ ဒီမှာ ဆက်နေလို့ မရတော့ဘူး"

လင်းဟွမ်က ရှောင်ဖိန်ကို တိတ်တဆိတ် ဆက်သွယ်လိုက်သည်။

"ရပြီ.. လုံလောက်ပြီ.. မင်း မထွက်ခင် မွန်းစတားအလောင်းတွေ အကုန်လုံး သိမ်းခဲ့ဖို့ မမေ့နဲ့"

ရှောင်ဖိန်က ချက်ချင်း ပြန်ဖြေသည်။

"စုန်းမ ကပ်ပါးကောင်တွေ အားလုံးကို လွှတ်ပေးလိုက်"

လင်းဟွမ်က နောက်လှည့်ကြည့်ပြီး စုန်းမကို ညွှန်ကြားလိုက်သည်။ စုန်းမသည် လက်ကို ဝှေ့ယမ်း၍ အစီအရင် ဖွဲ့စည်းလိုက်ရာ မွန်းစတား အလောင်းများသည် တစ်ကောင်ပြီးတစ်ကောင် မြေပေါ် လဲကျသွားသည်။

လင်းဟွမ်က သိုလှောင်လက်စွပ်ထဲ ချက်ချင်း ကောက်ထည့်လိုက်သည်။

"ဘာလဲ.. အခု မင်း လက်လျှော့လိုက်ပြီလား.."

အဘိုးအိုက နောက်တစ်ကြိမ် ပြောလာသည်။ လင်းဟွမ် လုပ်ဆောင် နေသမျှကို စောင့်ကြည့်နေသည်မှာ အထင်အရှားပင်။

လင်းဟွမ်က ပခုံးတွန့်ပြ လိုက်ပြီး မိစ္ဆာသုံးကောင်နှင့်အတူ သွေးရဲရဲလေးကို ပြန်သိမ်းလိုက်သဖြင့် သူတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။

"မင်းက တကယ် ဉာဏ်ကောင်းတယ်။ ငါ့ရဲ့သုတေသနမှာ ပူးပေါင်း လုပ်ဆောင်ဖို့ စိတ်ဆန္ဒရှိရင် မင်းရဲ့အသိစိတ်ကိုပဲ ပြုပြင်မွမ်းမံပေးဖို့

စဉ်းစားထားတယ်။ မင်းကို ပိုပြီး အစွမ်းထက်တဲ့ လူတစ်ယောက် ဖြစ်လာအောင် ငါ လုပ်ပေးမယ်”

အဘိုးအိုသည် လင်းဟွမ်က လက်လျှော့၍ အရှုံးပေးလိုက်ပြီဟု ထင်နေသည်။

“ငါမင်းကို ဘယ်လို ခေါ်ရမှာလဲ”

လင်းဟွမ်က မိုးပေါ်မော့ကြည့်ပြီး မေးလိုက်သည်။

“မင်း ငါ့ကို ပါမောက္ခကျောင်းလို့ ခေါ်လို့ရတယ်”

အဘိုးအိုက သူ၏ အထောက်အထားကို မဖုံးကွယ်ထားပေ။

"ပါမောက္ခကျင်း။ ငါမင်းကို မှတ်ထားမယ်.."

လင်းဟွမ်က ရုတ်တရက် ပြုံးပြီး ကောင်းကင်ပေါ် လက်ညှိုးထိုးလိုက်သည်။ သူ့လက်ချောင်းထိပ်တွင် အဖြူရောင်အလင်းများ စုစည်းလာပြီး တောက်ပသည်ထက် ပို၍ တောက်ပလာသည်။

"တိုက်ခိုက်ဖို့ ကြိုးစားနေတုန်းလား"

ပါမောက္ခကျင်းက ခနဲ့တဲ့တဲ့ အော်ဟစ်လိုက်သည်။

စက္ကန့်ပိုင်းလေး အတွင်းမှာပင် အဖြူရောင်အလင်းများက လက်သီးဆုပ်အရွယ်အစားအထိ ကြီးမားလာသည်။ လင်းဟွမ်က လက်ညှိုးကို ပွတ်ဆွဲလိုက်ရာ မီတာအနည်းငယ်မြင့်သော ကောင်းကင်ပေါ်တွင် အဖြူရောင်အလင်းလုံးကြီး ပေါက်ကွဲသွားသည်။ တောက်ပသော အဖြူရောင်အလင်းများ ဖြာထွက်လာပြီး ကီလိုမီတာအနည်းငယ်အထိ ဖုံးလွှမ်းသွားသည်။

"စောက်ရူး အဘိုးကြီး။ ဒီနေ့ အဖြစ်အပျက်ကို ငါမှတ်ထားမယ်။ တစ်နေ့ ငါ ပြန်လာခဲ့မယ်။

အခုတော့ ငါ့မှာ လုပ်စရာတွေရှိသေးလို့ မင်းနဲ့ မကာစားတော့ဘူး။ တာ့တာ နှုတ်ဆက်ခဲ့ပါတယ်”

လင်းဟွမ်၏ အသံက အဖြူရောင် အလင်းများကြားမှ တိုးတိုးလေး ထွက်ပေါ်လာသည်။

ထို့နောက် လင်းဟွမ်သည် သူ့လက်ထဲမှကတ်ကို ချေမွလိုက်ရာ ခန္ဓာကိုယ်သည် အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားပြီး အခိုးအငွေ့အဖြစ် ပျောက်ကွယ်ကာ မြေကြီးထဲ စိမ့်ဝင်သွားသည်။

အဖြူရောင်အလင်းများ ပျောက်ကွယ်သွားသောအခါ ပါမောက္ခကျင်းသည် လင်းဟွမ်ကို ရှာမတွေ့တော့သဖြင့် ကြောင်သွားသည်။

"မရှိတော့ဘူး...."

ကျွန်းတစ်ခုလုံးရှိ စောင့်ကြည့်ရေးကင်မရာများကို စစ်ဆေးခဲ့သလို ဝန်ထမ်းများကိုလည်း နေရာအနှံ့ ဖြန့်ကျက်ခဲ့သည်။ သို့သော်လည်း နာရီဝက်ကျော်ကြာသွားသည့်တိုင်အောင် လင်းဟွမ်ကို မည်သည့်နေရာမှာမှ ရှာ မတွေ့တော့ပေ။

နောက်ဆုံးတွင် လင်းဟွမ် လွတ်မြောက်သွားသည်ကို လက်ခံခဲ့ပြီး ဒေါသ ပေါက်ကွဲနေသည်။

“မင်းတို့ ဘယ်လို လုပ်မလဲဆိုတာ ငါ စောက်ဂရုမစိုက်ဘူး။ ငါ့အတွက် အဲ့ဒီကောင်လေးကို ရအောင်ရှာခဲ့”

## အခန်း(၅၁၇) - အမာရွတ် အမှတ်အသား အလုပ်ရုံ။

ကျွန်းပေါ်တွင် ပါမောက္ခကျင်းက လူတိုင်းကို စေလွှတ်၍ လင်းဟွမ်အား လိုက်လံ ရှာဖွေခိုင်းနေသည့် အချိန်၌ လင်းဟွမ်က သူ့ကိုယ်သူ တစ္ဆေပုံစံ ပြောင်းလဲပြီး မြေအောက်ထဲ ငုပ်လျှိုးသွားသည်။ မြေအောက် အနက်ပိုင်းသို့ ရောက်သောအခါ ကျွန်းအလယ်တွင် အခေါင်းပေါက် တစ်ခု တွေ့လိုက်ရပြီး မြေအောက်ထဲတွင်

ပုန်းအောင်းနေသော မျိုးကွဲသက်ရှိ မွန်းစတားပေါင်းများစွာ ရှိနေသည်။ အံ့ဩဖို့ကောင်းသည်မှာ မြေမျက်နှာပြင်ပေါ်သို့ ဦးတည်နေသော အပေါက်တစ်ခု ရှိနေခြင်းပင်။

"ဒါဆိုရင် ငါ့ကို လာတိုက်ခိုက်တဲ့ မွန်းစတားတွေကို ဒီနေရာက လွှတ်လိုက်တာပေါ့"

လင်းဟွမ်သည် ယခင်က မွန်းစတားများ မည်သည့်နေရာမှ ထွက်လာလဲ ဆိုသည်ကို မသိသော်လည်း ယခုမူ အဖြေရသွားသည်။ ဤအခေါင်းပေါက်သည် မတူညီသော

မွန်းစတားများစွာ ရှိနေသည့် ကြီးမားသော နေရာတစ်ခုပင်။ ထိုနေရာတွင် အဖြူရောင်ကုတ်အင်္ကျီ ဝတ်ဆင်ထားသော ဝန်ထမ်းအချို့လည်း ရှိနေသည်။

အစပိုင်းတွင် လင်းဟွမ်သည် ချက်ချင်း ထွက်သွားချင်သော်လည်း ထိုမြင်ကွင်းကို မြင်သောအခါ ဓါတ်ပုံမရိုက်ဘဲ မနေနိုင်တော့ချေ။

"ဒီဝန်ထမ်းတွေ အကုန်လုံးက အဖြူရောင်ကုတ်အင်္ကျီ ဝတ်ထားတယ်။ ခရမ်းရောင် ကျီးကန်းဝတ်စုံ ဘယ်သူမှ မဝတ်ထားဘူး။ သူတို့က

ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းက မဟုတ်ဘူးလား”

လင်းဟွမ်သည် အကြမ်းဖြင်း လေ့လာပြီးနောက် ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်း၏ အခြေစိုက်စခန်း ဟုတ်၊မဟုတ် သံသယ ဝင်လာပြီး ဤနေရာတွင် အဖွဲ့အစည်း အမှတ်တံဆိပ်လည်း ရှာမတွေ့ခဲ့ပေ။

ပုံမှန် အခြေအနေဆိုပါက ဝန်ထမ်းများ၏ အဖြူရောင် ကုတ်အင်္ကျီပေါ်တွင် ခရမ်းရောင်ကျီးကန်း အမှတ်တံဆိပ်ကို တပ်ဆင်ထားသင့်သည်။ သို့သော်လည်း လင်းဟွမ်သည် သူတို့၏

အဝတ်အစားများပေါ်တွင် ခရမ်းရောင် ကျီးကန်း အမှတ်တံဆိပ်ကို ရှာ မတွေ့ခဲ့ပေ။ သာမန် ဆေးရုံတစ်ခုမှ ဆရာဝန်များနှင့် ပိုတူနေသည်။

သို့သော်လည်း လင်းဟွမ်သည် လက်ရှိ အခြေအနေကို ထည့်သွင်း စဉ်းစားပြီးနောက် ဤနေရာတွင် ဆက်မနေတော့ဘဲ ပိုနက်ရှိုင်းသော မြေအောက်ထဲ ငုပ်လျှိုးသွားသည်။

ဒီကျွန်းအောက်တွင် အထပ်ပေါင်း များစွာ ရှိနေကာ အထပ်တိုင်းတွင် အမျိုးမျိုးသော မွန်းစတားများ ရှိနေသည်။ လင်းဟွမ်သည်

မွန်းစတားအားလုံးကို ကြည့်ရင်း မူးနောက်နောက် ဖြစ်လာသည်။

"ဒီနေရာမှာ အင်မော်တယ် အဆင့်(၈)နဲ့ အဆင့်(၉) သတ္တဝါတွေတောင် ရှိနေတာလား"

ကျွန်းအောက်ပိုင်းကို ပိုရောက်လာသည်နှင့်အမျှ မွန်းစတားများက ပိုမို အားကောင်းလာကြသည်။ လင်းဟွမ်သည် ရာနှင့်ချီသော အင်မော်တယ် အဆင့်(၈) ၊ အဆင့် (၉) မွန်းစတားများကို မြင်လိုက်ပြီး မျက်လုံးသူငယ်အိမ်ပင် အနည်းငယ် တုန်ခါသွားသည်။

အင်ပါယာအဆင့် လူသား အနည်းငယ်ကသာ ဤမျှ အစွမ်းထက်သော မွန်းစတားများကို ထိန်းချုပ်နိုင်သည်။ ဒီမွန်းစတားများသည် (အေ) အဆင့် ဝပ်ကျင်းတစ်ခုကိုပင် အလွယ်တကူ ဖျက်ဆီးနိုင်သည်။ ဤကဲ့သို့ မွန်းစတားများကို သာမန်အဖွဲ့အစည်း တစ်ခုက လေ့ကျင့်ပေးရန် မဖြစ်နိုင်ပေ။

"တကယ်ပဲ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း မဟုတ်ဘူးလား"

လင်းဟွမ်သည် ထိပ်တန်း မြေအောက်အဖွဲ့အစည်း အချို့သာ ဤကဲ့သို့ လုပ်ဆောင်နိုင်လိမ့်မည်ဟု တွေးနေခဲ့သည်။ ခရမ်းရောင်ကြီးကန်း အဖွဲ့အစည်း မဟုတ်ပါက ခရမ်းရောင်ကြီးကန်း အဖွဲ့အစည်းကဲ့သို့ အင်အားတောင့်တင်းသော အခြား ထိပ်တန်း အဖွဲ့တစ်ဖွဲ့သာ ဖြစ်ရလိမ့်မည်။

လင်းဟွမ်သည် မနေနိုင်ဘဲ ခါတ်ပုံအချို့ ရိုက်လိုက်သည်။ အဖွဲ့အစည်း၏ လျှို့ဝှက်ချက်များကို ပိုမို မြင်လာရသည်နှင့်အမျှ ခပ်မြန်မြန်

ထွက်သွားသင့်ကြောင်း တွေးမိလာသည်။ ထို့နောက် ကျွန်းအောက်ခြေ အခေါင်းပေါက်မှတဆင့် သမုဒ္ဒရာထဲမှ ထွက်ခွာသွားသည်။

လင်းဟွမ်သည် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ရန် လုပ်လိုက်စဉ် သမုဒ္ဒရာအောက်ခြေမှ အဖြူရောင် အလင်းတစ်ခုကို တွေ့လိုက်ရသည်။ တစ်ချက် တွေဝေသွားပြီးနောက် သိချင်စိတ် ပေါ်လာသဖြင့် အလင်းထွက်ပေါ်လာသည့် နေရာကို ကူးခတ်သွားသည်။ တစ္ဆေအသွင် ပြောင်းလဲထားသောကြောင့် ရေဖိအား သို့မဟုတ်

အသက်ရှူခက်ခြင်း ကဲ့သို့ ကိစ္စများကို စိုးရိမ်စရာ မလိုပေ။ မကြာခင် မီတာရာနှင့်ချီ နက်သော နေရာအထိ ငုပ်လျှိုးလာပြီးနောက် အလင်းရောင်က ပိုမို တောက်ပလာသည်။

“ဒါ အခြေစိုက်စခန်းလား”

လင်းဟွမ်သည် ပင်လယ် ရေမျက်နှာပြင်အောင် မီတာ (၄၀၀) အထိ ငုပ်လျှိုးလာသောအခါ နောက်ဆုံးတွင် အလင်းရောင်၏ အရင်းအမြစ်ကို မြင်လိုက်ရသည်။ ဒါသည့် သမုဒ္ဒရာထဲမှ သီးခြား ခွဲထွက်ပြီး ထွင်းဖောက်မြင်ရသော ကာကွယ်ရေး

ဒိုင်းတစ်ခုနှင့် ဖုံးအုပ်ထားသော မြေအောက် အခြေစိုက် စခန်းကြီးတစ်ခုပင် ။

လင်းဟွမ်သည် ပူဖောင်းကဲ့သို့ ဖြစ်နေသော အလွှာကြီးကို ကြည့်ပြီးနောက် အစောပိုင်းက ကျွန်းကို ပိတ်ချထားခဲ့ခြင်းမှာ ဤအခြေစိုက်စခန်းမှ လူများ ကြိုးကိုင်ထားခြင်း ဖြစ်ကြောင်း ပြောနိုင်သည်။

အခြေစိုက်စခန်းကို သေသေချာချာ စိုက်ကြည့်ပြီးနောက် အနား မကပ်တော့ပေ။

ထိုနေရာတွင် စားပွဲတင် ဓါးနှင့် တူသော ထူးဆန်းသည့်တံဆိပ်တစ်ခုကို တွေ့လိုက်ရသည်။

"စားပွဲတင် ဓါးတစ်ချောင်းလား။ ဒါက ဘယ်အဖွဲ့အစည်းလဲ"

လင်းဟွမ်သည် ထိုတံဆိပ် အသုံးပြုသော မြေအောက်အဖွဲ့အစည်းကို စဉ်းစား၍ မရ ဖြစ်နေသည်။ ခရမ်းရောင်ကြီးကန်း အဖွဲ့အစည်း၏ လေ့ကျင့်ရေး စခန်းထဲတွင် လေ့လာခဲ့စဉ်က အဖွဲ့ခွဲ (၇) မြေအောက် အဖွဲ့အစည်းများ၏ တံဆိပ်

အများစုကို သင်ယူခဲ့ရသော်လည်း စားပွဲတင်ခါးတစ်ချောင်း တံဆိပ်ကို မမြင်ဖူးပေ။

ခါတ်ပုံနှစ်ပုံ ရိုက်ကူးခဲ့သော်လည်း အနီးကပ်တော့ မဟုတ်ပေ။ ယခုလက်ရှိတွင် တစ္ဆေပုံစံ ဖြစ်နေသော်လည်း ထိုနေရာ ပတ်ပတ်လည်တွင် ကာကွယ်ရေးဒိုင်း ရှိနေသောကြောင့် အခြေစိုက်စခန်းထဲ မဝင်နိုင်ချေ။ ခါတ်ပုံ ရိုက်ပြီးသည်နှင့် တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

လင်းဟွမ်သည် ကျွန်းနှင့် ဝေးသည့်နေရာကို ရောက်သောအခါ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ကာ ထွက်ခွာသွားသည်။

.......

ပင်လယ်အောက် ထိန်းချုပ်ရေး အခန်းထဲတွင် ဝန်ထမ်း တော်တော်များများ အလုပ်ရှုပ်နေကြသည်။ ငွေရောင်ဆံပင်နှင့် ပါမောက္ခကျင်းသည် ကျွန်းပေါ်တွင် လင်းဟွမ်ကို ရှာမတွေ့သဖြင့် စိတ်အခြေအနေ မကောင်းဘဲ စိတ်တိုနေသည်။

"ပါမောက္ခ.. ငါတို့တွေ ကျွန်းတစ်ခုလုံး လိုက်ရှာပြီးပြီ။ ဘယ်မှာမှ မတွေ့ဘူး။ ဖြစ်နိုင်တာက သူ လွတ်မြောက်သွားတာ ဖြစ်နိုင်တယ်.."

သူ့ဘေးတွင် ရှိနေသော လူလတ်ပိုင်း အမျိုးသားက ပြောလိုက်သည်။

"ဒါဘယ်လို ဖြစ်နိုင်မှာလဲ။ ကျွန်းကို ပိတ်ချထားတယ် မဟုတ်ဘူးလား။ သူက ဘယ်လို ပြေးနိုင်မှာလဲ"

ပါမောက္ခကျင်းက ထိုအချက်ကို လက်မခံနိုင်ပေ။

"ပိတ်လှောင်မှုထဲကနေ လွတ်မြောက်ဖို့ဆိုရင် အထွတ်အထိပ် ဓါတ်ကြွင်းကို သုံးရင်လည်း ဖြစ်နိုင်ပါတယ်။ အဲ့ဒါဆို မခက်ဘူး"

ထိုအမျိုးသားက တိုးတိုးလေး ရှင်းပြသည်။

"အထွတ်အထိပ် ဓါတ်ကြွင်းအပြင် သူ့မှာ မြေအောက် ငုပ်လျှိုးနိုင်တဲ့ ဒါမှမဟုတ် ထိုးဖောက်နိုင်တဲ့ စွမ်းအင်တစ်မျိုးမျိုး ရှိနေရင်လည်း မြေအောက်ထဲကနေ လွတ်မြောက် သွားနိုင်တယ်။ ကျွန်းက ကြီးလွန်းတော့ ပိတ်ချထားတဲ့ နေရာကလည်း အဓိကအားဖြင့်

ကျွန်းရဲ့အပေါ်ပိုင်းကိုပဲ ပိတ်ချထားလို့ရတယ်။ မြေကြီးအောက်တွေ မပါဘူး။ သူ ဘာပဲ သုံးခဲ့၊သုံးခဲ့ နာရီဝက်ကြာသွားပြီ ဆိုတော့ အချိန် အတိုင်းအတာအရ လွတ်မြောက်သွားဖို့ လုံလောက်နေပြီ..”

ထိုလူက ကူကယ်ရာမဲ့စွာ ခန့်မှန်း၍ ပြောဆိုလိုက်သည်။

“မင်းတို့ အားလုံး အသုံးကိုမကျဘူး”

ပါမောက္ခကျင်းသည် ထိုအမျိုးသား၏ စကားမှာ အမှန်သာဖြစ်ကြောင်း သိသွားပြီး ဒေါသ ပေါက်ကွဲသွားသည်။

"နောက်တစ်ခါ ဒီလိုမျိုးထပ်ဖြစ်ရင် မင်းတို့ကို မွန်းစတားစာ ကျွေးလိုက်မယ်။ ကောင်းကောင်း ကြည့်နေကြ"

ထိန်းချုပ်ရေး အခန်းထဲမှ ဝန်ထမ်းများသည် နောက်ကျောမှ ချွေးအေးများ စီးကျလာသည်။

"ဒီကောင်လေးက ဘယ်သူလဲဆိုတာ စုံစမ်းဖို့ မင်းမှာ (၂၄) နာရီ အချိန်ရမယ်"

ပါမောက္ခကျင်းသည် အော်ဟာစ် သောင်းကျန်းပြီးနောက် ထိန်းချုပ်ရေး အခန်းထဲမှ ထွက်ခွာသွားသည်။

.....

လင်းဟွမ်သည် သမုဒ္ဒရာထဲမှ လွတ်မြောက်သွားသည်နှင့် သိုင်းပညာမုဆိုး ကောလိပ်ကို ပြန်လာခဲ့သည်။ လွန်ခဲ့သော ရက်ပိုင်းက အမဲလိုက်နေသဖြင့် ဖုန်းဆက်ရန် အချိန် မရှိသဖြင့် မစ္စတာဖူးထံ တိုက်ရိုက် ဖုန်းခေါ်လိုက်သည်။

မစ္စတားဖူးကို ကျွန်းပေါ်က အဖြစ်အပျက်များအား ရှင်းပြပြီး ရိုက်ကူးခဲ့သည့် ဓါတ်ပုံများကို ပေးပို့လိုက်သည်။

"ဆရာ၊ ဒီ စားပွဲတင်ဓါး အမှတ်တံဆိပ်က ဘယ်အဖွဲ့အစည်းနဲ့ သက်ဆိုင်တာလဲ"

လင်းဟွမ်သည် မစ္စတာဖူး၏ လေသံအရ ထိုအဖွဲ့အစည်းအကြောင်းကို သိနေကြောင်း ပြောနိုင်သည်။

"ဘာ စားပွဲတင်ဓါးလဲ။ ဒါက ခွဲစိတ်ဓါးဟ"

မစ္စတာဖူးက ကျယ်လောင်စွာ ရယ်မောပြီး ရှင်းပြလိုက်သည်။

"ဒီအဖွဲ့အစည်းကို အမာရွတ် အမှတ်အသား အလုပ်ရုံလို့ ခေါ်တယ်။ အခုတော့ မဟုတ်ဘူး အနည်းဆုံး လွန်ခဲ့တဲ့ နှစ် နှစ်ရာလောက်က ခေါ်ခဲ့တာ။ အခုလက်ရှိ ဘယ်လိုခေါ်လဲဆိုတာ ငါလည်း မသေချာတော့ဘူး။ ဒီအဖွဲ့အစည်းကို တည်ထောင်ခဲ့တဲ့လူက အရှုး အဘိုးကြီး တစ်ယောက်ပါကွာ။ အရမ်း အစွမ်းထက်ပြီး ငါ့ပြိုင်ဘက် ဟောင်းတွေထဲက တစ်ယောက်ပဲ။ ငါ

သူ့ကို ပိုးဆိုးပက်စက် ရိုက်ခဲ့သေးတယ်။ ဒီလူကိုသေသွားပြီလို့ ထင်နေတာ ခုတော့ အသက်ရှင်နေသေးတဲ့ပုံပဲ”

“ပါမောက္ခကျင်းကို ပြောချင်တာလား”

လင်းဟွမ်က မေးလိုက်သည်။

“မဟုတ်ဘူး။ ပါမောက္ခကျင်းက သူ့တပည့်ပဲ။ သူ့မှာ တပည့်နှစ်ယောက် ရှိတယ်။ ပထမ တစ်ယောက်ကို ငါသတ်ခဲ့တယ်။ ပါမောက္ခကျင်းက ဒုတိယမြောက် တပည့်ပဲ။ နောက်ထပ် တပည့် အသစ်ရှိသေးလားဆိုတာ ငါလည်း မသေချာဘူး”

မစ္စတာဖူးက သိပ် အလေးမထားသည့် ပုံစံနှင့် ပြောလိုက်သည်။

“သူတို့တွေ ဘာလုပ်နေလဲဆိုတာ ငါ ဂရုမစိုက်ဘူး။ ဒါပေမယ့် မင်းကိုလည်း မထိရဲပါဘူး။ ဘာမှ စိုးရိမ်မနေနဲ့။ အထူးသဖြင့် ပါမောက္ခကျင်းပဲ။ မင်း ဘယ်သူလဲဆိုတာ သိသွားရင် မင်းကို ဘာမှ မလုပ်လိုက်မိတဲ့အတွက် ဝမ်းသာနေလိမ့်မယ်”

……

“မစ္စ… မစ္စတာဖူးရဲ့တပည့်လား….”

ပါမောက္ခကျင်းသည် မျက်နှာပြင်ပေါ်က လင်းဟွမ်၏ အသေးစိတ် အချက်လက်များကို ကြည့်ပြီးနောက် မျက်နှာဖြူသွားပြီး နှလုံးခုန်နှုန်းများ မြန်ဆန်လာသည်။ လူလတ်ပိုင်း အမျိုးအသားက မျက်နှာပြင်ကို ဆက်ပြီး စိုက်ကြည့်နေသဖြင့် ပါမောက္ခကျင်း၏ အမူအရာကို သတိမထားလိုက်မိချေ။

“ဒီ လင်းဟွမ်က သိုင်းပညာ မုဆိုးကောလိပ်မှာ အလုပ်လုပ်နေတယ်။ သူ့ကို ခေါ်လာဖို့အတွက် တစ်ယောက်ယောက် လွှတ်လိုက်ရမလား”

"ဒီမှာပဲ ရပ်လိုက်တော့။ လင်းဟွမ်ကို ဘယ်သူမှ မထိရဘူး"

ပါမောက္ခကျင်းသည် ထိုလူ၏ အဆိုပြုချက်ကို ကြားလိုက်လျှင် ဒေါသ ပေါက်ကွဲသွားပြီး အော်ဟစ်လိုက်သည်။

"အရင်က ငါပြောခဲ့တဲ့ စကားတွေကို မေ့လိုက်တော့။ ဘာမှ အရေးမကြီးတော့ဘူး။ အရေးအကြီးဆုံးက အခု ငါ ပြောမယ့်စကားတွေကို မှတ်ထားဖို့ပဲ။ လင်းဟွမ်က ဒီကို တစ်ခါမှ

မရောက်ဖူးဘူး။ ငါတို့နဲ့လည်း ပြဿနာ မဖြစ်ဖူးဘူး။"

ပါမောက္ခကျင်းက အခန်းထဲကို တင်းမာသော မျက်နှာ အမူအရာနှင့် လှည့်ပတ်ကြည့်ပြီး ပြောလိုက်သည်။

ဝန်ထမ်းများက လင်းဟွမ်၏ နာမည်ကို မှတ်ထားပြီး ကမန်းကတန်း ခေါင်းညိတ်ပြကြသည်။ ဒီကောင်လေးက ပါမောက္ခကျင်းကို အင်မတန် ကြောက်လန့်သွားအောင် ဘာတွေ လုပ်ခဲ့လဲ ဆိုသည်ကို သူတို့ နားမလည်ကြပေ။

ပါမောက္ခကျင်းသည် ထိန်းချုပ်ရေး အခန်းထဲမှ ထွက်သွားပြီးနောက် အိမ်သာထဲ တန်းသွားခဲ့သည်။ တံခါးပိတ်ပြီးနောက် နံရံကို ကျောမှီကာ ဖြည်းဖြည်းချင်း ထိုင်ချလိုက်သည်။ ခဏအကြာ တဆက်ဆက် တုန်နေသော လက်များနှင့် မျက်နှာ သစ်လိုက်သည်။ မျက်နှာပြင်ပေါ်မှာ နူးညံ့ ကြွင်နာတတ်သော ပုံစံရှိသည့် မစ္စတာဖူး၏ မျက်နှာကို မြင်လိုက်လျှင် ဘောင်းဘီထဲ သေးထွက်ကျမလို ဖြစ်သွားခဲ့သည်။ မစ္စတာဖူးက မည်မျှ ကြောက်စရာကောင်းလဲ ဆိုသည်ကို သူ မှတ်မိနေသေးသည်။

## အခန်း(၅၁၈) - အထူးကတ်များ။

အမာရွတ်အမှတ်အသား အလုပ်ရုံသည် ရှေးယခင်ကတည်းက တည်ထောင်ခဲ့သော အင်အားကြီး အဖွဲ့အစည်းတစ်ခုပင် ။ အစပိုင်းတွင် မျိုးရိုးဗီဇဆိုင်ရာ ဆေးရည်များကို စူးစမ်းရှာဖွေခဲ့ကြသည်။ သူတို့သည် အဓိကအားဖြင့် မျိုးရိုးဗီဇသုတေသန ပြုလုပ်ခဲ့ကြသော်လည်း မျိုးရိုးဗီဇပြုပြင်မွမ်းမံခြင်းနှင့် လူသားအတု ဖန်တီးခြင်းများကို လျှို့ဝှက်၍ လုပ်ဆောင်ခဲ့ကြသည်။

နောက်ပိုင်းတွင် ခေတ်သစ်ကို ရောက်လာသောအခါ ထိုအဖွဲ့အစည်းသည် မွန်းစတားအမျိုးမျိုးနှင့် ပတ်သက်၍ ပြုပြင် မွန်းမံမှုများကို စတင် လေ့လာခဲ့ကြသည်။ သူတို့ ပြုပြင်မွန်းမံထားသော မွန်းစတားများကို အထူးပြု မွန်းစတား လူသားများ ဖြစ်လာစေရန် မွန်းစတားများနှင့် လူသားများ၏ မျိုးရိုးဗီဇများကို ပေါင်းစပ်လာကြသည်။

အမာရွတ်အမှတ်အသား အလုပ်ရုံ ပိုင်ရှင် စီနန်သည် အစွမ်းထက်ရုံသာမက လူသားများ

ဆင့်ကဲတိုးတက်မှုဆိုင်ရာ ပါရမီရှင် သိပ္ပံပညာရှင် တစ်ယောက်လည်း ဖြစ်သည်။

ခေတ်သစ်ကို လူသားများနေထိုင်ရာ ကမ္ဘာဟု ခေါ်ဆိုကြသည်။ ပြုပြင်မွန်းမံရန် ငြင်းဆန်သည့် လူသားများသည် သမိုင်းထဲတွင် ကျရှုံး သွားကြလိမ့်မည်။

လင်းဟွမ်သည် မစ္စတာဖူး ထံမှ အမာရွတ်အမှတ်အသား အလုပ်ရုံနှင့် ပတ်သက်သော အခြေခံ အချက်အလက်များကို ရရှိခဲ့သည်။

မစ္စတာဖူးသည် ထိုအဖွဲ့အစည်း၏ ဌာနချုပ်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာခန့်က အဖွဲ့ခွဲ (၂)တွင် တည်ရှိခဲ့ကြောင်း သိခဲ့သော်လည်း ယခုအခါ၌ မည်သည့်နေရာတွင် ရှိနေလဲ ဆိုသည်ကို မသိတော့ပေ။ သို့သော်လည်း သူ့အတွက် ခြိမ်းခြောက်မှု မဟုတ်သောကြောင့် စိတ်ထဲမထားရန် လင်းဟွမ်ကို ပြောဆိုခဲ့သည်။

“အမာရွတ်အမှတ်အသား အလုပ်ရုံက မိစ္ဆာသုံးကောင်ကို ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းဆီ ရောင်းချလိုက်တာလား

ဒါမှမဟုတ် ပူးပေါင်း ဆောင်ရွက်ခဲ့တာလည်း ဖြစ်နိုင်တယ်”

လင်းဟွမ်က မစ္စတာဖူးကို ခန့်မှန်းပြီး ပြောပြလိုက်သည်။

အမာရွတ်အမှတ်အသား အလုပ်ရုံသည် လွန်ခဲ့သော နှစ်ပေါင်း ရာနှင့်ချီကတည်းက မြေအောက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ လုပ်ကိုင်သော ပြုပြင်မွန်းမံမှုများလည်း ရှိခဲ့သည်။

“ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက အမာရွတ်ခရိုင် အလုပ်ရုံဆီကနေ မွန်းစတားတွေကို

ဝယ်ယူခဲ့တာလည်း ဖြစ်နိုင်သလို အဖွဲ့အစည်းနှစ်ခု သူတို့အချင်းချင်း ပူးပေါင်း ဆောင်ရွက်တာလည်း ဖြစ်နိုင်တယ်”

လင်းဟွမ်သည် ပါမောက္ခကျင်းထံတွင် ပို၍ အစွမ်းထက်သော မွန်းစတားများစွာ ရှိနေသောကြောင့် မိစ္ဆာသုံးကောင်ကို မမှတ်မိခြင်းက ပုံမှန်သာ ဖြစ်သည်ဟု ယူဆလိုက်သည်။

လျှို့ဝှက်ဆန်းကြယ် လေလံပွဲတွင် လင်းဟွမ်သည် မိစ္ဆာသုံးကောင်ကို စတွေ့သောအခါ ကြောက်စရာကောင်းသော ပုံစံများနှင့် ပေါ်လာခဲ့ခြင်းပင် ။

သူတို့ကို ကတ်များအဖြစ် ပြောင်းလဲလိုက်သည့် အချိန်မှသာ သူတို့၏ နဂိုပုံစံဖြစ်သည့် မိစ္ဆာပုံစံကို ပြန်လည် ရရှိခဲ့သည်။ သို့သော်လည်း ရှောင်ဖိန်၏ စကားအရ သူတို့ထံတွင် မွန်းမံထားသော အချက်အလက်များ ကျန်ခဲ့သောကြောင့် သန္ဓေနှစ်ကြိမ်ပြောင်း ရွှေရောင်မီးလျှံအဆင့်သာ ဖြစ်သော်လည်း အင်မော်တယ်အဆင့် (၂) မွန်းစတားတစ်ကောင်ကို တိုက်ခိုက်ရန်အတွက် လုံးလောက်သော စွမ်းအားများ ရှိနေသည်။

လင်းဟွမ်သည် အမာရွတ်အမှတ်အသား အလုပ်ရုံက သူ့အတွက် ခြိမ်းခြောက်မှု မဟုတ်ကြောင်း သိပြီးနောက် စိတ်ထဲ မထားတော့ချေ။ သို့သော်လည်း ပါမောက္ခကျင်းက သူ့ကို အရုပ်တစ်ရုပ်ကဲ့သို့ သဘောထားပြီး ဂီလာနဝက် အဖြစ် ပြောင်းလဲချင်သည့် အကြောင်းကို ရှင်းရှင်းလင်းလင်း မှတ်မိ နေသေးသည်။

ယခုအချိန်၌ သူ့ထံတွင် တိုက်ခိုက်နိုင်သည့် အင်အား မရှိသေးသောကြောင့် ပါမောက္ခကျင်းကို

သွားရှာရန် စိတ်ကူးမရှိသေးပေ။ နောက်ပိုင်း ပိုမို အားကောင်းလာမည့် အချိန်မှသာ ပြန်သွားရမည်။

မစ္စတာဖူးသည် မကြာခင် စီနန်နှင့် စကားသွားပြောမည်ဟု ပြောခဲ့သော်လည်း အမာရွတ်အမှတ်အသား အလုပ်ရုံကို သင်ခန်းစာ တစ်ခု သွားပေးမှာ ထင်ရှားနေသည်။

လင်းဟွမ်သည် လွန်ခဲ့သောရက်ပိုင်းက ရရှိခဲ့သည့် ဆုလဒ်များကို စစ်ဆေးရင်း ထိုအဖြစ်အပျက်ကို မေ့ထားရန် ဆုံးဖြတ်လိုက်သည်။

"ဒီစစ်ဆင်ရေးကို စုစုပေါင်း လေးရက် အချိန် ယူခဲ့ရတယ်။ အခုဆိုရင် ငါ့ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ ကံကြမ္မာမီးလျှံ ဆယ်ခုကလည်း မီတာ (၃၀၀) အထိလောင်ကျွမ်းနေပြီ။ ဒါက သန္ဓေသုံးကြိမ်ပြောင်း မီးစာရဲ့ မီတာငါးဆယ် ကန့်သတ်ချက်ကို ကျော်သွားပြီ"

"ငါ့ဆီမှာလည်း မော်ကွန်းအဆင့် မွန်းစတားကတ် လေးကတ်၊ အနက်ရောင် မြွေနဂါးနှစ်ကောင်နဲ့ ခေါင်းသုံးလုံး မျောက်ဝံနှစ်ကောင် ရလိုက်သေးတယ်။ ဒါပေမယ့် ငါ့ရဲ့ လုပ်ပိုင်ခွင့်အာဏာက

ကန့်သတ်ထားလို့ ဒီမွန်းစတားလေးကောင်ရဲ့ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ်အဆင့် (၁) ဖြစ်နေရမယ့်အစား ရွှေရောင် မီးလျှံအဆင့်အထိ ဖိနှိပ်ခံထားရတယ်”

“ဘာပဲဖြစ်ဖြစ် အဓိကအချက်ကတော့ အဆင့်ကျော် သတ်ဖြတ်ခဲ့တဲ့ ဆုတွေပဲ”

လင်းဟွမ်၏ မျက်လုံးများ အရောင်တောက်ပလာသည်။

“ဟားဟား....ဟား....ကံစမ်းမဲကတ် (၃၀၀) ဟား.... ဟား.... ဟား....”

လင်းဟွမ်သည် အဖြူရောင် မီးလျှံအဆင့်ကို မရောက်ခင်က မွန်းစတားကတ်များ မပါဝင်ဘဲ လုပ်ဆောင်ချက် ကတ် (၁၀၀) ထက်နည်းပါးခဲ့သည်။ ဤတစ်ကြိမ် စစ်ဆင်ရေးတွင် ကံစမ်းမဲကတ် (၃၀၀)နှင့် ဒေါ်လာငါးသန်း ရရှိပြီး ထိပ်တန်း ကစားသမားတစ်ယောက် ဖြစ်လာသော လူဆိုးတစ်ယောက်နှင့်ပင် တူနေသေးသည်။

"ကတ် (၃၀၀) တဲ့ ဟီး... ဟီး... ဟီး"

လင်းဟွမ်သည် သူ့ဘာသာသူ တွေး၍ အူမြူးနေစဉ် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

“တစ်ကြိမ်တည်းနဲ့ ကံစမ်းမဲကတ် တစ်ရာ စုဆောင်းနိုင်ခဲ့တယ်။ ဒါကြောင့် လုပ်ဆောင်ချက် အသစ် အသက်သွင်းလိုက်ပြီ အစောပိုင်းက မင်းကို သတိမပေးခဲ့မိဘူး။ အခုပဲ ကံစမ်းမဲကတ်တွေကို မဲမနှိုက်ခင် လုပ်ဆောင်ချက်ကို ရှင်းပြမယ်”

“လုပ်ဆောင်ချက် အသစ်လား”

လင်းဟွမ် စိတ်လှုပ်ရှားသွားသည်။

"ပထမဦးဆုံး လုပ်ဆောင်ချက်က ကံစမ်းမဲကတ် (၁၀) ကတ်သုံးတိုင်း လိုချင်တဲ့ ကတ်တစ်ခု အတိအကျရမယ်။ လိုချင်တဲ့ ကတ်ထဲမှာ စွမ်းရည်ကတ်၊ အသုံးဆောင် ပစ္စည်းကတ်၊ လုပ်ဆောင်ချက်ကတ် ဘာမဆို ဖြစ်နိုင်တယ်။ မွန်းစတားကတ်လည်း ရနိုင်တယ် ဒါပေမယ့် အထူးကတ်တော့ မဟုတ်ဘူး"

"အထူးကတ် ဟုတ်လား"

လင်းဟွမ် စိတ်လှုပ်ရှားသွားသည်။

ရှောင်ဖိန် ဖော်ပြခဲ့သော ကတ်အမျိုးအစား လေးမျိုးနှင့် ပက်သက်၍ ရင်းနှီးကျွမ်းဝင်သော်လည်း အထူးကတ်အကြောင်းကိုမူ ယခုမှ ပထမဦးဆုံး အကြိမ် ကြားဖူးခြင်းပင်။

"အထူးကတ်ဆိုတာက အထွတ်အထိပ်ကတ်တွေ ဖြစ်တဲ့ လူသေတွေကို ပြန်လည်ရှင်သန်စေနိုင်တဲ့ ပြန်လည် နိုးကြားခြင်းကတ်၊ လူတစ်ယောက်ရဲ့ အလုံးစုံအန္တရာယ်ကို ခုခံ ကာကွယ်နိုင်တဲ့ ရှုံးနိမ့်ခြင်းမဲ့ကတ်၊ အချိန်တွေကို ရပ်တန့်နိုင်တဲ့ အချိန်ရပ်တန့်ကတ်တွေပဲ။ နောက်ပြီးတော့ မင်း

နောက်ဆုံးအကြိမ်က အသုံးပြုခဲ့တဲ့ ကမ္ဘာပေါ်က သက်ရှိတိုင်းကို လှည့်စားနိုင်တဲ့ လှည့်စားခြင်းကတ်ကလည်း အထူးကတ် တစ်ခုပဲ”

ဤကတ်များ၏ အကျိုးသက်ရောက်မှုက မယုံနိုင်လောက်အောင် ဆွဲဆောင်မှု ရှိလွန်းနေသဖြင့် လင်းဟွမ်တစ်ယောက် အံ့ဩမှင်တက်နေသည်။

“ဒုတိယ လုပ်ဆောင်ချက် အသစ်ကရော ဘယ်လိုလဲ”

ခဏအကြာ လင်းဟွမ်သည် နေ့ခင်းဘက် အိမ်မက်ထဲမှ ပြန်လည် ရုန်းထွက်လာပြီး ကမန်းကတန်း မေးလိုက်သည်။

"ဒုတိယမြောက် လုပ်ဆောင်ချက်အသစ်က အထူးကတ်တစ်ခုကို ရယူနိုင်တဲ့ စွမ်းရည်ပဲ။ ဒီလုပ်ဆောင်ချက်က မင်းက ကံစမ်းမဲကတ် တစ်ရာကို မဲနှိုက်လိုက်တာနဲ့ အထူးကတ်တစ်ခု ရမယ်။ မင်းရမယ့်ကတ်က ကျပန်းပဲ ဖြစ်လိမ့်မယ်။ ဒါနဲ့ ပက်သက်ရင် ငါလည်း ဘာမှမတတ်နိုင်ဘူး"

"ဒါဆိုရင် ငါ့ဆီမှာ ကံစမ်းမဲကတ် (၃၀၀) ပဲ ရှိတော့ အထူးကတ် (၃) ကတ်ပဲ ရမှာပေါ့"

လင်းဟွမ်သည် အထူးကတ်များ၏ အကျိုးသက်ရောက်မှုကို ကြားသိပြီးနောက် စိတ်ထဲ လောဘကြီးလာသော်လည်း ဆင်ခြင်တုံတရား ရှိနေဆဲပင်။

"ရှောင်ဖိန်၊ အခု ငါကကတ်တွေကို မဲနှိုက်ရင် အထူးကတ်တစ်ခု သေချာပေါက် ရမှာပေါ့ ဟုတ်တယ်မဟုတ်လား"

“ဟုတ်တယ် ဒါပေမယ့် ဖြစ်နိုင်ချေတော့ နည်းတယ်”

“ဒါဆိုရင် ပိုတိကျတဲ့ အချိုးရှိလား”

လင်းဟွမ်က မေးလိုက်သည်။

“မရှိဘူး ငါ ပြောချင်တာက မင်းကံကောင်းရင် ရမယ်။ ကံမကောင်းရင် ဖြစ်နိုင်ချေ သုညပဲ”

“ဒါဆိုရင် ငါ့ရုပ်ရည်အပေါ်မှာ မူတည်တာပေါ့”

လင်းဟွမ်သည် ရှောင်ဖိန်၏ အဖြေကို ကြားပြီးနောက် အပျော်များ ပျောက်ဆုံးသွားသည်။

ရုပ်ရည်ကိုမူတည်ပြီး ကစားရသော ဂိမ်းများကို အမြဲတမ်း မုန်းတီးသည်။ ဤကမ္ဘာသို့ ရောက်ပြီးနောက် ပိုပြီး ကံကောင်းသည်ဟု ထင်ခဲ့သော်လည်း နောက်ဆုံးအကြိမ် ကစားခဲ့သော (Master XX) ဂိမ်းကို ကစားခဲ့ရသကဲ့သို့ တုန်လှုပ်နေဆဲပင်။ ခဏအကြာ ဆုံးဖြတ်ချက် ချလိုက်သည်။

"မတွေးတော့ဘူးကွာ။ နောင်ခါလာ နောင်ခါစျေးပဲ။ အရေးပေါ်ကိစ္စအတွက် ကံစမ်းမဲကတ်

တစ်ရာ သိမ်းထားလိုက်မယ်။ ခြိမ်းခြောက်မှု တစ်ခုခု ကြုံလာရင် အနည်းဆုံးတော့ အားကိုးစရာ ရှိတာပေါ့”

လင်းဟွမ်သည် ဤကမ္ဘာကို ရောက်လာပြီးကတည်းက အမြဲတမ်း မလုံခြုံသလို ခံစားနေရသည်။ ထို့ကြောင့် သေသေချာချာ တွေးတောပြီးနောက် ကံစမ်းကတ် အားလုံးကို မဲမနှိုက်ရန် ဆုံးဖြတ်လိုက်သည်။

“ကဒ် နှစ်ရာလောက်ဆိုရင် မဲနှိုက်ဖို့ လုံလောက်ပါတယ်”

“ရှောင်ဖိန် ငါ့ကို ရွေးရမယ့်ကတ်တွေ ပြပါဦး”

လင်းဟွမ်က ရှောင်ဖိန်ကို ပြောလိုက်ရာ

“မင်းအတွက် ကတ် (၃,၆၀၀) ကို ကျပန်း ရွေးချယ်ပြီးပြီ။ ဒီကတ် (၃,၆၀၀) ထဲက ကတ် (၂၀၀)ကို ဆုအဖြစ် ရွေးချယ်လိုက်ပါ”

ရှောင်ဖိန်၏ စကားဆုံးသွားသည်နှင့် လင်းဟွမ်ကို ကတ်ပြား သမုဒ္ဒရာကြီး ဝန်းရံသွားသည်။ ကတ်များက သူ့ဘေးနားတွင် အရှုးအမူး လှည့်ပတ်နေကြ၏။

## အခန်း(၅၁၉) - ဆုလဒ်ကတ် (၂၀၀) လား။

ကတ်ပေါင်း (၃,၆၀၀) သည် ဘေးနားတွင် စက်ဝိုင်းကြီးတစ်ခုကဲ့သို့ လှည့်ပတ်၍ လေထဲတွင် လွင့်မျောနေသည်။ ကတ်အားလုံးသည် ပုံစံ အတူတူပင်။ ကတ်အလယ်တွင် ရွှေရောင်တောက်ပနေသော မေးခွန်း အမှတ်အသား တစ်ခုရှိပြီး ကျန်သည့်နေရာက အနက်ရောင် ဖြစ်သည်။

လင်းဟွမ်သည် သူ့ရုပ်ရည်အပေါ် မူတည်ပါက ဘာရမလဲ ဆိုသည်ကို သိနေသည်။ ဒါသည် ကျွမ်းကျင်မှု မလိုသလို လှည့်စားနိုင်မည့် နည်းလမ်းလည်း မရှိပေ။ သူ၏ဗီဇကိုသာ အားကိုး၍ ကတ်များကို ရွေးချယ်ရလိမ့်မည်။

လင်းဟွမ်သည် ကတ်အားလုံးကို တစ်ချက်ကြည့်ပြီးနောက် အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်သည်။ ထို့နောက် ကတ်များကို လက်ညှိုး ထိုးပြီး

“ဒီတစ်ခု…၊ ဒီတစ်ခု… ဒီတစ်ခု….”

သူ လက်ညှိုးထိုးလိုက်သော ကတ်အားလုံး မီးတောက် လောင်ကုန်သည်။ အနက်ရောင်များ မှိန်ဖျော့လာသည်နှင့်အမျှ ရွှေရောင်များ ထင်ရှား ပေါ်လွင်လာကာ ရွှေရောင်ကတ်များ ဖြစ်လာကြသည်။

နာရီဝက်ခန့်ကြာသောအခါ ကတ် (၂၀၀) ရွေးချယ်ပြီးခဲ့သည်။ မရွေးချယ်၍ ကျန်ခဲ့သော ကတ်ပေါင်း (၃,၄၀၀) သည် အလင်းစက်များအဖြစ် ပြိုကွဲ၍ ပျောက်ကွယ်သွားသည်။ လင်းဟွမ် ရွေးချယ်ခဲ့သော ကတ် (၂၀၀) ကို ဒေါင်လိုက်

(၁၀)တန်း၊ ကန့်လန့်ဖြတ် တန်း (၂၀) စီထားသည်။ ကတ်များပေါ်က မီးတောက်များ မှိန်ဖျော့သွားသောအခါ ကတ်အသစ်များ ထွက်ပေါ်လာသည်။

"ကတ်အသစ် (၂၀၀) ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒီကတ်တွေကို အောက်မှာ ဖော်ပြလိုက်ပါတယ်"

"ဉာဏ်အလင်းပွင့်ကတ် တစ်ကတ်"

"စွမ်းရည်ကတ် တစ်ကတ်"

“ချွင်းချက်မဲ့ကတ် နှစ်ကတ်”

“ချိတ်ပိတ်ကဒ် နှစ်ကတ်”

“ခိုးယူခြင်းကတ် နှစ်ကတ်”

“လုယက်ခြင်းကတ် သုံးကတ်”

“စိန်ခေါ်ကတ် သုံးကတ်”

“ပို့ဆောင်ရေးကတ် သုံးကတ်”

“ကံဆိုးမှုကတ် သုံးကတ်”

“ပုံတူပွားကတ် သုံးကတ်”

"ကိုယ်ပွားကတ် လေးကတ်"

"လှည့်စားခြင်းကတ် လေးကတ်"

"ပြန်လဲမွေးဖွားခြင်းကတ် ငါးကတ်"

"ရတနာကတ် ငါးကတ်"

"ထောင်ချောက်ကတ် ခြောက်ကတ်"

"တာဝန်ကတ် ခုနှစ်ကတ်"

"ချိန်နဲ့ကတ် ရှစ်ကတ်"

"ကုသရေးကတ် (၁၁) ကတ်"

"အသုံးအဆောင် ပစ္စည်းကတ် (၁၇) ကတ်"

"အဆင့်မြင့်ကတ် (၂၅) ကတ်"

"အချိန်အခန်းကတ် တစ်ကတ်"

"အလယ်အလတ် ဖျက်ဆီးရေးကတ် သုံးကတ်"

"စွမ်းရည်ပေါင်းစည်းခြင်းကတ် လေးကတ်"

"ယာယီဆင့်ခေါ်ခြင်းကတ် ငါးကတ်"

"ယာယီ အသွင်ပြောင်းကတ် ရှစ်ကတ်"

"စွမ်းရည် ထုတ်ယူခြင်းကတ် (၁၁) ကတ်"

"ဆုလဒ် နှစ်ဆကတ် (၁၂) ကတ်"

"မွန်းစတား အဆင့်မြင့်ကတ် (၁၆) ကတ်"

"တစ်ခါသုံး စွမ်းရည်ကတ် (၇) ကတ်"

"ယာယီတိုက်ခိုက်ရေး အဆင့်မြင့်ကတ် (၄) ကတ်"

"သွေးမျိုးဆက် သိပ်သည်းခြင်းကတ် (၇) ကတ်"

လင်းဟွမ်သည် သူ ရရှိခဲ့သော ကတ်များကို ကြည့်ပြီး စိတ်ကျေနပ်သွားသည်။ သူ့မှာ ရှိပြီးသားကတ်များ အပါအဝင် ယခင်က တစ်ခါမျှ

မမြင်ဖူးသော ကတ်အသစ်များလည်း ပါရှိသည်။ ကတ်များကို တစ်ကတ်ပြီး တစ်ကတ် ကြည့်လိုက်ကာ

"ခိုးယူခြင်းကတ်က ပစ်မှတ်ဆီကနေ စွမ်းရည်တစ်ခု ခိုးယူပြီး မင်းရဲ့စွမ်းရည်အဖြစ် ပြောင်းလဲလို့ ရတယ်။ လွတ်မြောက်ရေးကတ်ကတော့ အသက်သွင်းပြီးတာနဲ့ ကြုံတွေ့နေရတဲ့ အန္တရာယ်တွေကနေ လွတ်မြောက် စေနိုင်တယ်။ လုယူခြင်းကတ်ရဲ့ အကျိုး သက်ရောက်မှုကတော့ ပစ်မှတ်ဆီကနေ ဓါတ်ကြွင်းသုံးခုကို ခိုးယူနိုင်တယ်။

ကံဆိုးခြင်းကတ်က ပစ်မှတ်ထားတဲ့ ပစ်မှတ်ကို သုံးရက်ဆက်တိုက် ကံဆိုးစေလိမ့်မယ်။ အဲ့ဒီလူရဲ့ ကံကြမ္မာ လက်ဆောင်က အပျက်သဘော ဆောင်နေလိမ့်မယ်”

လင်းဟွမ်သည် ကတ်အသစ် တော်တော်များများက လက်တွေ့ အသုံး ဝင်လွန်းသောကြောင့် စိတ်လှုပ်ရှား ကျေနပ်နေသည်။

“အခု ငါ့ဆီမှာ အဆင့်မြင့်ကတ် လုံလောက်နေပြီ။ နောက်ဆုံးတော့ အာဏာရှင်နဲ့ ကိုင်လီတို့ကို ဒဏ္ဍာရီအဆင့်ကို မြှင့်တင်ပေးနိုင်ပြီ”

လင်းဟွမ်သည် အဆင့်တက်ကတ်များကို ကြည့်လိုက်သည်။ နဂိုကတည်းက အဆင့်တက်ကတ် ငါးကတ် ရှိနေသည်။ ယခုလက်ရှိ အသစ် ထပ်ရလာသော (၂၅) ကဒ်နှင့် ထပ်ပေါင်းလိုက်ပါက အဆင့်တက်ကတ် (၃၀) ရှိနေပြီ ဖြစ်သောကြောင့် စိတ်ပူစရာ မလိုတော့ချေ။

လင်းဟွမ်သည် ကတ်အားလုံးကို ကြည့်ပြီးနောက် မွန်းစတား အဆင့်မြှင့်ကတ်ကို ကြည့်လိုက်သည်။

"မွန်းစတား အဆင့်မြှင့်ကတ်ကို အသက်သွင်းပြီးတာနဲ့ သတ်မှတ်ထားတဲ့ မွန်းစတားက အဆင့်တစ်ခု အမြဲတမ်း မြင့်တက်သွားမယ်"

"မှတ်ချက် (၁) - အကန့်အသတ်မဲ့ ကတ်တွေကို တစ်ခါတည်း အသုံးပြုနိုင်တယ်"

"မှတ်ချက် (၂) - ကုန်ဆုံးနိုင်တဲ့ ကတ်ဖြစ်လို့ ကတ်ကို တစ်ကြိမ်ပဲ အသုံးပြုနိုင်တယ်။ အသုံးပြုပြီးတာနဲ့ ပျောက်ကွယ်သွားလိမ့်မယ်"

"ရှောင်ဖိန် အကန့်အသတ်မဲ့ကတ်ကို တစ်ခါတည်း အသုံးပြုနိုင်တယ်လို့ ပြောတော့ ငါ့မှာ ကတ် အလုံအလောက် ရှိရင် မွန်းစတားကတ်ကို အင်ပါယာအဆင့်ကနေ နတ်ဘုရား တစ်ပိုင်း အဆင့်အထိ မြှင့်တင်နိုင်တယ်လို့ ပြောချင်တာလား"

"ဟုတ်တယ် အကန့်အသတ်မဲ့လို့ ပြောတာက ကတ်ကို မင်းအသုံးပြုတဲ့အချိန်မှာ တစ်ခါတည်း ကြိုက်သလောက် သုံးလို့ရတယ်။ အရေအတွက် မကန့်သတ်ထားဘူး။ ဒါပေမယ့် မင်းရဲ့ တိုက်ခိုက်ရေးအဆင့်ကြောင့် ကန့်သတ်ခံရအုံးမှာပဲ"

"အခုလက်ရှိ မင်းက အဖြူရောင် မီးလျှံအဆင့်။ ဒါကြောင့် မင်းရဲ့ မွန်းစတားကို အများဆုံးမှ ရွှေရောင်မီးလျှံအဆင့်ထိပဲ မြှင့်တင်လို့ ရမယ်။ ဒါကြောင့် သူတို့အပေါ်မှာ မွန်းစတားအဆင့်မြှင့်ကတ် ထပ်သုံးလို့ မရဘူး"

"ဒါဆိုရင် ပိုင်နဲ့ချောကလက်လေးက ဘာဖြစ်လို့ အပြာရောင် မီးလျှံအဆင့်ပဲ ဖြစ်နေရတာလဲ"

လင်းဟွမ်သည် သူ့အား စိတ်ဒုက္ခပေးနေသည့် မေးခွန်းတစ်ခုကို ထုတ်မေးလိုက်သည်။

"ဒါက ခေါက်ချိုးညီ အဆင့်တက်မှုရဲ့ ဘေးထွက်ဆိုးကျိုးပဲ။ မင်း ငွေအဆင့်မှာ ရှိတုန်းက မင်းရဲ့လုပ်ပိုင်ခွင့် ကန့်သတ်ချက် ရွှေအဆင့် (၃)၊ မင်းရွှေအဆင့် ရောက်သွားတဲ့အချိန်မှာ မင်းရဲ့ ကန့်သတ်ချက်က ရွှေအဆင့်ကနေ အဖြူရောင် မီးလျှံအဆင့်အထိ တိုးလာတယ်။ ဒါပေမယ့် မင်းရဲ့ မွန်းစတားကတ်တွေကို ချိတ်မဖွင့်ရသေးလို့ မွန်းစတားကတ်တွေက ရွှေအဆင့် ပြည့်ဝအဆင့်မှာပဲ ရှိခဲ့တယ်။ အဲ့ဒီအချိန်မှာ ခေါက်ချိုးညီတဲ့ အဆင့်တက်မှု ကျရှုံးခဲ့တာပဲ"

"ပုံမှန်အားဖြင့်တော့ မင်းက ရွှေအဆင့် (၁) ရောက်တာနဲ့ မင်းရဲ့မွန်းစတားကတ်က အဖြူရောင် မီးလျှံအဆင့်မှာ ရှိနေရမယ်။ မင်းက ရွှေအဆင့်နှစ် ရောက်ရင် ကြက်သွေးရောင် မီးလျှံအဆင့်မှာ ရှိနေရမယ်။ ရွှေအဆင့်သုံးကို ရောက်ရင်တော့ အပြာရောင် မီးလျှံအဆင့်ကို ရောက်ရမယ်။ မင်းက ရွှေအဆင့် ပြည့်ဝအဆင့်ကိုရောက်ရင် ခရမ်းရောင် မီးလျှံအဆင့်ကို ရောက်နေရမယ်"

"ဒါပေမယ့် မင်း ရွှေအဆင့် (၃) ရောက်တဲ့အချိန်မှ မွန်းစတားကတ်တွေကို စပြီး ချိတ်ဖွင့်ခဲ့တယ်။

ဒါကြောင့် မင်း ရွှေအဆင့် (၃) ရှိတဲ့ အချိန်မှာ မင်းရဲ့မွန်းစတားကတ်တွေက အဖြူရောင် မီးလျှံအဆင့်မှာပဲ ရှိနေခဲ့တယ်။ အခုလက်ရှိ မင်းက အဖြူရောင် မီးလျှံအဆင့်ဆိုတော့ မင်းရဲ့ မွန်းစတားကတ်တွေက အပြာရောင် မီးလျှံအဆင့်မှာပဲ ရှိနေတယ်။ အမှန်တကယ်ဆို မင်းရဲ့ မွန်းစတားကတ်တွေက ရွှေရောင် မီးလျှံအဆင့်မှာ ရှိနေသင့်တာ”

“ဒါဆိုရင် မိစ္ဆာသုံးကောင်က ချိတ်ပိတ်တဲ့ အခြေအနေနဲ့ မကြုံတွေ့ရလို့ ခေါက်ချိုးညီတဲ့ အခြေအနေနဲ့ မကြုံရတာလား”

နောက်ဆုံးတွင် လင်းဟွမ်သည် ရှောင်ဖိန်၏ စည်းကမ်းချက်ကို နားထောင်ပြီးနောက် နားလည် သွားသည်။

“ဟုတ်တယ်”

“ဒါပေမယ့် အဆင့်မတူသလို မွန်းစတားကတ်တွေမှာလဲ မတူညီတဲ့ ကန့်သတ်ချက်တွေ ရှိတယ်။ မင်းရဲ့ ကိုယ်ပိုင်

တိုက်ခိုက်ရေးအဆင့်က အဖြူရောင်မီးလျှံအဆင့် ဆိုတော့ မင်းရဲ့ မွန်းစတားကတ်တွေက ရွှေရောင် မီးလျှံအဆင့်မှာ ရှိရမယ်။ ဒါပေမယ့် အင်မော်တယ်အဆင့်မှာတော့ မင်း အင်မော်တယ် အဆင့် (၁) ကိုရောက်ရင် မင်းရဲ့ မွန်းစတားတွေရဲ့ အဆင့်ကန့်သတ်ချက်က အင်မော်တယ် အဆင့် (၉) ပဲ”

“အခုလက်ရှိ မင်းရဲ့အဆင့်တက် အမြန်နှုန်းအရ မင်းက အင်မော်တယ်အဆင့် (၁) ရောက်ရင် မင်းရဲ့မွန်းစတားကတ် အများစုက အင်မော်တယ်

အဆင့်(၅) မှာပဲ ရှိလိမ့်မယ်။ သာမန်အခြေအနေမှာဆိုရင် မင်းမှာ မွန်းစတားအဆင့်မြှင့်ကတ် အလုံအလောက် ရှိနေရင် မင်းရဲ့ မွန်းစတားကတ်တွေကို အင်မော်တယ် အဆင့်ကိုးအထိ ရောက်အောင် မြှင့်တင်နိုင်တယ်"

"ငါ နားလည်ပြီ"

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။

ရှောင်ဖိန်၏ရှင်းပြမှုအရ သူ့ဆီတွင် မွန်းစတားအဆင့်မြင့်ကတ် အလုံအလောက်ရှိပါက သူက အင်မော်တယ်အဆင့်ကို ရောက်သည်နှင့် သူ့

မွန်းစတား အားလုံးကို အင်မော်တယ်အဆင့် (၉) အထိ မြှင့်တင်ပေးနိုင်သည်။

လင်းဟွမ်သည် ဖြစ်နိုင်ချေရှိသည့် ပေါက်ကွဲထွက်လာမည့် အလားအလာကို တွေးတောပြီးနောက် စိတ်လှုပ်ရှား လာသည်။ ကတ်အားလုံးကို သိမ်းယူပြီးသည့် အချိန်တွင် နေ့လည်ကျော်သွားခဲ့သည်။

"ဒီနေ့က အင်္ဂါနေ့ဆိုတော့ နောက်သုံးရက်ကြာရင် အတန်းရှိသေးတယ်။ မွန်းစတားကတ်တွေကို

ဒဏ္ဍာရီအဆင့် မြှင့်တင်ဖို့အတွက် ဒီသုံးရက်အတွင်း ဥက္ကာခဲ သဲကန္တာရကို သွားရမယ်”

## အခန်း(၅၂၀) - အုပ်စုလိုက် အဆင့်တက်ခြင်း။

လင်းဟွမ်သည် ဥက္ကာခဲ သဲကန္တာရထဲရှိ သီးခြား ဟင်းလင်းပြင်ထဲကို နေ့လည် တစ်နာရီမတိုင်ခင် ရောက်ရှိလာခဲ့သည်။ ဤနေရာသည် သန္ဓေသုံးကြိမ် ပြောင်းရန် လုံးဝလုံခြုံသည့် တစ်ခုတည်းသော နေရာဖြစ်ပြီး အစွမ်းထက်သည့် လူများ၊ မွန်းစတားများ၏ အာရုံစိုက်ခြင်းမှ ရှောင်ရှားနိုင်သည်။

ပိုင်၊ ချောကလက်လေး၊ အာဏာရှင်၊ သွေးရဲရဲလေး၊ ရုပ်ဆိုး၊ လန်စန်လော့၊ ကိုင်လီနှင့်

မျှော်လင့်ချက် အရိုးဝိညာဥ် စသည့် မွန်းစတား ရှစ်ကောင်ကို ဆင့်ခေါ်လိုက်သည်။

သွေးရဲရဲလေး မှလွဲ၍ ကျန်သည့် မွန်းစတားများသည် တိုက်ပွဲမရှိဘဲ သူတို့ကို ဆင့်ခေါ်လိုက်သဖြင့် အူကြောင်ကြောင် ဖြစ်နေကြသည်။

“မင်းတို့ရဲ့ အစွမ်းအစကို မြှင့်တင်ဖို့ ဆင့်ခေါ် လိုက်တာ။ ပထမဦးဆုံး မင်းရဲ့တိုက်ခိုက်ရေး အဆင့်ကို မြှင့်တင်ပေးမယ်။ မင်းတို့ အားလုံး

အပြာရောင် မီးလျှံအဆင့်ဆိုတော့ မင်းတို့ကို ရွှေရောင်မီးလျှံအဆင့်ထိ မြှင့်ပေးမယ်”

“အခုလောလောဆယ် ငါ့လက်ထဲမှာ မွန်းစတား အဆင့်မြှင့်ကတ် (၁၆) ကတ် ရှိတယ်။ ဒါတွေအားလုံး မင်းတို့အတွက် အသုံးပြုမှာ”

လင်းဟွမ်သည် သူ၏ မွန်းစတား အဆင့်မြှင့်ကတ် အားလုံးကို အသုံးပြုရသည့်အတွက် နှမြောစရာ ကောင်းသည်ဟု မထင်ပေ။ တိုက်ပွဲအတွက် မရည်ရွယ်ထားသော မိုးကြိုးကိုမူ ဖယ်ထားရန် ဆုံးဖြတ်လိုက်သည်။

“ရှောင်ဖိန်၊ မွန်းစတား အဆင့်မြှင့်ကတ် အားလုံး အသက်သွင်းလိုက်၊ တစ်ကောင်ကို နှစ်ကတ်နှုန်း အသုံးပြုမယ်”

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

“မွန်းစတား အဆင့်မြှင့်ကတ်ကို အသုံးပြုပြီးတော့ အပြာရောင် မီးလျှံအဆင့်ကနေ ရွှေရောင် မီးလျှံအဆင့်ကို တိုးမြှင့်ပေးမယ်။ ဒီနေရာမှာ မတ်တပ်ရပ်နေတဲ့ မွန်းစတား ရှစ်ကောင်အတွက် အသုံးပြုမှာ သေချာလား”

“သေချာတယ်”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"မွန်းစတား အဆင့်မြင့်ကတ် (၁၆) ကတ်ကို အသက်သွင်းပြီးသွားပြီ။ ပစ်မှတ် ရွေးချယ်ထားတဲ့ မွန်းစတားတွေကို အဆင့်မြှင့်တင် နေပါတယ်"

ရှောင်ဖိန် ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်နှင့် ပိုင်၊ ချောကလက်လေးတို့၏ အော်ရာများက သိသိသာသာ မြင့်တက်လာသည်။ စက္ကန့်အနည်းငယ် ကြာသောအခါ သူတို့သည် အပြာရောင် မီးလျှံအဆင့်မှ ခရမ်းရောင် မီးလျှံအဆင့်ကို မြင့်တက်လာကြပြီး နောက်ထပ်

စက္ကန့်အနည်းငယ် ထပ်ကြာသောအခါ ရွှေရောင်မီးလျှံအဆင့် အထိ မြင့်တက်သွားသည်။

ပြီးပြည့်စုံသော ရွှေရောင် မီးလျှံအဆင့်ကို ရောက်သွားသည့်အခါမှသာ သူတို့၏ အော်ဒါ မြင့်တက်နေခြင်းက ရပ်တန့်သွားသည်။ ဖြစ်စဉ်တစ်ခုလုံးသည် မိနစ်ဝက် အောက်သာ ကြာမြင့်ခဲ့၏။

သူတို့၏ တိုက်ခိုက်ရေးအဆင့်မှာ ယခုအခါ၌ ယခင် တိုက်ခိုက်ရေးအဆင့်ထက် အဆင့် (၂) ဆင့်

ပိုမြင့်နေကြောင်း သိလိုက်လျှင် မမျှော်လင့်ထားသဖြင့် အံ့အားသင့်နေကြသည်။

"ပိုင်၊ မင်းတို့ကောင်တွေက သန္ဓေသုံးကြိမ် ပြောင်းပြီးသွားပြီ။ အခုလောလော ဆယ်တော့ မင်းတို့ကို ပြန်သိမ်းထားအုံးမယ်။"

လင်းဟွမ်သည် သန္ဓေသုံးကြိမ် ပြောင်းထားပြီးသော မွန်းစတားလေးကောင်ကို ပြောလိုက်သည်။ ထို့နောက် ပိုင်၊ သွေးရဲရဲလေး၊ ချောကလက်လေးနှင့် ရုပ်ဆိုးတို့ကို ကတ်ပုံစံ ပြန်သိမ်းလိုက်သည်။ သူသည် တစ်ကြိမ်တည်းနှင့်

မွန်းစတား (၁၀) ကောင် တပြိုင်နက်တည်း ဆင့်ခေါ်နိုင်သည်ဟု ကန့်သတ်ချက်မရှိပါက ပိုင်နှင့်ကျန်သည့် မွန်းစတားများက စောင့်ကြည့်နေခြင်းကို စိတ်ထဲမထားပေ။

လင်းဟွမ်သည် ထိုမွန်းစတားများကို ပြန်သိမ်းပြီးနောက် မိစ္ဆာသုံးကောင်၊ အနက်ရောင်မြွေနဂါး (၂) ကောင်နှင့် ခေါင်းသုံးလုံး မျောက်ဝံတို့ကို ဆင့်ခေါ်လိုက်သည်။

အနက်ရောင် မြွေနဂါးများနှင့် ခေါင်းသုံးလုံး မျောက်ဝံတို့သည် ခန္ဓာကိုယ် အကောင်ကို ကျုံ့ထားကြသည်။

လင်းဟွမ်သည် သူ့ရှေ့တွင် ရပ်နေသော မွန်းစတား(၁၀) ကောင်ကို ကြည့်ပြီးနောက် ကျန်နေသေးသည့် နောက်ထပ် ခေါင်းသုံးလုံး မျောက်ဝံတစ်ကောင်ကို ထပ်မဆင့်ခေါ်တော့ပေ။

အမှန်တကယ်ဆို ခေါင်းသုံးလုံး မျောက်ဝံသည် ကတ်ပုံစံအဖြစ် ပြောင်းလဲပြီးသောအခါ ခေါင်းတစ်လုံးနှင့် လက်နှစ်ချောင်းသာ ရှိတော့သည်။

သို့သော်လည်း အခြား ခေါင်းနှစ်လုံးနှင့် လက်လေးချောင်းကို အလိုရှိပါက ဆန့်ထုတ် နိုင်သေးသည်။

"မွန်းစတား အဆင့်မြင့်ကတ်က ကတ် (၃၀) ပဲ ရှိတယ်။ အဲ့ဒါကြောင့် နောက်ဆုံးကျန်နေခဲ့တဲ့ ခေါင်းသုံးလုံး မျောက်ဝံတစ်ကောင်က ခဏ စောင့်ရအုံးမယ်"

လင်းဟွမ်က ဆင့်ခေါ်ထားသော မျောက်ဝံကို ကြည့်ပြီး တိုးတိုးလေး ပြောလိုက်ပြီး နောက်ထပ်

အချိန်မဆွဲတော့ဘဲ ရှောင်ဖိန်ကို ညွှန်ကြား လိုက်သည်။

"ရှောင်ဖိန် အဆင့်မြင့်ကတ် အသုံးပြုပြီး ဒီမွန်းစတား ဆယ်ကောင်ကို ဒဏ္ဍာရီအဆင့် မြှင့်တင်မယ်"

"ကြမ်းတမ်း ဓါးသခင်က လျှို့ဝှက်အခြေအနေ ဖြည့်ဆည်းပြီးရင် သန္ဓေသုံးကြိမ်ပြောင်းလဲမှု အောင်မြင်နိုင်တဲ့ အကြောင်း အသိပေးချင်တယ်။ သူ့အတွက် အဆင့်မြှင့်ကတ် အသုံးပြုမှာ သေချာလား"

လင်းဟွမ်သည် ရှောင်းဖိန်၏ အကြောင်းကြားချက်ကို ကြားသောအခါ လန်စန်လေ့ကို လှမ်းကြည့်လိုက်သည်။

"လန်စန်လေ့၊ ရှောင်ဖိန်က မင်းဆီမှာ ကိုယ့်ဘာသာကိုယ် သန္ဓေသုံးကြိမ် ပြောင်းနိုင်တဲ့ လျှို့ဝှက် စစ်ဆင်ရေးတစ်ခု ရှိတယ်လို့ပြောတယ်။ အဲ့ဒါကို လုပ်ချင်လား ဒါမှမဟုတ် အဆင့်မြှင့်ကတ် သုံးချင်လား"

လန်စန်လော့သည် ထိုမေးခွန်းကို ကြားသောအခါ မမျှော်လင့်ထားသဖြင့် အံ့အား သင့်သွားသော်လည်း ပြန်ဖြေလိုက်သည်။

"ကိုယ့်အားကိုယ်ကိုးရတာ ပိုကြိုက်တယ်"

"ကောင်းပြီ။ မင်းရဲ့ လျှို့ဝှက်အခြေအနေကို ဖြည့်ဆည်းပေးဖို့ ငါ အကောင်းဆုံး ကြိုးစားမယ်"

လင်းဟွမ်သည် လန်စန်လော့၏ ဆုံးဖြတ်ချက်ကို လေးစားသည်။ ထို့ကြောင့် လန်စန်လော့ကို ပြန်သိမ်းပြီး ဒုတိယမြောက် ခေါင်းသုံးလုံးမျောက်ဝံကို ဆင့်ခေါ်လိုက်၏။

ထို့နောက် ရှောင်ဖိန်ကို နောက်တစ်ကြိမ် ညွှန်ကြားလိုက်သည်။

“ရှောင်ဖိန်၊ သူတို့ကို ဂန္တဝင် အဆင့်ရောက်အောင် အဆင့်မြှင့်လိုက်”

ယခုတစ်ကြိမ်တွင် ရှောင်ဖိန်က ကန့်ကွက်ခြင်း မရှိတော့ပေ။

“ဆင့်ခေါ်ထားတဲ့ မွန်းစတား ဆယ်ကောင်ကို အဆင့်မြှင့်တင်နေပါတယ်၊ အဆင့်မြင့်ကတ် ကတ် (၃၀) အသုံးပြုမှာ သေချာလား”

"သေချာတယ်"

လင်းဟွမ်က နှစ်ခါပြန် မစဉ်းစားဘဲ ခေါင်းညိတ်လိုက်သည်။

"ကတ် (၃၀) ကို သုံးစွဲနေပြီး ပစ်မှတ်ထားတဲ့ မွန်းစတားကတ် (၁၀) ကတ်ကို အဆင့်မြှင့်တင်နေပါတယ်"

ကောင်းကင်ပေါ်မှာ အဖြူရောင် အလင်းတန်းများ ဖြာကျလာပြီး မွန်းစတားဆယ်ကောင်ကို လုံးဝ ဖုံးအုပ်သွားသည်။

မိနစ်အနည်းငယ် ကြာသောအခါ ကိုင်လီ၊ မျှော်လင့်ချက် အရိုးဝိညာဉ်၊ တမန်တော်မိစ္ဆာနှင့် စုန်းမတို့အပေါ် ဖြာကျနေသော အဖြူရောင် အလင်းများ မှေးမှိန်သွားသည်။

ယခုအခါ၌ ကိုင်လီ၏ ချပ်ဝတ်တန်ဆာသည် ခရမ်းရောင် လျှပ်စီးများ တဖျတ်ဖျတ် လက်နေသည်။ အထူးခြားဆုံး ပြောင်းလဲမှုမှာ သူမ၏ အပြာရောင်နှင့်အနီရောင် တစ်ဝက် ဖြစ်နေသော မျက်နှာဖုံးသည် ယခုအခါ မျက်နှာတစ်ဝက်သာ ဖုံးအုပ်ထားပြီး မျက်လုံးနှင့် နဖူးတို့အပေါ်တွင်

ထင်ရှားလာကာ သူမ၏ အပြာရောင် မျက်လုံးများသည် ကန်ရေကဲ့သို့ ကြည်လင်လာသည်။

မျှော်လင့်ချက် အရိုးဝိညာဉ်သည် ခါတိုင်းကဲ့သို့ အနီရောင် ခပ်ရင့်ရင့် ဝတ်စုံကို ဝတ်ဆင်ထားသော်လည်း သူ့ခေါင်းပေါ်ရှိ သရဖူသည် အနီရောင် မဟုတ်တော့ပေ။ ယခုအခါ၌ ရွှေရောင် ဖြစ်နေသည်။ သရဖူအလယ်တွင် အဖိုးတန် ပတ္တမြားကြီးတစ်လုံး ရှိနေပြီး အထူးခြားဆုံးမှာ ယခင်က သူ့မျက်လုံးသည် အညိုရောင်

ဖြစ်သော်လည်း ယခုအခါ အဖြူရောင် ဖြစ်နေခြင်းပင်။ သူ့မျက်လုံးများထဲ၌ မြူခိုးများ ဝေ့ဝဲနေပုံရသည်။

တမန်တော် မိစ္ဆာကမူ အများကြီး မပြောင်းလဲခဲ့ပေ။ မျက်နှာက အပြာရောင်မှ အစိမ်းရောင်သာ ပြောင်းလဲသွားခဲ့သည်။

ထိုအချိန်တွင် စုန်းမမှာမူ အထင်ရှားဆုံး အပြောင်းအလဲကို တွေ့ကြုံရပြီး အနက်ရောင် ချပ်ဝတ်တန်ဆာ မဝတ်ဆင် ထားတော့ပေ။ ချပ်ဝတ်တန်ဆာ နေရာတွင် အနက်ရောင်ဝတ်စုံနှင့် အစားထိုးခဲ့သည်။ သူမ၏အမြီးသည် နဂိုနေရာတွင်

မရှိတော့ချေ။ သူမခေါင်းပေါ်တွင် (၁၀) စင်တီမီတာ ခန့်သာရှည်သော ဦးချို သေးသေးလေး (၂) ချောင်းသာ ကျန်တော့သည်။ အကယ်၍ သူမ ခေါင်းပေါ်မှ ဦးချိုကြောင့်သာ မဟုတ်လျှင် လူသား တစ်ယောက်နှင့် ကွဲပြားမှုမရှိပေ။

သူတို့အားလုံးသည် သန္ဓေသုံးကြိမ် ပြောင်းလဲပြီး မော်ကွန်းအဆင့်မှ ဂန္ထဝင်အဆင့်ရောက်ရှိရန် မိနစ် အနည်းငယ်ခန့်သာ ကြာမြင့်ခဲ့သည်။ သို့သော်လည်း သူတို့၏ သွေးမျိုးဆက်မှာမူ တစုံတရာ ပြောင်းလဲခြင်း မရှိခဲ့ပေ။

အခြားတစ်ဖက်တွင် အာဏာရှင်၊ ယုတ်ညံ့မှင်စာမိစ္ဆာ၊ မြွေနဂါး နှစ်ကောင်နှင့် ခေါင်းသုံးလုံး မျောက်ဝံနှစ်ကောင်တို့သည် စွမ်းအင်ပိုးအိမ်လုံးထဲတွင် သီးခြားစီ ရစ်ပတ်နေကြသည်။

အာဏာရှင်ကို နှလုံးကဲ့သို့ ဖြစ်နေသော အနီရောင်တောက်ပသည့် ပိုးအိမ်က ဖုံးလွှမ်းထားသည်။ နေရာတိုင်းတွင် သွေးကြောများ ဖြာထွက်နေသလို အစင်းကြောင်းများ ရှိနေသည်။

ယုတ်ညံ့မှင်စာ မိစ္ဆာကို ပိတ်လှောင်ထားသော ပိုးအိမ်မှာမူ ချော်ရည်ကဲ့သို့ မီးများ တောက်လောင်နေသည်။ ပိုးအိမ်ထဲမှ အပူချိန်များ ပျံ့နှံ့ နေသည်။

အနက်ရောင် မြွေနဂါးနှစ်ကောင်ကို အနက်ရောင် အရည်ထုတ်ကြီး နှစ်ထုတ်ဖြင့် ထုတ်ပိုး ထားသကဲ့သို့ပင်။

ခေါင်းသုံးလုံး မြောက်ဝံနှစ်ကောင်ကိုမူ လုံးဝ ကွဲပြားခြားနားသော ပိုးအိမ်များဖြင့် ဖုံးလွှမ်းထားသည်။ တစ်ခုက အစိမ်းရောင်

ကျောက်တုံးကဲ့သို့ ဖြစ်နေပြီး နောက်တစ်ခုက အဖြူရောင်ကျောက်စိမ်းနှင့် တူသည်။

လင်းဟွမ်သည် ကောင်းကင်ပေါ်တွင် ဝဲပျံနေသော တလက်လက် တောက်ပနေသည့် ပိုးအိမ်များကို ကြည့်ပြီး အံ့အောသင့်နေသည်။ အာဏာရှင်၏ တတိယအကြိမ် သန္ဓေပြောင်းလဲမှု ဖြစ်စဉ်ကို မျှော်လင့် ထားသော်လည်း အနက်ရောင် မြွေနဂါးများနှင့် ခေါင်းသုံးလုံး မျောက်ဝံတို့ကိုမူ မမျှော်လင့်ထားပေ။

“ တိရိစ္ဆာန် ပုံစံနဲ့ မွန်းစတားတွေက သန္ဓေပြောင်းလဲတဲ့ အချိန်မှာ အဆင့်မြင့်တက်မှု အလွယ်တကူ ဖြစ်နိုင်တာလား”

လင်းဟွမ်က ရှောင်ဖိန်ကို တိုးတိုးလေး မေးလိုက်သည်။

“အမှန်ပဲ။ တိရစ္ဆာန်ပုံစံ မွန်းစတားတွေရဲ့ ဘိုးဘေးတွေက မျိုးပွားနိုင်စွမ်း ပိုအားကောင်းပြီး သူတို့ရဲ့ သွေးမျိုးဆက်ကို နောက်မျိုးဆက်ဆီ လွှဲပြောင်းပေးနိုင်ပြီး သွေးမျိုးဆက် အမွေဆက်ခံတဲ့ ဖြစ်နိုင်ချေက ပိုများတယ်”

“မြွေနဂါး နှစ်ကောင်နဲ့ ခေါင်းသုံးလုံး မျောက်ဝံနှစ်ကောင်ကို မင်း သတ်လိုက်တဲ့အချိန်မှာ ထပ်တူကျတဲ့ အချက်အလက်တွေ ထွက်လာတယ်။ အခုလောလောဆယ်တော့ မွန်းစတား လေးကောင်လုံး သန္ဓေပြောင်းလဲမှု ကြုံတွေ့ နေရတယ်။ မင်း ကံကောင်းတယ်လို့ပဲ ပြောရမယ်”

လင်းဟွမ်သည် သန္ဓေပြောင်းလဲမှုက အချိန်အနည်းငယ် ကြာမြင့်မည်ကို သိနေသောကြောင့် ခေတ္တမျှ စောင့်ကြည့်ပြီးနောက်

ကိုင်လီနှင့် ကျန်သည့်မွန်းစတားများ ဘက်ကို လှည့်ကြည့်လိုက်ပြီး

"ငါ့ဆီမှာ သွေးမျိုးဆက် မြှင့်တင်ပေးနိုင်တဲ့ ပြန်လည် မွေးဖွားခြင်းကတ်က ငါးကတ်ပဲရှိတယ်။ လန်စန်လော့အတွက် တစ်ခု၊ ရုပ်ဆိုးအတွက် တစ်ခု၊ သွေးရဲရဲလေးအတွက် တစ်ခု၊ ကိုင်လီအတွက်တစ်ခု ဖယ်ထားလိုက်မယ်ဆိုရင် နောက်ဆုံး တစ်ခုကို ဘယ်သူ့အတွက် သုံးရင်ကောင်းမလဲ....."

လင်းဟွမ်သည် မျှော်လင့်ချက် အရိုးဝိညာဉ်နှင့် စုန်းမတို့ကို လှမ်းကြည့်နေပြီး မဆုံးဖြတ်နိုင် ဖြစ်နေသည်။

## အခန်း(၅၂၁) - အနက်ရောင် ကျောက်တုံးကြီး၏ ထူးခြားသော လုပ်ဆောင်ချက်။

"ပြန်လည်မွေးဖွားခြင်း ကတ် - ဒီကတ်ကို အသက်သွင်းပြီးတာနဲ့ မွန်းစတားတွေက အစွမ်းထက်တဲ့ သွေးမျိုးဆက် ရနိုင်ခြေ များလာလိမ့်မယ်"

"မှတ်ချက် (၁) - မွန်းစတားကတ်ရဲ့ ရှားပါးမှု အဆင့်မြင့်တာနဲ့အမျှ အစွမ်းထက်တဲ့ မွန်းစတား သွေးမျိုးဆက် ရရှိနိုင်ချေ ပိုများတယ်"

"မှတ်ချက် (၂) မွန်းစတားရဲ့ ခန္ဓာကိုယ်ထဲမှာ ပါးလွှာတဲ့ သွေးမျိုးဆက် ဗီဇ အမှုန်အမွှားရှိရင် သွေးမျိုးဆက် နိုးထနိုင်ချေ ပိုများတယ်"

"မှတ်ချက် (၃) အရင်းအမြစ် မသိရတဲ့ မွန်းစတားအမျိုးအစား အသစ် ဖြစ်နေရင် သွေးမျိုးဆက် ရနိုင်ချေ နည်းပါးတယ်"

လင်းဟွမ်သည် ပြန်လည် မွေးဖွားခြင်းကတ်၏ အသုံးဝင်ပုံကို ဖတ်ကြည့်ပြီးနောက် စုန်းမကို စိုက်ကြည့်လိုက်သည်။ အတိအကျပြောရလျှင် ယခုအခါ၌ သူမသည် နတ်ဆိုးစုန်းမ ဖြစ်နေပြီ။

မျှော်လင့်ချက် အရိုးဝိညာဉ်၏ ဖိနှိပ်ခြင်း ချိန်းကြိုးသည် အစွမ်းထက်သော ထိန်းချုပ်မှု စွမ်းရည်ဖြစ်သော်လည်း ဤကတ်ကို အသုံးပြုလိုက်ချိန်တွင် ထိုစွမ်းရည်က ပိုအစွမ်းထက်လာမည် မဟုတ်ပေ။

အခြား တစ်ဖက်တွင်မူ နတ်ဆိုးစုန်းမ၏ ထိန်းချုပ်မှုစွမ်းရည်မှာ ပိုမို အားကောင်းလာနိုင်သည်။ ကတ်ကို အသုံးပြုခြင်းဖြင့် သူမ၏ စွမ်းရည်များကို ပိုမို မြှင့်တင်ပေးနိုင်လိမ့်မည်။ စွမ်းရည်များကို မည်မျှ မြှင့်တင်ပေးနိုင်မည်ကို

မသိသော်လည်း ထိန်းချုပ်နိုင်စွမ်းက အဆင့်တစ်ခုလုံး တိုးတက်လာစေနိုင်သည်။

လင်းဟွမ်သည် စေ့စေ့စပ်စပ် တွေးတောပြီးနောက် နောက်ဆုံး၌ ပြန်လည် မွေးဖွားခြင်းကတ်ကို နတ်ဆိုးစုန်းမ အပေါ်တွင် အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။ ပစ်မှတ်များကို အတည်ပြုပြီးနောက် မျှော်လင့်ချက် အရိုးဝိညာဉ်နှင့် တမန်တော် မိစ္ဆာတို့ကို ပြန်သိမ်းလိုက်သည်။ ထို့နောက် သူသည် ရုပ်ဆိုးနှင့် သွေးရဲရဲလေးတို့ကို ဆင့်ခေါ်လိုက်သည်။

ဘာကြောင့် ဆင့်ခေါ်လည်း ဆိုသည်ကို သွေးရဲရဲလေးက သိနေသည်။ ရုပ်ဆိုးသည့် အာဏာရှင်နှင့် ပိုးအိမ်များကို ကြည့်ပြီးနောက် ဘာတွေဖြစ်နေလဲ ဆိုသည်ကို မသေချာသော်လည်း အကြမ်းဖျင်း ခန့်မှန်းနိုင်သည်။

"ငါ့ လက်ထဲမှာ ပြန်လည်မွေးဖွားခြင်းကတ် ငါးကတ် ရှိတယ်။ မင်းတို့ရဲ့ သွေးမျိုးဆက်ကို မြှင့်တင်ပေးနိုင်တယ်။ လန်စန်လော့အတွက် တစ်ကတ် ဖယ်ထားလိုက်ရင် မင်းတို့အတွက် လေးကတ် ကျန်သေးတယ်"

လင်းဟွမ်က မွန်းစတားလေးကောင်ကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"သွေးမျိုးဆက် မြှင့်တင်နိုင်မလား၊ မနိုင်ဘူးလား ဆိုတာတော့ မင်းတို့အပေါ်မှာပဲ မူတည်တယ်"

သွေးရဲရဲလေးက တည်ငြိမ် နေသော်လည်း လင်းဟွမ်က ဘာလုပ်ချင်လဲ ဆိုသည်ကို ခန့်မှန်းနိုင်သည်။ နတ်ဆိုးစုန်းမကမူ အူကြောင်ကြောင် ဖြစ်နေပြီး ပြင်းပြသောစိတ်ဆန္ဒ လောဘတို့ဖြင့် စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ မျက်နှာအမူအရာ ပြောင်းလဲခြင်း မရှိသည့်

တစ်ဦးတည်းသောသူမှာ ကိုင်လီဖြစ်ပြီး လုံးဝ ဂရုမစိုက်ကြောင်း ထင်ရှားသည်။

"ဟိုလေ..... ဒီပြန်လည် မွေးဖွားခြင်းကတက်က ဘယ်လို အလုပ်လုပ်လဲဆိုတာ သိလို့ရမလား"

နတ်ဆိုးစုန်းမက ကျန်သည့် သုံးယောက်ကို ကြည့်ပြီးနောက် တစ်ချက် တုံ့ဆိုင်းသွားပြီး လက်မြှောက်ကာ တိုးတိုးလေး မေးလိုက်သဖြင့်

"နောက်ပိုင်း ငါ အချိန်ရရင် မင်းကိုရှင်းပြမယ်။ အခု ပြောနိုင်တဲ့ တစ်ခုတည်းသောအရာက မင်းရဲ့ သွေးမျိုးဆက်ကို မြှင့်တင်ပေးနိုင်တဲ့ ရတနာဆိုတာ

သေချာတယ်။ တစ်ရာ ရာခိုင်နှုန်း အာမခံချက်တော့ မရှိဘူး”

လင်းဟွမ်သည် ကတ်၏ သဘောတရားကို ရှင်းပြပြီးနောက်

“ကောင်းပြီလေ၊ မင်းတို့လေးယောက် ငါ့နောက် လိုက်ခဲ့ကြ။ သန္ဓေပြောင်းလဲနေတာကို အနှောက်အယှက် မပေးနဲ့”

ထို့နောက် လင်းဟွမ်သည် မွန်းစတား လေးကောင်ကို ခေါ်ဆောင်၍ နှစ်မီတာဝေးသည့် နေရာကို ထွက်သွားသည်။

“ဒီလောက် အကျွာအဝေးဆို လုံလောက်ပြီ။ ဖြစ်စဥ်ကို အနှောက်အယှက် မဖြစ်ရအောင် တစ်ယောက်နဲ့ တစ်ယောက် ခပ်ဝေးဝေး နေကြ”

မွန်းစတားလေးကောင် လူစုခွဲပြီးနောက် လင်းဟွမ်က ရှောင်ဖိန်ကို ညွှန်ကြားလိုက်သည်။

“ရှောင်ဖိန် ပြန်လည်မွေးဖွားခြင်းကတ် လေးကတ် အသုံးပြုမယ်”

“ဒီလေးကောင် အတွက် ပြန်လည် မွေးဖွားခြင်းကတ် အသုံးပြုမှာ သေချာလား”

"သေချာတယ်"

"သတ်မှတ်ထားတဲ့ မွန်းစတားတွေအပေါ်မှာ ပြန်လည်မွေးဖွားခြင်း ကတ်လေးကတ်ကို အသုံးပြုနေပါတယ်"

ထို့နောက် ကောင်းကင်ပေါ်မှ ရွှေရောင်အလင်းများ ဖြာကျလာပြီး မွန်းစတားလေးကောင်ကို ဖုံးအုပ်သွားသည်။

မကြာခင် သွေးရဲရဲလေးကို ဖုံးအုပ်နေသော အလင်းရောင်များ မှိန်ဖျော့သွားပြီး ကျန်သည့်

သုံးကောင်ကိုမူ အရောင်အသွေး အမျိုးမျိုးရှိသော ပိုးအိမ်များ ဖုံးလွှမ်းသွားသည်။

ကိုင်လီ၏ပိုးအိမ်သည် ရွှေရောင် မိုးကြိုးများနှင့် ပြုလုပ်ထားပြီး အန္တရာယ်များလှသည်။

နတ်ဆိုးစုန်းမ၏ ပိုးအိမ်သည် မတည်မငြိမ် ဖြစ်နေသကဲ့သို့ ဖြစ်နေသည့် အနက်ရောင် တိမ်တိုက်ကြီးပင် ။

ရုပ်ဆိုးလူရွှင်တော်၏ ပိုးအိမ်မှာ အရောင်အသွေး စုံလင်စွာ တောက်ပနေသည်။

"ပြန်လည် မွေးဖွားခြင်းကတ်က သွေးရဲရဲလေး အပေါ်မှာ မအောင်မြင်ဘူး"

သွေးရဲရဲလေးသည် ကျန်သည့် ပိုးအိမ်များကို ကြည့်ပြီးနောက် သူ မအောင်မြင်ကြောင်း သိသွားသည့်အတွက် လင်းဟွမ်ကို စိတ်ပျက် အားငယ်နေသာ မျက်လုံးနှင့် လှမ်းကြည့်လိုက်သည်။

"ဝမ်းမနည်းနဲ့၊ အလုပ်မဖြစ်တာ ပုံမှန်ပဲ"

လင်းဟွမ်က သွေးရဲရဲလေးကို လက်သီးနှင့် ခပ်ဖွဖွလေး ထိုးပြီး နှစ်သိမ့်လိုက်သည်။ ယခုအခါ၌

သွေးရဲရဲလေးသည် ဆွဲဆောင်မှုရှိသော ခရမ်းရောင် ဂျယ်လီလုံး တစ်လုံးကဲ့သို့ပင် ။

"အင်း...."

သွေးရဲရဲလေးသည် လင်းဟွမ် ဘေးနားတွင် လွင့်မျောနေပြီး သန္ဓေပြောင်းလဲနေသော မွန်းစတားများကို ကြည့်ရင်း စိတ်ပျက် ဝမ်းနည်းနေသည်။

ထိုစဉ် အနက်ရောင် အလင်းတန်းများက ကောင်းကင်ပေါ်မှ ဖြာကျလာပြီး သီးခြား နေရာလွတ်တစ်ခုလုံး တုန်ခါသွားသည်။

အနက်ရောင်အလင်းများက အရာအားလုံးကို သိမ်းပိုက်သွားသည်။ ကောင်းကင်တစ်ခုလုံး အနက်ရောင် ရေးဆိုးထားသလို ဖြစ်နေပြီး ခဏအကြာ ကောင်းကင်ကြီး တုန်ခါသွားသည်။

ထိုအနက်ရောင်အလင်းများသည် မေးမှိန်သွားရန် အချိန်အနည်းငယ် ယူခဲ့ရပြီး သီးခြားနေရာလွတ် တစ်ခု၌ တိမ်မည်းများ ပြည့်လျှံလာသည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် စတုရန်းကီလိုမီတာ သန်းပေါင်းများစွာကို ဖုံးလွှမ်းသွားပြီး လူကြီး

လက်သီးဆုပ်ထက် သေးငယ်သော မြူခိုးများက ဖုံးလွှမ်းလာသည်။

လင်းဟွမ်သည် မှောင်မဲနေသော ကောင်းကင်ကြီးကို သေသေချာချာ စိုက်ကြည့်နေသည်။ အဝေးတွင် အမည်းရောင်မြူခိုးများ ဖြစ်ပေါ်နေသဖြင့် သေသေချာချာ မမြင်နိုင်သော်လည်း ကြောက်စရာကောင်းသော အော်ရာများ ပျောက်ကွယ်သွားခြင်း မရှိကြောင်း ခံစားမိသည်။ ပို၍ ပို၍ ပြင်းထန်လာသည်။

မြူခိုးများသည် ဖြစ်ပေါ်လာပြီးနောက် ကောင်းကင်ပေါ်တွင် အချိန်အတော်ကြာအောင် တည်ရှိနေခဲ့သည်။ ပစ်မှတ်ကို ရွေးချယ်ပြီးသွားပုံရပြီးနောက် ထိတ်လန့် ကြောက်ရွံ့စရာကောင်းသော အရှိန်ဖြင့် ပစ်မှတ်ထံ ပျံသန်းသွားသည်။ ဦးတည်ရာသည် လင်းဟွမ်တို့ ရှိနေသောနေရာပင် ။

သိပ်မကြာခင် လင်းဟွမ်သည် သူတို့ထံကို အနက်ရောင် ဥက္ကာပျံကြီးတစ်ခုက ပျံသန်းလာကြောင်း မြင်လိုက်ရသည်။

မျက်မှောင်ကြုတ်သွားပြီး နက်မှောင်နေသော အလင်းတန်းကြီးကို စိုက်ကြည့်ကာ ခါးကို ဆွဲထုတ်လိုက်သည်။ မသိရသော အရာဝတ္ထုကြောင့် သူ့မွန်းစတားများ၏ အဆင့်မြင့်တက်မှုကို အနှောက်အယှက် အဖြစ် မခံနိုင်ပေ။

"မစိုးရိမ်နဲ့။ ဆိုးတာ ဘာမှမရှိဘူး"

ရှောင်ဖိန်က အေးအေးဆေးဆေး ပြောလိုက်သည်။

"အဲ့ဒါက ဘာလဲ"

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။ ရှောင်ဖိန်က သူ့ကို စိတ်မပူရန် ပြောခဲ့သော်လည်း ရှောင်ဖိန်၏အသံက မသေချာ မရေရာသောကြောင့် လင်းဟွမ်သည် စိတ်မအေးနိုင်သေးပေ။

"ဒီသီခြားနေရာလွတ်က အနက်ရောင် ကျောက်တုံးကို မှတ်မိသေးလား။ စွမ်းအင် အရင်းအမြစ် ကျောက်တုံးလေ။ အဲ့ဒါက ကိုင်လီဆီကို လာနေတာ။ သူမရဲ့ သန္ဓေပြောင်းလဲမှုကို အစပျိုးတာ ဖြစ်နိုင်တယ်"

"ဒါက ကောင်းတဲ့အရာ တစ်ခုခုလား"

လင်းဟွမ်က မေးလိုက်သည်။

“ဖြစ်နိုင်တယ်”

ရှောင်ဖိန်လည်း မသေချာသောကြောင့် လင်းဟွမ်သည် စိတ်မအေးနိုင်ချေ။

“စိတ်မပူနဲ့။ ကိုင်လီအပေါ်မှာပဲ မူတည်တယ်။ တစ်ခုခု မှားနေရင် ငါထိန်းချုပ်ဖို့ အကောင်းဆုံး ကြိုးစားမယ်”

ရှောင်ဖိန်သည် လင်းဟွမ်၏ စိုးရိမ်ပူပန်မှုကို ခံစားမိသည့်အတွက် ထပ်ပြောလိုက်သည်။

"ကောင်းပြီလေ....."

လင်းဟွမ်သည် ရှောင်ဖိန်၏ စကားကြောင့် သူ့တို့ထံ အရှိန်အဟုန် ပြင်းထန်စွာ တိုးဝင်လာသော ကျောက်တုံးကြီးကို စိုက်ကြည့်ရင်း ခါး ပြန်သိမ်းလိုက်သည်။

## အခန်း(၅၂၂) - အုပ်စုလိုက် အသွင်ပြောင်းခြင်း။

ကီလိုမီတာ ရာနှင့်ချီ ဝေးကွာသောနေရာမှ အနက်ရောင် အလင်းတန်းတစ်ခုသည် ဥက္ကာခဲ တစ်ခုအလား ပျံသန်းလာသည်။

လင်းဟွမ်သည် ရှောင်ဖိန်၏ စကားကြောင့် သတိလျှော့ချ လိုက်သည်။ စက္ကန့်ပိုင်းလေးအတွင်းမှာ အနက်ရောင်အလင်းတန်းသည် ကီလိုမီတာ ရာနှင့်ချီ ဖြတ်သန်း၍ ပျံသန်းသွားပြီး ကိုင်လီထံ ဦးတည်သွားသည်။

လင်းဟွမ်က ထိုအလင်းကို မျက်လုံးနှင့် မီးအောင် လိုက်မကြည့်နိုင်ခင် ကိုင်လီကို ဖုံးအုပ်ထားသော ရွှေရောင် ပိုးအိမ်ထဲသို့ ထိုးဖောက် ဝင်ရောက်သွားသည်။

ပိုးအိမ်၏ မျက်နှာပြင်သည် အနည်းငယ် တုန်ခါသွားပြီး ရွှေရောင်လျှပ်စီးကြောင်းများ ပိုမို တောက်ပလာသည်။ သို့သော်လည်း ပိုးအိမ်ထဲသို့ ရောက်သွားသောအခါ အနက်ရောင်အလင်း ဖြာထွက်မှုမှာ မှိန်ကျသွားသည်။ မူလက ရွှေရောင်ဖြစ်နေသော ပိုးအိမ်သည်

အနက်ရောင်ပြောင်းလာပြီး လုံးဝ အနက်ရောင် ဖြစ်သွားသည်။ အနက်ရောင် ဖြစ်သွားသော ပိုးအိမ်၏မျက်နှာပြင်ပေါ်တွင် အနက်ရောင် လျှပ်စီးကြောင်းများ တဖျတ်ဖျတ် လက်နေသည်။ ယခုအခါ ပိုးအိမ်သည် ယခင်ကထက် အဆပေါင်းများစွာ ပိုမို ကြီးမားလာ၏။

လင်းဟွမ်သည် ပိုးအိမ်၏ ထူးခြားသော အသွင်ပြောင်းလဲမှုကို မျက်တောင် တစ်ချက်မျှ မခတ်ဘဲ စိုက်ကြည့်နေသည်။ ပိုးအိမ်ပြောင်းလဲမှု

တည်ငြိမ် သွားပြီးနောက် ရှောင်ဖိန်ကို လှမ်းမေးလိုက်သည်။

“ကောင်းတဲ့ ပြောင်းလဲခြင်းလား။ ဒါမှမဟုတ် ဆိုးတဲ့ ပြောင်းလဲခြင်းလား”

“ဒါက ကောင်းမွန်တဲ့ အပြောင်းအလဲပါ။ အခု တည်ငြိမ်နေပြီ။ အစကတည်းက ဒီကျောက်တုံးကြောင့် သန္ဓေနှစ်ကြိမ် ပြောင်းခဲ့လိမ့်မယ်။ ကတ်ရဲ့ အခြေအနေကြောင့် သူမက အနက်ရောင်ကျောက်တုံးနဲ့ တရားဝင် ပေါင်းစပ်သွားပြီ”

လင်းဟွမ်သည် ကိုင်လီ အဆင်ပြေကြောင်း အတည်ပြုပြီး စိတ်အေးသွားသည်။ ထို့နောက် ရောင်စုံပိုးအိမ်များကို စိုက်ကြည့်ရင်း ထွက်ပေါ်လာမည့် မွန်းစတားများ၏ အသွင်ပြောင်းလဲမှုကို ကြိုတင်စိတ်ကူးကာ စိတ်လှုပ်ရှားနေသည်။ သူ့လက်ထဲတွင် ကျန်နေသည့် ကတ်များကို ကြည့်လိုက်သည်။

"လန်စန်လော့နဲ့ မိုးကြိုးတို့ပဲ မော်ကွန်းအဆင့်ကနေ အဆင့်မြှင့်ပေးဖို့ ကျန်တော့တယ်။ လန်စန်လော့ရဲ့

လျှို့ဝှက်အခြေအနေကို ဖြည့်ဆည်းပေးပြီး အဆင့်မြှင့်ပေးရမယ်။ ငါ့အတွက် အထောက်အပံ့ရအောင် မျှော်လင့်ချက် အရိုးဝိညာဉ်ကိုလည်း သွေးမျိုးဆက်ထိ မြှင့်တင်ပေးရမယ်။ မိုးကြိုးအတွက်ကတော့ အဆင့်မြင့်ကတ် နောက်တစ်ကြိမ် ပြန်စောင့်ရမှာပဲ”

မိုးကြိုးထဲသို့ ဖိနစ်သွေးစက် ထည့်သွင်းပေးပြီးနောက် ချိတ်ပွင့်လာရန် တစ်မိနစ်ခန့် စောင့်ခဲ့ရသည်။ ယခုအခါအတွင် ဖိနစ်ဌက် အဆင့်မဟုတ်သော်ငြားလည်း စွမ်းနေဆဲပင် ။

ကံဆိုးသည်မှာ လင်းဟွမ်က မိုးကြိုးကို စီးတော်ယာဥ်တစ်ခု အဖြစ်သာ သဘောထားသောကြောင့် မိုးကြိုး၏ အစွမ်းထက်သော စွမ်းရည်များကို လျစ်လျူရှုထားခဲ့သည်။ အကယ်၍ အနာဂတ်တွင် မိုးကြိုးသည် ဖိနစ်သွေးမျိုးဆက် အပြည့် သို့မဟုတ် အစွမ်းထက်သော ရှေးဦးမွန်းစတား တစ်ကောင်အဖြစ် ပြောင်းလဲသွားပါက လင်းဟွမ်က ပိုမိုတန်ဖိုး ထားလာပေလိမ့်မည်။

လင်းဟွမ်သည် ပိုင်၊ ချောကလက်နှင့် တစ်ဝက်တစ်ပျက် ချိတ်ပွင့်နေသော သတ်ဖြတ်သူ ပုံမှန်ခါးတို့ကို ကြည့်ပြီးနောက် ထိုနေရာမှ ထွက်သွားသည်။ သူ၏လုပ်ပိုင်ခွင့် အာဏာအရ ဆင့်ခေါ်နိုင်သည့် အများဆုံး အရေအတွက်ကို ဆင့်ခေါ်ခဲ့ထားခဲ့သည်။ ယခုအခါ၌ သူလုပ်နိုင်သည့် တစ်ခုတည်းသော အရာမှာ မွန်းစတားကိုးကောင်၏ သန္ဓေပြောင်းလဲမှုကို စိတ်ရှည်စွာ စောင့်ဆိုင်းနေခြင်းသာ ... ။

လင်းဟွမ်သည် အချိန်များ ကုန်ဆုံးလာအောင် တိတ်တဆိတ် စောင့်ဆိုင်းနေရင်း မြက်ပင်ကို ကောက်ချိုး၍ ဝါးကာ သွေးရဲရဲလေးကို ခေါင်းအုံးကဲ့သို့ ခေါင်းအုံးပြီး ကောင်းကင်ကို မော့ကြည့်၍ လဲလျောင်းနေခဲ့သည်။

ဒါသည် ဤလောကကြီးထဲ ရောက်ပြီးနောက် လုပ်စရာမရှိသည့် ပထမဦးဆုံး အကြိမ်ပင်။ လွန်ခဲ့သော (၂) နှစ်အတွင်း အချိန်အများစုကို လေ့ကျင့်ရင်း ကုန်ဆုံးခဲ့သည်။ အဖြစ်အပျက်များ

ပိုမိုများပြားလာသည်နှင့်အမျှ လင်းရှင်အတွက် ပေးနိုင်သောအချိန်လည်း ပိုမို နည်းပါးလာခဲ့သည်။

လင်းဟွမ်သည် ကောင်းကင်ပေါ်မှာ လွင့်မျောနေသော တိမ်များကို ကြည့်ရင်း အတွေးများ ပျံ့လွင့်နေသည်။

"တကယ်လို့ ငါ့မှာ ရွှေလက်ချောင်းစနစ် မရှိဘဲ ကံကြမ္မာစက်ဝိုင်းကလည်း ကောင်းနေခဲ့မယ်ဆိုရင် ငါက သာမန်လူတစ်ယောက်ပဲ ဖြစ်နေမှာ။ တခြားသူတွေရဲ့ အကာအကွယ် ပေးမှုအောက်မှာပဲ သာမန်ဘဝနဲ့ နေရလိမ့်မယ်။ ဒီကမ္ဘာကြီးထဲမှာ

(ဘီ)အဆင့် ဝပ်ကျင်းနှစ်ခုဖြစ်တဲ့ ဝါးမြို့နဲ့ ရှောင်ကွမ်မြို့လောက်ပဲ အများဆုံး ရောက်လိမ့်မယ်။ အခုလို ပြန်စဥ်းစား ကြည့်တော့လည်း လောဘတွေ၊ မောဟတွေနဲ့ ဖြတ်သန်းနေရတာ ပင်ပန်းသလိုပဲ။ ကံဆိုးတာက ဒီခရီး ထွက်လာပြီးကတည်းက ငါ့ ကံကြမ္မာက သတ်မှတ်ပြီးသား ဖြစ်နေတဲ့ပုံပဲ”

“အားကောင်းတဲ့ ရွှေလက်ချောင်းစနစ်ရယ်၊ ကျိုးပဲ့နေတဲ့ ကံကြမ္မာစက်ဝိုင်းရယ်.....ငါ မမြင်နိုင်တဲ့ တစ်ယောက်ယောက်က ငါ့ရဲ့ကံကြမ္မာကို အဝေးက ထိန်းချုပ်နေသလို ခံစားရတယ်။ ရန်လင်း ၊

ရှားပောင်၊ ချီမူရှုံး သူတို့အားလုံးကလည်း ငါ့လို ခရီးသွားတွေပဲ။ ဒီလောကြီးထဲမှာ ခရီးသွားတွေ ပိုရှိအုံးမယ်။ ငါတို့ ဒီမှာရှိနေရတာ ဘာအတွက်ကြောင့်လဲ"

လင်းဟွမ်သည် သူ့ဖြစ်တည်မှု အဓိပ္ပါယ်ကို တွေးတောနေရင်း ချီမူရှုံး၏ မှတ်ဉာဏ် အစိတ်အပိုင်း တစ်ခုကို ဖွင့်ထုတ်လိုက်သည်။

ထို့နောက် အကြောင်းအရာကို စိတ်ဝင်စားသွားပြီး ချက်ချင်း ကြည့်လိုက်သည်။ ဤကဲ့သို့ဖြင့် နာရီအနည်းငယ် ကုန်လွန်သွားခဲ့သည်။

ကောင်းကင်ပေါ်တွင် အလင်းရောင်များ မှိန်ဖျော့လာသောအခါ ပိုးအိမ်များ အက်ကွဲလာပြီး သန္ဓေကူးပြောင်းနေသည့် မွန်းစတားများ ထွက်ပေါ်လာသည်။ သို့သော်လည်း လင်းဟွမ်က အိပ်ပျော်နေသဖြင့် မနှောက်ယှက်တော့ဘဲ ဘေးတွင် ရပ်စောင့်နေကြသည်။

သုံးနာရီ ကြာသွားသည်။

ကိုင်လီမှလွဲ၍ ကျန်သည့် မွန်းစတား ရှစ်ကောင်သည် ပိုးအိမ်ထဲက ထွက်လာပြီး လင်းဟွမ်အနီးတွင် ရှိနေကြသည်။ အချို့က

ကိုင်လီ၏ ပိုးအိမ်ကို စိုက်ကြည့်ရင်း အတွေးထဲ နစ်မြောနေကြသည်။

လင်းဟွမ်ကမူ သန့်ရှင်းမီးလျှံအဆင့်သို့ ရောက်ပြီးနောက် ပထမဦးဆုံးအကြိမ် ချီမူရှုံး ထုတ်လွှတ်သော မှတ်ဉာဏ်များကို စုပ်ယူနေသဖြင့် ထိုအကြောင်းကို ဘာမှမသိပေ။ လင်းဟွမ်အတွက် အင်ပါယာအဆင့်အောက်က မှတ်ဉာဏ်ထဲမှ အကြောင်းရာ အားလုံးကို ဖွင့်ပေးထားသဖြင့် ထိုမှတ်ဉာဏ်များထဲတွင် နစ်မြောနေသည်။

နောက်ထပ် ခြောက်နာရီ ကြာသောအခါ လင်းဟွမ် ပြန်နိုးလာပြီး သူ့ပတ်ပတ်လည်တွင် မွန်းစတားများကို တွေ့လိုက်ရသဖြင့် အံ့အောသင့်သွားသည်။

ကိုင်လီ၏ ပိုးအိမ်မှာမူ အချိန်မရွေး ကွဲအက်တော့မည့် အရိပ်အယောင် မပြသေးပေ။

လင်းဟွမ်သည် သန္ဓေပြောင်းသွားသော မွန်းစတားများကို ကြည့်လိုက်သည်။

ယခုအခါ အာဏာရှင်သည် လူသား တစ်ယောက်နှင့် ပိုတူလာသည်။ ခန္ဓာကိုယ်

တစ်ခုလုံးကို ဖုံးကွယ်ထားသော ချပ်ဝတ်တန်ဆာ ပျောက်ကွယ်သွားပြီး မီးတောက်လောင်နေသော ချပ်ဝတ်တန်ဆာ တစ်ခုနှင့် အစားထိုးထားသည်။ ဆံပင်များက ကြက်သွေးရောင် သမ်းနေပြီး မျက်လုံးက အညိုရောင် ဖြစ်နေသည်။ နဂိုအတိုင်း ရှိနေသည့် တစ်ခုတည်းသော အရာမှာ ရှုပ်ပွနေသော မုတ်ဆိတ်မွေးများပင်။

ယခင်ကထက်စာလျှင် လူသားတစ်ယောက်နှင့် ပိုတူလာသော်လည်း အရပ်က (၂.၅)မီတာ

ကျော်သောလူထွားကြီး တစ်ယောက် ဖြစ်နေသေးသည်။

"ဘယ်လို သွေးမျိုးဆက်လဲ"

လင်းဟွမ်က မျှော်လင့်ချက် ကြီးမားစွာ မေးလိုက်သည်။

"ရှေးဦးကောင်းကင်ဘုံ ဘီလူးကြီး သွေးမျိုးဆက်"

အာဏာရှင်က သူ၏ သွေးမျိုးဆက်ကို ဂုဏ်ယူဝံ့ကြွားစွာ ထုတ်ဖော် ပြောဆိုလိုက်သည်။

လင်းဟွမ်သည် ကောင်းကင်ဘုံ ဘီလူးကြီး၏ သွေးမျိုးဆက်က မည်မျှ အစွမ်းထက်ကြောင်း မသိသော်လည်း ခေါင်းငြိမ့်ပြကာ ကျန်သည့် မွန်းစတားများကို ကြည့်လိုက်သည်။

ရုပ်ဆိုးကမူ အများကြီး မပြောင်းလဲပေ။ သူ့ခေါင်းပေါ်တွင် အဆင့်အတန်းမြင့်သော သရဖူနှင့် ဝတ်ရုံကို ဝတ်ဆင်ထားသည်။ ခါးထိရှည်လျားသော ဆံပင်များ ရှိနေပြီး လင်းဟွမ်းကို မေးနေသော မျက်လုံးနှင့် စိုက်ကြည့်နေကာ စပ်ဖြဲဖြဲ အမူအရာဖြင့် ပြုံးပြနေသည်။ တစ်ခုတည်းသော ကွာခြားချက်မှာ

သူ့မျက်နှာ တစ်ဝက်ကို ဖုံးအုပ်ထားသော ရွှေရောင်မျက်နှာဖုံး မရှိတော့သည့် အချက်ပင်။

“ရုပ်ဆိုး မင်းကရော ဘယ်လို သွေးမျိုးဆက်လဲ”

“သခင်၊ နာမည်အသစ် ပေးလို့မရဘူးလား။ ငါ့ကို ရုပ်ဆိုးလို့ခေါ်တာ မကြိုက်ဘူး”

ရုပ်ဆိုးက သူ့နာမည်ကို လက်မခံချင်ပေ။

သို့သော်လည်း လင်းဟွမ်က စကားတစ်ခွန်းမျှ မပြောဘဲ သူ့ကိုစိုက်ကြည့်နေသည်။

"လှည့်စားသူဆိုတဲ့ ဘွဲ့ နိုးထလာတယ်။ ဒါပေမယ့် ငါ့ သွေးမျိုးဆက်တော့ မနိုးလာဘူး"

"ဘွဲ့တစ်ခု ဟုတ်လား"

လင်းဟွမ်သည် မမျှော်လင့်ထားသဖြင့် အံ့အောသင့် သွားသော်လည်း အစောပိုင်းက ရှောင်ဖိန်ထံမှ ဘွဲ့များအကြောင်းကို ကြားသိထားသောကြောင့် နောက်ထပ် မမေးတော့ပေ။

"ဘွဲ့တစ်ခု နိုးထတာ ဖြစ်နိုင်တယ်"

ရှောင်ဖိန်က ရုပ်ဆိုး၏စကားကို ကြားပြီးနောက် အတည်ပြုလိုက်သည်။

လင်းဟွမ်က နတ်ဆိုးစုန်းမကို လှမ်းကြည့်လိုက်သည်။ သူမ ခေါင်းပေါ်မှ ဦးချိုနှစ်ချောင်း ပျောက်သွားသည်။ အသားအရေက ယခင်ကထက် ပိုဖြူ လာသည်။ အနက်ရောင်ဆံပင်များက ပိုရှည်လာပြီး အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူသား အမျိုးသမီးတစ်ယောက်နှင့် ပို တူနေသည်။

"ရှေးဦးစုန်း သွေးမျိုးဆက် နိုးထလာတယ်"

နတ်ဆိုးစုန်းမက လင်းဟွမ်နှင့် မျက်နှာချင်းဆိုံအောင်ကြည့်ပြီး ပြောလိုက်သည်။

လင်းဟွမ်က သူမကို ခေါင်းငြိမ့်ပြပြီး ယုတ်ညံ့မှင်စာမိစ္ဆာကို ကြည့်လိုက်သည်။ ၎င်းနောက်ကျောတွင် လင်းနို့ တောင်ပံတစ်စုံနှင့် အနက်ရောင် အမြီးတစ်ချောင်း ရှိသည်။

"ငါက ငရဲမှင်စာ အဆင့် တက်သွားတယ်"

ငရဲမှင်စာက အမူအရာကင်းမဲ့စွာ ထုတ်ဖော်ပြောဆိုလိုက်သည်။

ထို့နောက် လင်းဟွမ်သည် ကျန်တဲ့မြွေကြီးနှစ်ကောင်နှင့် မျောက်ဝံများကို ကြည့်လိုက်သည်။ သူတို့၏အရပ်သည် ယခင်ကထက် အများကြီး သေးငယ်သွားသော်လည်း မြွေကြီး နှစ်ကောင်ကမူ အနက်ရောင် ရှိနေသေးသည်။ သို့သော်လည်း ယခုအခါ၌ သုံးမီတာပင် မရှည်တော့ချေ။ သွေးရောင် မျက်လုံးလေးလုံးသည် ယခုအခါ၌ နှစ်လုံးအထိ ကျဆင်းသွားပြီး

ခေါင်းပေါ်တွင် တပ်ဆင်ထားသော အဖိုးတန် ကျောက်စိမ်းနှစ်တုံးနှင့် တူနေသည်။ ဝမ်းဗိုက်မှာ ယခင်ကနှင့် မတူဘဲ အဖြူရောင် အရစ်များ ရှိနေသည်။

“ငါတို့က အမျောင် ကောင်းကင်ဘုံမြွေ သွေးမျိုးဆက် နိုးထလာတယ်”

မြွေနှစ်ကောင်က တပြိုင်နက် ပြောလိုက်သည်။

လင်းဟွမ်က ခေါင်းငြိမ့်ပြပြီး နောက်ဆုံး ကျန်သည့်မျောက်ဝံနှစ်ကောင်ကို ကြည့်လိုက်သည်။ သူတို့၏ အကြေးခွံများက ယခုအခါ၌

လုံးဝပြောင်းလဲသွားပြီး အမွေးများ ဖြစ်လာသည်။ နှစ်ကောင်ထဲမှ တစ်ကောင်သည် ရွှေရောင် ချပ်ဝတ်တန်ဆာ ရှိနေပြီး ရွှေရောင်အမွေးများ ရှိနေကာ နောက်တစ်ကောင်မှာမူ ခန္ဓာကိုယ် တစ်ခုလုံးကို အဖြူရောင်မီးလျှံများ ဖုံးလွှမ်းနေပုံပင်။ ဒီနှစ်ကောင်၏ အသွင်ကူးပြောင်းမှုသည် မတူညီသော လမ်းကြောင်းများပေါ် ရောက်ရှိသွားသည်မှာ ထင်ရှားနေသည်။

"ငါက ရေးဦး ဆန်းကြယ် မျောက်ဝံသွေးမျိုးဆက် နိုးထလာတယ်"

ရွှေရောင်အမွေးနှင့် မျောက်ဝံက ပြောလိုက်သည်။

"ငါက ရှေးဦး ရေခဲမီးလျှံ မျောက်ဝံသွေးမျိုးဆက် နိုးထလာတယ်"

အဖြူရောင် မျောက်ဝံက ပြောလိုက်သည်။

ကိုင်လီနှင့် သွေးရဲရဲလေးတို့မှလွဲ၍ ကျန်သည့် မွန်းစတားရှစ်ကောင်သည် အသွင်ပြောင်းသွားကြပြီး အများစုမှာ အစွမ်းထက်သော သွေးမျိုးဆက်များ နိုးထလာခဲ့ကြသည်။

လင်းဟွမ်သည် သွေးရဲရဲလေး အပါအဝင် မွန်းစတားအားလုံးကို ကတ်ပုံစံ ပြန်ပြောင်းလိုက်ပြီး ပိုးအိမ်ထဲတွင် ရှိနေဆဲဖြစ်သော ကိုင်လီကို လှမ်းကြည့်လိုက်သည်။

"ရှောင်ဖိန်၊ ကိုင်လီ ပိုးအိမ်ထဲက ထွက်လာဖို့ ဘယ်လောက်ကြာအုံးမလဲ"

"တိုးတက်မှု ဖြစ်စဥ်ကို ကြည့်ရတာတော့ သုံးရက်လောက် ကြာအုံးမယ်"

"သုံးရက်လား၊ သောကြာနေ့မှာ အတန်း ရှိသေးတယ်"

လင်းဟွမ်သည် အင်္ဂါနေ့ ဖြစ်သဖြင့် အချိန်လုံလောက်မည်ဟု တွေးထား ခဲ့သော်လည်း ကိုင်လီက ဤကဲ့သို့ ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"မထူးပါဘူးကွာ။ သောကြာနေ့အထိ စောင့်လိုက်မယ်။ တကယ်လို့ အချိန်မမှီဘူးဆိုရင် ပိုင်နဲ့ တခြားလူတွေကိုပဲ စောင့်ကြည့် ခိုင်းထားလိုက်မယ်။ အတန်းပြီးမှပဲ ပြန်လာတော့မယ်"